မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၂၀၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

၂၀၁၃ ခုနှစ်၊ မေ ၂၉ ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပပုံ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၃၀ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့ရုပ်မြင်သံကြားမှ အဆိုပါ အခမ်းအနားကျင်းပပုံများကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိသူများအား ဂုဏ်ပြုချီးမြှင့်သည့် ညစာစားပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်သည့် အစီအစဉ်များကို ည ၈ နာရီ သတင်းများအပြီးတွင် ထုတ်လွှင့်မည်ဖြစ်ကြောင်း မြန်မာ့ရုပ်မြင်သံကြားမှ သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ကဏ္ဍများနှင့် အခွင့်အလမ်းများစွာရှိ လာရောက်ရင်းနှီးမြှုပ်နှံပါက ကူညီဆောင်ရွက်ပေးသွားမည်

နေပြည်တော် မေ ၂၈

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Kang Chang- hee ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အဖွဲ့ဝင်များနှင့်အတူ မေ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံသမ္မတ H.E. Ms. Park Geum Hye နှင့် သမ္မတအိမ်တော် (Blue House)၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကိုရီးယားသမ္မတနိုင်ငံသမ္မတက အဆွေတော် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အထူးသဖြင့် အဆွေတော်တို့သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အရေးပါသောနေရာမှ ဆောင်ရွက်နေသည့်အတွက် ဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်မှတစ်ဆင့် မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေမည်ဟု ယူဆပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်သမ္မတကြီး၏ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်ခြင်းအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ အဆွေတော်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားခေါင်းဆောင်၏ သမီးဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ ပထမဦးဆုံးအမျိုးသမီးသမ္မတဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ စာမျက်နှာ ၈ ကော်လံ ၁ ◆

■ အနာဂတ်ကာလတွင် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေး အပြန်အလှန် ဆက်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်။

■ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ H.E. Ms. Park Geum Hye တို့ သမ္မတအိမ်တော်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း နှစ်စဉ်ဓာတ်အားသုံးစွဲမှု ၁၅ ရာခိုင်နှုန်းတိုးတက်လျက်ရှိ

ပထမအဆင့်(၄၁)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ။

ရန်ကုန် မေ ၂၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ(၂၀)၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ (၁၀)ရုံ၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ(၁)ရုံတို့အား စက်တပ်ဆင်အင်အား (၃၁၃၅)မဂ္ဂါဝပ်ဖြင့်အခြေခံ၍ ဓာတ်အားဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေသော်လည်း နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ ဓာတ်အားလိုအပ်ချက်မှာ နှစ်စဉ်တိုးတက်လိုအပ်လျက်ရှိသည်။ တိုးတက်လိုအပ်လာနေသော လျှပ်စစ်ဓာတ်အားကိုဖြည့်ဆည်းပေးရန်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည်နှင့်အညီ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံကိန်းအသစ်များ အကောင်အထည်ဖော်တည်ဆောက်ခြင်း၊ လက်ရှိစက်ကိရိယာများအား အဆင့်မြှင့်တင်ခြင်း၊ စက်များကြံ့ခိုင်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း စသည်တို့အား ရေတိုရေရှည်စီမံကိန်းများချမှတ်ကာ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်း၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်မှုများအနက် ရေတိုစီမံကိန်းတွင် ပါဝင်သည့် ရန်ကုန်မြို့ အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း အသစ်တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော (၁၂၀) မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်း၏ ပထမအဆင့်(၄၁)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဦးသန်းဌေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ Toyo-Thai Power Myanmar Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပညာရှာမှီးရာ စာကြည့်တိုက်ပါ

အလိမ္မာ စာမှာရှိဆိုသည့်အတိုင်း လူတို့၏ အသိပညာ၊ ဗဟုသုတများ တိုးပွားရေးကို စာအုပ်စာပေကသာ ရရှိမည်ဖြစ်သည်။ စာဖတ်ခြင်းကြောင့် အသိဉာဏ်ပညာမြင့်မားခြင်း၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ လူတို့၏ စွမ်းဆောင်ရည်များ မြင့်မားတိုးတက်ခြင်းဖြင့် ဘဝ၏အလင်းရောင်ကို ရရှိမည်ဖြစ်သည်။ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အထောက်အကူပြုပေသည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာဗဟုသုတရှာမှီးနိုင်ရန် စာကြည့်တိုက်များကို ဖွင့်လှစ်ထားပေသည်။ စာကြည့်တိုက်သည် လူကြီးလူငယ် စာဖတ်သူအားလုံးအတွက် ပညာဗဟုသုတများ ဖြည့်ဆည်းပေးနေသည့် ပညာဘဏ်တိုက်ဖြစ်သည်။ စာပေဗဟုသုတနည်းပါးသူတို့သည် အတွေးအခေါ် ဝေဖန်ပိုင်းခြားနိုင်မှု၊ အမှားအမှန်ဆုံးဖြတ်နိုင်မှု စွမ်းအားများမရှိ။ တစ်ဦးတစ်ယောက်၏ ပြောဆိုမှုတစ်ခုတည်းအောက်တွင် မျောပါနေတတ်သည်။ မှန်သည် မှားသည်ကို ကိုယ်တိုင် စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်ခြင်းမရှိ။ စာပေဖတ်ရှုသူသည် အသိတရားများရှိပြီး အတွေးအခေါ်များ ရင့်ကျက်ခိုင်မာလာစေနိုင်သည်။

လူတိုင်းသည် အစဉ်လေ့လာသင်ယူနေရန် များစွာလိုအပ်ပေသည်။ လေ့လာသင်ယူမှုများကို စာအုပ်စာပေများကသာ ပေးစွမ်းနိုင်သည်။ လေ့လာနိုင်ရန် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးကြရသည်။ အထူးသဖြင့် ယနေ့လူငယ် လူရွယ်များသည် အနာဂတ်၏ မျိုးဆက်သစ်လေးများဖြစ်ပြီး နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမည့်သူများဖြစ်ရာ နိုင်ငံတော်နှင့် မိမိလူမျိုးအတွက် အရည်အချင်းပြည့်ဝသူများဖြစ်ရန် ကြိုးစားရာ၌ ပညာရည်မြင့်မားနေရန်လိုအပ်ပေသည်။ အသိဉာဏ်ပညာမြင့်မားရန်၊ စွမ်းဆောင်ရည်မြင့်မားရန်တို့အတွက် စာပေကို အစဉ်တစိုက် လေ့လာဆည်းပူးနေကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော သူများသည် ကျေးလက်ဒေသများတွင် နေထိုင်ကြရာ ကျေးလက်ဒေသနေပြည်သူများသည် ပညာဗဟုသုတများ ပြည့်ဝနေရန်လိုအပ်ပေသည်။ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူများ စာပေဖတ်ရှုသည့် အလေ့အထကောင်းများဖြစ်ထွန်းပြီး ခေတ်အမြင် ခေတ်အတွေးများရရှိ၍ ဗဟုသုတများတိုးပွားစေသည်။ ကျေးလက်ဒေသနေပြည်သူများ ပညာဗဟုသုတတိုးပွားခြင်းသည် ၎င်းတို့၏ လယ်ယာလုပ်ငန်းခွင်များအတွက် ပိုမိုအကျိုးစီးပွား ဖြစ်ထွန်းလာစေသဖြင့် စာပေဖတ်ရှုခြင်းကြောင့် ရှေးရိုးအစဉ်အလာအစွဲအလမ်းများ ပပျောက်ပြီး ခေတ်မီတိုးတက်သည့် နည်းလမ်းကောင်းများကို အသုံးပြုခြင်းဖြင့် လယ်ယာလုပ်ငန်းခွင်၌ တိုးတက်အောင်မြင်မှုများ ရရှိလာစေသည်။ ထို့ကြောင့် ကျေးလက်ဒေသနေပြည်သူများ ပညာဗဟုသုတများ ပြည့်ဝရန်နှင့် အတွေးအခေါ်အယူအဆများ ပြုပြင်ပြောင်းလဲနိုင်ရန် ကျေးရွာစာကြည့်တိုက်များ ပိုမိုထူထောင်သင့်ပြီး ရှိပြီးစာကြည့်တိုက်များ အရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းကူညီကြရမည်ဖြစ်သည်။ ကျေးလက်ဒေသနေပြည်သူများ စာပေဖတ်ရှုခြင်းသည် ကျေးလက်ဒေသနေပြည်သူတို့၏ လူမှုဘဝအဆင့်အတန်းကို ပိုမိုမြင့်မားတိုးတက်စေမည်ဖြစ်သည်။

ယနေ့ ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ပြောင်းလဲမှုများကို ပြည်သူများ မျက်ခြည်မပြတ် သိရှိနိုင်ရန် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းဖြင့် ပညာဗဟုသုတများ ဖြန့်ဝေပေးနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ အားကစားနည်း ၁၂ မျိုးဖြင့်ကျင်းပရန်စီစဉ်

နေပြည်တော် မေ ၂၈

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနှင့် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် စီမံခန့်ခွဲမှုကော်မတီတို့၏ ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ အမှာစကားပြောကြားရာ၌ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို အားကစားနည်း ၁၂ မျိုးဖြင့် နေပြည်တော်၌ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွက် အလေးထားဆောင်ရွက်ရမည့် အားကစားပြိုင်ပွဲများကို လက်ခံကျင်းပရခြင်းဖြင့် စိန်ခေါ်မှုများကို နိုင်ငံအတွင်းရှိ ပြည်သူများနှင့်သာမက ဒေသအတွင်းနိုင်ငံများရှိ ပြည်သူများနှင့်အတူ ကျော်ဖြတ်ခွင့်ရရှိခြင်းအဖြစ် ထင်မြင်မိကြောင်း၊ မိမိတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို စည်းလုံးညီညွတ်စွာ အတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျော်လွှားသွားနိုင်ပြီး အားကစားပြိုင်ပွဲများကို အောင်မြင်စွာကျင်းပသွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် (APSF) ဥက္ကဋ္ဌ Dato' Zainal Abu Zarin က ဂုဏ်ပြုအမှာစကားပြောကြားပြီး (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် စီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပရေးအတွက် အားကစားနည်းအလိုက် ပြိုင်ပွဲများ ကျင်းပသွားမည့် အစီအစဉ်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တည်းခိုနေထိုင်ရေးနှင့် ပို့ဆောင်ရေး စသည်တို့ကို ကဏ္ဍအလိုက် အကျယ်တဝင့်ညှိနှိုင်းဆွေးနွေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပသတင်းထောက်များ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြား၍ ပြိုင်ပွဲများ လက်ခံကျင်းပမည့် အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာဆီယံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဖျာပုံ၌ သုံးဘီးဆိုင်ကယ်များ စည်းကမ်းရှိစွာ ရပ်နားစေချင်

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် မြို့မဈေးကြီးသည် မြို့ပေါ်နှင့် မြို့နယ်အတွင်းကျေးရွာများက အဓိကအားထားရာ ကုန်စည်ရောင်းဝယ်ရာနေရာဖြစ်သည်။ နံနက်ပိုင်း လူအစည်ကားဆုံးအချိန် ဈေးသူဈေးသားများ၊ ပြည်သူများသည် ဘုရားလမ်းသွယ်ကြား ပထမလမ်းတွင် ဆိုက်ကားနှင့် သုံးဘီးဆိုင်ကယ်များ အများဆုံး ရပ်နားပြီး ခရီးသည်တင်/ချ ပြုလုပ်ကြသည်။ ထိုသို့စည်းကမ်းတကျ ရပ်နားခြင်းမပြုသည့်အပြင် လမ်းဘေးဝဲယာ ယာဉ်များရပ်ထားကြသဖြင့် ဈေးဝယ်လာသူတို့ ယာဉ်များ ယာဉ်ကြောပိတ်ဆို့၍ မကြာခဏယာဉ်တိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဖျာပုံသို့ ဈေးဝယ်လာသူတစ်ဦးက "ကျွန်တော်တို့ ဈေးဝယ်လာတိုင်း လမ်းလျှောက်လို့မရအောင် သုံးဘီးဆိုင်ကယ်တွေနဲ့ ဆိုက်ကားတွေ ပိတ်ဆို့ရပ်နေတော့ မကြာခဏ ယာဉ်တိုက်မှုဖြစ်ပါတယ်။ တာဝန်ရှိသူတွေ လာရောက်စစ်ဆေးတဲ့အချိန်မှာတောင်တွေ့ရပါတယ်။ သူတို့ ရပ်ချင်သလိုရပ်ပြီး ခရီးသည်နဲ့ ကုန်အတင်/အချလုပ်နေတာကို ပြေလည်စေဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ လာရောက်ပြီး သုံးဘီးဆိုင်ကယ်တွေ စည်းကမ်းတကျရှိစေဖို့ ဆောင်ရွက်ပေးသင့်တယ်လို့ထင်ပါတယ်"ဟု ပြောပြသည်။

ဖျာပုံမြို့ မြို့မဈေးကြီး၌ သုံးဘီးဆိုင်ကယ်ယာဉ်ရပ်နားရာနေရာတွင် စည်းကမ်းတကျ ရှိစေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်း၍ အလေးထားဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။ (ဝ၇၁)

ထင်သာမြင်သာ ပြုပြင်စရာ

iNFO Net
Business Solution Development
Customer service is our priority
Email: infonetygn@gmail.com

ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ ရွှေတိဂုံစေတီအား သွားရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ စိန်မေရီကာသီဒြယ်(ရန်ကုန်) ဘုရားကျောင်းသို့ သွားရောက်ပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကာ ဝတ်ပြုဆုတောင်းကြသည်။

ကပ်လှူပူဇော်

ထို့နောက် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြပြီး ဧည့်ခံတန်ဆောင်းရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်သည်။

စေတီတော်ဂေါပကအဖွဲ့က ဧည့်သည်တော် Hon. John Joseph Hogg အား ရွှေတိဂုံစေတီတော်ပုံတူကျောက်စီပန်းချီကားနှင့် စေတီတော်သမိုင်းစာအုပ်ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား လှည့်လည်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ဩစတြေးလျ ဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်အား လှည့်လည်၍ ကျောက်စိမ်းဘုရားကို ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကနေဒါနိုင်ငံ လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၈

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကနေဒါနိုင်ငံ Parliamentary Centre မှ President and CEO, Jean- Paul Ruszkowski ၏ ဖိတ်ကြားချက်အရ ကနေဒါနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများအပါအဝင် အဖွဲ့ဝင် ၁၁ ဦးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ညွန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းအား ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းအား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်ဆည်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ တံတားဦးမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ စဉ့်ကိုင်မြို့တွင် ၁ ဒသမ ၂၀ လက်မနှင့် ကော့သောင်းမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ရုပ်မြင်သံကြား

၂၉-၄-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၂၀ ပြည်သူတို့ရဲ့စကားသံ
၇း၄၀ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံးရောင်းချနိုင်သည့်ဆု၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၂၅ SEA Games Go For Gold (ဘော်လီဘော)
၈း၅၀ တေးဂီတအစီအစဉ်
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၄၅ လှပစုံလင် အာဆီယံတစ်ခွင်
၁၀း၀၀ ပြည်တွင်းသတင်း

နေ့လယ်ပိုင်း

၁၂း၀၀ ပြည်တွင်းသတင်း+ နိုင်ငံတကာသတင်း+ မိုးလေဝသ သတင်း

ညပိုင်း

၁၆း၀၀ ပြည်တွင်းသတင်း
၁၆း၁၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(သင်္ချာအထူးပြု)(သင်္ချာ)
၁၇း၀၀ ပြည်တွင်းသတင်း
၁၇း၂၅ **အရှေ့တောင်အာရှအားကစားပြိုင်ပွဲဆီသို့**(အပိုင်း-၂)
၁၈း၀၀ ပြည်တွင်းသတင်း+ မိုးလေဝသသတင်း
၁၈း၂၀ SEA Games ဇာတ်လမ်းတို **ရွှေခြင်းလုံးရဲ့ရာဇဝင်** ဖိုးချစ်၊ ဟန်နွေငြိမ်း(ဂျင်းနီ) (ဒါရိုက်တာ-ဂျိုး)
၁၉း၀၀ ပြည်တွင်းသတင်း
၂၀း၄၅ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု
၂၁း၀၀ ပြည်တွင်းသတင်း+ နိုင်ငံတကာသတင်း
- အိန္ဒိယရုပ်ရှင် **ဘယ်သူငြိမ်းမယ့်အကြောက်တရား**(အပိုင်း-၁)

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဧပြီ ၂၈

ယနေ့ မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဧပြီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်	စခန်းဖွင့်သည့်နှစ်
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ	စံချိန်ကျိုးခဲ့သည့်နှစ်	မှစ၍လွန်ခဲ့သောနှစ်ပေါင်း
၁။	ကျောက်ဆည်	၇၀	၂. ၇၆	၄၆	၁. ၈၀	၂၂-၄-၂၀၀၀	၁၃

နိုင်ငံတကာသတင်း

လေဘာတီဦးခေါင်းပါ ဒင်္ဂါးပြား ဒေါ်လာ သုံးသန်းကျော်ရရှိ

နယူးယောက် ဧပြီ ၂၈

လေဘာတီဦးခေါင်းပုံပါရှိသော ၁၉၁၃ ခုနှစ်နေ့စွဲပါ အမေရိကန် ငါးဆင့်တန် ဒင်္ဂါးပြားတစ်ပြားသည် လေလံပွဲ၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်း ရရှိခဲ့ကြောင်း ဧပြီ ၂၇ ရက်က ဖော်ပြသည်။

အဆိုပါဒင်္ဂါးပြားသည် လေလံမတင်မီက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းရရှိမည်ဟု ခန့်မှန်းထားခဲ့သော်လည်း လေလံပွဲ၌ ဒေါ်လာသုံးသန်းကျော်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းဒင်္ဂါးပြားအမျိုးအစားကို စုစုပေါင်း ငါးပြားသာထုတ်လုပ်ခဲ့သည်။

ယင်းဒင်္ဂါးပြားကို အမေရိကန်နိုင်ငံ ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ဖီလာဒဲလ်ဖီးယားမြို့ရှိ ဒင်္ဂါးသွန်းလုပ်သည့် စက်ရုံမှ ၁၉၁၂ ခုနှစ်က ဆမ်မြူရယ်ဘရောင်းအမည်ရှိ စက်ရုံ အလုပ်သမားတစ်ဦးက သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဒင်္ဂါးပြားလေးငါးပြားကို ဆမ်မြူရယ်ဘရောင်းက ၁၉၂၀ ခုနှစ်၌ ရောင်းချခဲ့ပြီးနောက် ၁၉၄၂ ခုနှစ်မတိုင်မီက ပိုင်ရှင်အမျိုးမျိုးလက်ထဲသို့ အဆင့်ဆင့်ပြောင်းရွှေ့ရောက်ရှိခဲ့သည်။ ထို့နောက် အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်ရှိ ဒင်္ဂါးစုဆောင်းသူတစ်ဦးဖြစ်သော ဂျော့ဝါလ်တန်ဆီသို့ ရောက်ရှိခဲ့သည်။ ၁၉၆၂ ခုနှစ်၌ ဂျော့ဝါလ်တန်သည် ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့ပြီးနောက် အခြားဒင်္ဂါးများနှင့်အတူ ဝါလ်တန်၏ညီမဖြစ်သူ မီလ်ဗာဂီဗင်ထံရောက်ရှိခဲ့သည်။

မီလ်ဗာဂီဗင် သေဆုံးပြီးနောက် သူမ၏သားသမီးများထဲမှ တစ်ဦးက အမေရိကန်ကမ္ဘာ့ ငွေကြေးပြပွဲသို့ ပေးပို့ပြသခဲ့ရာမှ နှစ်ပေါင်းများစွာပျောက်ဆုံးနေသောအဆိုပါ ဒင်္ဂါးပြားကို ပြန်လည်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ယခုအခါ အခြားဒင်္ဂါးပြား လေးပြားနှင့်အတူ စုစည်းနိုင်ခဲ့ပြီဖြစ်ရာ အဆိုပါဒင်္ဂါးပြား ရှာဖွေမှုကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

(ဘီဘီစီ)

အစ္စရေးနှင့်ပါလက်စတိုင်းတို့ တွေ့ဆုံဆွေးနွေးမည်

ရာမာလာ ဧပြီ ၂၈

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးရရှိစေရန်အတွက် ပါလက်စတိုင်းနှင့် တွေ့ဆုံဆွေးနွေးပွဲကို ပြန်လည်ကျင်းပရန် အစ္စရေးတို့က အဆိုပြုထားကြောင်း ပါလက်စတိုင်းထိပ်တန်းအရာရှိတစ်ဦးက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်။

အစ္စရေးတို့က ပါလက်စတိုင်းတို့နှင့် ထိပ်သီးတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန် အဆိုပြုချက်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ အစ္စရေးနိုင်ငံသို့ မကြာမီက အလည်အပတ်ခရီး ရောက်ရှိလာပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၀ ခုနှစ်က ရပ်ဆိုင်းခဲ့ပြီးနောက် ယခုအခါ ပြန်လည်ပြုလုပ်ရန် အစ္စရေးတို့က အဆိုပြုခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီသည် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် တူရကီ၌ တွေ့ဆုံကာ အစ္စရေးတို့ အဆိုပြုထားသော ထိပ်သီးဆွေးနွေးပွဲဆိုင်ရာ နည်းလမ်းလေးခုနှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့သည်။

ပါလက်စတိုင်းတို့က အစ္စရေးတို့၏ တွေ့ဆုံဆွေးနွေးရန် အဆိုပြုချက်ကို ကြိုဆိုလိုက်သည်။

(ဆင်ဟွာ)

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု

ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်

ဆော်ဒီအာရေဗျ၌ ပြည်တွင်းအလုပ်သမားများ အရည်အချင်းမြှင့်တင်မည်

ရီယတ်ဒ် ဧပြီ ၂၈

ဆော်ဒီအာရေဗျနိုင်ငံသည် ပြည်ပအလုပ်သမားများ လာရောက်လုပ်ကိုင်မှုများပြားလာသဖြင့် ပြည်တွင်းအလုပ်သမားများအား အရည်အချင်းတိုးတက်စေရန် ဆောင်ရွက်ပြီး ပြည်တွင်းအလုပ်အကိုင်များ၌ အစားထိုးဖြည့်ဆည်းတာဝန်ပေးရန် စီစဉ်ထားကြောင်း ဆော်ဒီအာရေဗျနိုင်ငံထုတ် အိုကာ့စ်သတင်းစာက ဧပြီ ၂၈ ရက်၌ ဖော်ပြသည်။

ဆော်ဒီအာရေဗျ အစိုးရသည် ပြည်တွင်းအလုပ်အကိုင်များအတွက် အလုပ်သမားများအား အရည်အချင်းတိုးတက်မြင့်မားစေရေး လေ့ကျင့်သင်ကြားပေးရန်နှင့် လုပ်ခလစာများ တိုးမြှင့်ပေးရန် တိုက်တွန်းထားသည်ဟု ဆော်ဒီအာရေဗျ အလုပ်သမားရေးရာဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

သာမန် အလုပ်သမားများအား လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ပေးပြီး လုပ်ခလစာကောင်းကောင်း ဖြည့်ဆည်းပေးခြင်းဖြင့် ပြည်တွင်းရှိ ပုဂ္ဂလိက အလုပ်အကိုင်များတွင် အလုပ်သမားများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆော်ဒီအာရေဗျ အစိုးရက စီစဉ်ထားသည်။

ဆော်ဒီအာရေဗျ နိုင်ငံတွင် ဆောက်လုပ်ရေးကဏ္ဍ၌ ပြည်ပအလုပ်သမားများ ခေါ်ယူလုပ်ကိုင်လျက်ရှိရာ ပြည်တွင်းမှအလုပ်သမားများဖြင့် အစားထိုးဖြည့်ဆည်းဆောင်ရွက်ရန် စီမံကိန်းချမှတ်ကာ စီစဉ်နေခြင်းဖြစ်သည်။

(ဆင်ဟွာ)

အင်္ဂလန်သုံး ပေါင်ငွေစက္ကူများတွင် ဝင်စတန်ချာချီရုပ်ပုံ ရိုက်နှိပ်ထုတ်ဝေမည်

လန်ဒန် ဧပြီ ၂၈

၂၀၁၆ ခုနှစ် ငွေကြေးသုံးစွဲမှုတွင် ဆာဝင်စတန်ချာချီ၏ ရုပ်ပုံများ ရိုက်နှိပ်ထုတ်ဝေမည့် ပေါင်ငွေ ငါးပေါင်တန်ငွေစက္ကူသစ်များ ထုတ်ဝေသုံးစွဲသွားမည်ဖြစ်ကြောင်း အင်္ဂလန်ဘဏ်က ပြောကြားခဲ့သည်။

အသစ်ထုတ်ဝေသည့် ငါးပေါင်တန်ငွေစက္ကူများတွင် ကမ္ဘာ့စစ်ခေါင်းဆောင် ချာချီ၏ ရုပ်ပုံနှင့်အတူ သူ၏ အထင်ကရသမိုင်းဝင်စကားကိုလည်း ထည့်သွင်းရိုက်နှိပ်သွားမည်ဖြစ်သည်။

လက်ရှိသုံးစွဲလျက်ရှိသော ငါးပေါင်တန်ငွေစက္ကူများတွင် လူမှုရေးပြုပြင်ပြောင်းလဲရေးဝါဒီ အဲလီဇဘက်ဖရေး၏ရုပ်ပုံကို ရိုက်နှိပ်ထုတ်ဝေထားခြင်းဖြစ်သည်။

ဝင်စတန်ချာချီသည် ဒုတိယကမ္ဘာစစ်ကြီးကာလများ၌ နာဇီခေါင်းဆောင်ဟစ်တလာ၏ အန္တရာယ်ကို ကြိုတင်သုံးသပ်နိုင်ခဲ့ပြီး စစ်ဖြစ်လာခဲ့သောအခါတွင်လည်း ဝင်ရိုးစွန်းသုံးနိုင်ငံ၏ ရန်ကို မဟာမိတ်အင်အားစုဖြင့် ချေမှုန်းရာတွင် ဦးစီးဦးဆောင်နိုင်ခဲ့သော ကမ္ဘာ့သမိုင်းကို ပြောင်းလဲဖန်တီးပေးနိုင်ခဲ့သူတစ်ဦးဖြစ်သည်။

(ဘီဘီစီ)

စူးအက်ဇ်တူးမြောင်းအနီး စီးပွားရေးဇုန် တရုတ်တည်ဆောက်မည်

စူးအက်ဇ် ဧပြီ ၂၈

စူးအက်ဇ်တူးမြောင်းအနီး ပူးတွဲစက်မှုဇုန်ထူထောင်တည်ဆောက်ရန် တရုတ်နိုင်ငံမှ တီအီးဒီအေ ကော်ပိုရေးရှင်းနှင့် အီဂျစ်အစိုးရတို့ ဧပြီ ၂၇ ရက်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါစက်မှုဇုန်သည် အကျယ်အဝန်း ခြောက်စတုရန်း ကီလိုမီတာပေါ်တွင် ရင်းနှီးမြှုပ်နှံတည်ဆောက်သွားမည်ဖြစ်ပြီး ၄၅ နှစ်သက်တမ်းရှိ သဘောတူစာချုပ်တစ်ရပ်ကို တရုတ်နှင့် အီဂျစ်တို့ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

စူးအက်ဇ်တူးမြောင်းအနီး စက်မှုဇုန်ထူထောင်ရေးအတွက် ကနဦး အမေရိကန်ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း တီအီးဒီအေဥက္ကဋ္ဌ လူအီမင်က ပြောကြားသည်။

တရုတ်-အီဂျစ် စူးအက်ဇ်စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဇုန်တွင် စီမံကိန်း ၃၈ ခုကို ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း လူအီမင်က ဆက်လက်ပြောကြားသည်။

အဆိုပါစီးပွားရေးဇုန် တည်ဆောက်မှုသည် အီဂျစ်နိုင်ငံ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုအတွက် အစိတ်အပိုင်းတစ်ရပ်အဖြစ် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နှစ်စဉ်အဆိုပါစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာမည်ဖြစ်ကြောင်း အီဂျစ်ဝန်ကြီးချုပ်ကပြောကြားသည်။

(ဆင်ဟွာ)

မက္ကဆီကို၌ အကျဉ်းသားများ အချင်းချင်းခိုက်ရန်ဖြစ်ပွား

ဝါရှင်တန် ဧပြီ ၂၈

မက္ကဆီကိုနိုင်ငံ ဆန်လူရစ်ပိုတိုစီ ပြည်နယ် လာပီလာအကျဉ်းထောင်၌ အကျဉ်းသားများ အချင်းချင်း တိုက်ခိုက်မှုများဖြစ်ပွားရာ ၁၃ ဦး သေဆုံးခဲ့ကြောင်း ဧပြီ ၂၈ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ခိုက်ရန်ဖြစ်ပွားသူ အကျဉ်းသားများသည် အိမ်သုံးဓားများ၊ ပေါက်ချွန်းများဖြင့် အချင်းချင်းတိုက်ခိုက်ကြခြင်းဖြစ်သည်ဟု ပြည်နယ်ရှေ့နေချုပ်ရုံးက ပြောကြားသည်။

အဆိုပါ ရန်ပွဲအား နာရီအတန်ကြာ ထိန်းချုပ်မှုများ ပြုလုပ်ခဲ့ရသည်ဟု တာဝန်ရှိသူများက ဆိုသည်။ လူအများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး အချို့မှာ အခြေအနေဆိုးရွားနေသည်ဟုသိရသည်။ ယင်းကဲ့သို့ဆိုးရွားရက်စက်သော တိုက်ခိုက်မှုများသည် မက္ကဆီကိုနိုင်ငံ၏ လူဦးရေသိပ်သည်းသော အကျဉ်းထောင်များ၌ ဖြစ်လေ့ဖြစ်ထရှိသောကိစ္စတစ်ခု ဖြစ်သည်။

ထောင်ကျဦးရေ အများအပြားကို တာရှည်ပွတ်သိပ်ထားခြင်းကြောင့် ယင်းကဲ့သို့ ရန်ပွဲများကြုံတွေ့ရကြောင်း၊ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ အဆောတလျင် ဆောင်ရွက်မည်ဖြစ်ကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။

(ဘီဘီစီ)

ဓာတုလက်နက်ကို ဘယ်သူသုံးတာလဲ

မောင်နွေသစ်

ဆီးရီးယားတွင်ဖြစ်ပွားနေတဲ့စစ်ပွဲမှာ အစိုးရတပ်တွေနဲ့ အတိုက်အခံတပ်တွေအကြား ဓာတုလက်နက်တွေသုံးစွဲနေကြတယ်လို့ အပြန်အလှန်စွပ်စွဲနေကြတာတော့ကြာခဲ့ပါပြီ။

ဆီးရီးယားနိုင်ငံအတွင်း ပဋိပက္ခများ ဖြစ်ပွားရာတွင် ဓာတုလက်နက်ထိမှန်ခဲ့ဖွယ်ရှိသော ပြည်သူတစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိထားသည်ကို တွေ့ရစဉ်။

ဒီအတောအတွင်းမှာပဲ အမေရိကန်နဲ့ ဗြိတိန်တို့က ဆီးရီးယားအစိုးရဟာ သူ့နိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံခြား ကျောထောက်နောက်ခံဖြစ်တဲ့ တပ်တွေကို ဓာတုလက်နက်တွေ အသုံးပြုတိုက်ခိုက်နေပြီလို့ ပြောကြားလိုက်ပါတယ်။

သွားရောက်လည်ပတ်

ဝါရှင်တန်အနေနဲ့ ဆီးရီးယားမှာ ဓာတုလက်နက်သုံးစွဲတဲ့ အထောက်အထားရထားပြီလို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ချပ်ဟာဂဲလ်က အာရပ်စော်ဘွားများနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် မေ ၂၅ ရက်က သတင်းထောက်တွေကို ပြောကြားလိုက်ပါတယ်။

ရှာဖွေ

"ကျွန်တော်တို့ ထောက်လှမ်းရေးအဖွဲ့က ဆီးရီးယားအစိုးရအနေနဲ့ ဓာတုလက်နက်စသုံးတဲ့ အထောက်အထား ရထားပြီဖြစ်ပါတယ်"လို့ ဟာဂဲလ်က ပြောပါတယ်။ ဒီသဲလွန်စကနေ ကျွန်တော်တို့ ဆက်လက်ပြီး ရှာဖွေဖော်ထုတ်သွားမှာပါ"လို့လည်း သူကဆိုပါတယ်။

ပေးပို့

ဆီးရီးယားမှာ ဓာတုလက်နက်တွေ သုံးလာမယ်ဆိုရင် စစ်ရေးအရ အရေးယူသွားနိုင်တဲ့အကြောင်း ဝါရှင်တန်မှ ယခင်က ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အကယ်၍သာ တွေ့ရှိထားတဲ့ အထောက်အထားခိုင်လုံပြီဆိုရင် ဆီးရီးယားကို စစ်ရေးအရ အရေးယူသွားနိုင်ဖွယ်ရှိပါတယ်။ ဝါရှင်တန်အနေနဲ့ ထိုကိစ္စကို သတိကြီးစွာကိုင်တွယ်သင့်ပြီလို့လည်း အိမ်ဖြူတော်ညွှန်ကြားရေးမှူး မီဂဲလ်ရိုဒီကွတ်စ်က ဟာဂဲလ်ရဲ့ ကြေညာချက်မတိုင်မီ လွှတ်တော်အမတ်များထံ စာတစ်စောင် ရေးသားပေးပို့ခဲ့တယ်လို့ဆိုပါတယ်။

ထို့အတူ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးရုံးကလည်း ဆီးရီးယားမှာ ကန့်သတ်ထားတဲ့ ဓာတုလက်နက်တွေသုံးနေတယ်လို့ မေ ၂၅ ရက်က ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ဒီကိစ္စဟာ အလွန်ပဲစိုးရိမ်စရာကောင်းကြောင်း၊ ဓာတုလက်နက် အသုံးပြုခြင်းဟာ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

လျစ်လျူရှုထား

လွန်ခဲ့တဲ့ မေ ၂၃ ရက်ကလည်း ဆီးရီးယားတပ်တွေဟာ စစ်သွေးကြွလို့ခေါ်တဲ့ အတိုက်အခံတပ်ဖွဲ့တွေကို တိုက်ခိုက်ရာမှာ ဓာတုလက်နက်တွေ အသုံးပြုနေတယ်လို့ အစ္စရေးစစ်ဘက်ထိပ်တန်း တာဝန်ရှိသူတစ်ဦးက စွပ်စွဲပြောကြားလိုက်ပါတယ်။ ဒမတ်စကတ်အစိုးရကတော့ သူ့နိုင်ငံအတွင်း မငြိမ်မသက်မှုတွေ အဆုံးသတ်ဖို့ ဓာတုလက်နက်ကို မသုံးဘူးလို့ ထပ်တလဲလဲ ပြောဆိုနေပါတယ်။ သို့သော်လည်း အမေရိကန်နဲ့ သူ့ရဲ့ မဟာမိတ်တွေကတော့ ဒီကိစ္စကို လျစ်လျူရှုထားခဲ့ပါတယ်။

တိုက်ခိုက်

လွန်ခဲ့တဲ့ မတ် ၁၉ ရက်တုန်းက အလက်ပိုမြို့ အနောက်တောင်ပိုင်းစန်းအယ်လ်အက်ဆယ်မြို့တိုက်ပွဲမှာ အဆိပ်ငွေ့တွေပါတဲ့ ဒုံးကျည်တွေနဲ့ စစ်သွေးကြွတွေတိုက်ခိုက်လို့ ၂၅ ဦး သေဆုံးပြီး ၈၆ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ဆိုပါတယ်။

စိုးရိမ်

ဒီသေဆုံးသူတွေထဲမှာ အမျိုးသမီးတွေနဲ့ ကလေးတွေလည်း ပါဝင်ပါတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဆီးရီးယားမှာဖြစ်ပွားနေတဲ့ စစ်ပွဲမှာ စစ်သွေးကြွတွေနဲ့ အစိုးရတပ်တွေဟာ ဓာတုလက်နက်တွေ အပြန်အလှန်သုံးစွဲနေကြပြီလို့ ဆိုနေကြပါတယ်။ အမှန်တကယ် ဓာတုလက်နက်တွေသာ သုံးစွဲလာမယ်ဆိုရင်တော့ အတော်လေးစိုးရိမ်စရာပါပဲ။

ဆီးရီးယားမှာ ဓာတုလက်နက်တွေသုံးလာမယ်ဆိုရင် စစ်ရေးအရ အရေးယူသွားနိုင်တဲ့ အကြောင်း ဝါရှင်တန်မှ ယခင်က ပြောကြားခဲ့ပြီးဖြစ်၊ အထောက်အထားခိုင်လုံရင် ဆီးရီးယားကို စစ်ရေးအရ အရေးယူသွားနိုင်ဖွယ်ရှိ

နိုင်ငံတကာသတင်း

ရုရှားဒုံးခွင်းဒုံးနှင့်တိုက်လေယာဉ်များ ဘီလာရုစ်တွင် ဖြန့်ကြက်သွားမည်ဆို

မော်စကိုက ဘီလာရုစ်ရှိ လေတပ်အခြေစိုက်စခန်းသစ်တွင် ဒုံးခွင်းဒုံးများနှင့် တိုက်လေယာဉ်များ ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်သည်။ မိမိတို့ရုရှားလေတပ်အနေဖြင့် ဘီလာရုစ်တွင် ဒုံးခွင်းဒုံးများနှင့် ဂျက်တိုက်လေယာဉ်များ ဖြန့်ကြက်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း ဆာဂေးရှိုဂူက ဘီလာရုစ်ခေါင်းဆောင် အလက်ဇန္ဒြား လူကာချန်ကိုနှင့်တွေ့ဆုံအပြီး ပြောကြားလိုက်သည်။ ဘီလာရုစ်တွင် လေတပ်ဌာနချုပ်ကို ၂၀၁၄ ခုနှစ်တွင် ထူထောင်မည်ဖြစ်ပြီး ယင်းနှစ်တွင် တိုက်လေယာဉ်များ စတင်စမ်းသပ်ပျံသန်းမည်ဖြစ်ကြောင်း ယင်းဝန်ကြီးကပြောကြားသည်။ S-300 မြေပြင်မှဝေဟင်ပစ် ဒုံးပျံတပ်ရင်း လေးရင်းကို ၂၀၁၄ ခုနှစ်တွင် ဘီလာရုစ်သို့စေလွှတ်မည်ဟု ဆိုသည်။

. . . .

တူရကီက အီရန်နှင့်ကုန်သွယ်မှုမြှင့်တင်လို

အီရန်နိုင်ငံအား ပြည်ပနိုင်ငံများက ဖိအားပေးမှုရှိနေသော်လည်း အိမ်နီးချင်းနိုင်ငံနှင့် စီးပွားရေးတိုးချဲ့လုပ်ကိုင်မှု ပိုမိုပြုလုပ်သွားလိုကြောင်း တူရကီဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဆေဗစ်ရီမတ်ဇ်က ပြောကြားလိုက်သည်။ တူရကီနိုင်ငံက အီရန်နိုင်ငံနှင့်ကုန်သွယ်မှုပိုမိုပြုလုပ်သွားလိုကြောင်း ရီမတ်ဇ်က စီးပွားရေးကိုယ်စားလှယ် အကြီးအကဲအဖြစ် အီရန်သို့သုံးရက်ကြာ ခရီးသွားရောက်လည်ပတ်စဉ် ထုတ်ဖော်ပြောကြားလိုက်သည်။ အီရန်အား ချူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အနောက်နိုင်ငံများက တစ်ညီတစ်ညွတ်တည်း စီးပွားရေးပိတ်ဆို့ထားသည်။ အီရန်နိုင်ငံသည် တူရကီနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်၍ နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းမရှိဘဲ ကုန်သွယ်မှုပြုလုပ်နိုင်သည့် နိုင်ငံဖြစ်သည်။

. . . .

ဆီးရီးယားပဋိပက္ခ ဂျော်ဒန်သို့ကူးစက်နိုင်ဟုဆို

ဆီးရီးယားနိုင်ငံ၌ ဖြစ်ပွားနေသော ပဋိပက္ခသည် ဂျော်ဒန်သို့ ကူးစက်လာနိုင်ကြောင်း ဆီးရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးက သတိပေးပြောကြားလိုက်သည်။ ဂျော်ဒန် အစိုးရတာဝန်ရှိသူများအနေဖြင့် ဆီးရီးယားမှ နေအိမ်နှင့် ရုံးများကို စွန့်ခွာလာကြသူများအား သတိထားရမည်ဖြစ်ကြောင်း ဖိုင်ရှယ်အယ်လ် မက်ဒက်က တရုတ်သတင်းဌာနဆင်ဟွာနှင့် မကြာမီက တွေ့ဆုံမေးမြန်းစဉ် ပြောကြားလိုက်သည်။ ကြောက်မက်ဖွယ်အန္တရာယ်သည် ဆီးရီးယားနှင့်ဂျော်ဒန်နှစ်နိုင်ငံစလုံးကို ခြိမ်းခြောက်နေသကဲ့သို့ ဒေသတစ်ခုလုံးကိုပါ ခြိမ်းခြောက်နေကြောင်း ဆီးရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးက မှတ်ချက်ပြုပြောကြားသည်။

. . . .

အဲဘတ်စ်လေယာဉ်အစင်း ၆၀ တရုတ်ဝယ်မည်

တရုတ်လေကြောင်းလိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် စီအေအက်စ်က အဲဘတ်စ်မှ လေယာဉ်အစင်း ၆၀ ဝယ်ယူရန် သဘောတူညီလိုက်ပြီဖြစ်သည်။ အဆိုပါ လေယာဉ်အစင်း ၆၀တွင် A 320 ၄၂ စင်းနှင့် A 330 လေယာဉ် ၁၈ စင်းပါဝင်သည်ဟု ဆိုသည်။ တရုတ်မြို့ကြီးများတွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ကြီးမားသောလေယာဉ်ကြီးများလိုအပ်လာကြောင်း တရုတ်လေကြောင်းလိုင်း တာဝန်ရှိသူများက ပြောကြားသည်။

မြင့်မောင်စိုး-ရေးသားသည်

အလှအတွက် ခွဲစိတ်မှု တစ်နှစ်အတွင်း ဦးရေ ၁၅ သန်းခန့်ရှိ တောင်ကိုရီးယားနိုင်ငံ ထိပ်ဆုံးကရပ်တည်

ခန္ဓာကိုယ်ရုပ်လက္ခဏာလှပရေးအတွက် ခွဲစိတ်ပြုပြင်ကာ ပလတ်စတစ်ဆာဂျရီ ပြုလုပ်မှုများသည် ၂၀၁၁ ခုနှစ် တစ်နှစ်တည်းတွင် လူဦးရေ ၁၅ သန်းနီးပါးအထိရှိခဲ့ကြောင်း သုတေသနပြုချက်အရ သိရသည်။

များပြားလာ

ရှုချင်စဖွယ် တင့်တယ်သော ရုပ်ရည်ရူပကာ၊ ခန္ဓာကိုယ်အချိုးအစားရရှိရေးအတွက် ခွဲစိတ်ပြုပြင်ခြင်း၊ အသားအရေ တင်းရင်းအောင် Botax ဆေးထိုးသွင်းခြင်း၊ ရင်သားလဲလှယ်အစားထိုး ပြုပြင်ခြင်းစသည်တို့ ပြုလုပ်ကြသည်မှာ များပြားလာကြောင်း နိုင်ငံတကာအလှအပ ရုပ်ရည်ခွဲစိတ် အစားထိုးမှုအဖွဲ့အစည်း (ISAPS) ၏ ဒုတိယမြောက် စစ်ဆေးတိုင်းတာမှုများက စာရင်းဖော်ပြသည်။

စာရင်းပြုစု

ယင်းအဖွဲ့ စာရင်းပြုစုထားသော ဇယားအရ ပလတ်စတစ်ဆာဂျရီ ခွဲစိတ်ပြုပြင်ခံယူမှုတွင် အများဆုံးနိုင်ငံအဖြစ် တောင်ကိုရီးယားနိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်နေသည်။ လူဦးရေအချိုးအစား၏ ၇၇ ဦးနှုန်းလျှင် တစ်ဦးကျသည် ခွဲစိတ်မှုပြုလုပ်ကြသည်ဟုဆိုသည်။

ရေပန်းအစားဆုံး

အမေရိကန်နိုင်ငံသည်လည်း ခွဲစိတ်ဆရာဝန် ၂၀၀၀၀ ၏ ဆန္ဒမေးမြန်းမှုအရ ဇယား၏ထိပ်တွင် ရှိနေကြောင်း သိရသည်။ အသားအရေတင်းရင်းသွားစေပြီး ရုပ်ရည်နုပျိုစေသော Botax ဆေးထိုးသွင်းမှုသည် ရေပန်းအစားဆုံးဖြစ်နေပြီး ၂၀၁၀ ခုနှစ်က အချိုးအစားနှင့် နှိုင်းယှဉ်လျှင် ၂၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် ယင်းပလတ်စတစ်ဆာဂျရီ ခွဲစိတ်မှုများ မြင့်မားနေလျက်ရှိပြီး ယင်းကဲ့သို့ ကုသမှုခံယူသူဦးရေမှာ အံ့အားသင့်ဖွယ် များပြားလွန်းနေသည်ဟု ISAPS အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သည့်နှစ်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့နေ အသက် ၁၉ နှစ် နှင့် ၄၉ နှစ်ကြား အမျိုးသမီးထု၏ ၂၀ ရာခိုင်နှုန်းမှာ ခွဲစိတ်ကုသမှုများ ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

ဦးရေ ၁၀၀၀ လျှင် ပလတ်စတစ် ဆာဂျရီပြုပြင်မှုနှုန်းထားဇယား



ပြုပြင်မှု

ပလတ်စတစ်ဆာဂျရီပြုလုပ်ရာတွင် လူကြိုက်များသော အများဆုံးပြုလုပ်ဖန်တီးမှုမှာ မျက်ခွံပိုင်းများခွဲစိတ်ပြုပြင်ခြင်းဖြစ်သည်။ မျက်အိမ်ရှိ ကျီးကန်းခြေထောက်များ ပျောက်ကင်းစေရန်နှင့် မျက်အိမ်မျက်သားကျယ်ဝန်းစေပြီး အနောက်တိုင်းသူမျက်ဝန်းများကဲ့သို့ ကျယ်ဝန်းလှပစေရန် ပြုပြင်မှုများသည် အများဆုံးဖြစ်သည်ဟု ISAPS အဖွဲ့က ပြောကြားသည်။

အများဆုံးနိုင်ငံ

ရင်သားခွဲစိတ်ပြုပြင်မှုအများဆုံးနိုင်ငံများတွင် ဘရာဇီးနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ အီတလီနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပြီး ၎င်းတို့နောက် အများဆုံး နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်သည်။

ပြောကြား

ထို့ပြင် အမေရိကန်နှင့် ဘရာဇီးနိုင်ငံနှစ်နိုင်ငံသည် မျက်လုံးမျက်ခွံခွဲစိတ်ပြုပြင်မှုတွင် ပထမနှင့် ဒုတိယနေရာတို့တွင် ရပ်တည်နေသောနိုင်ငံများဖြစ်ကြောင်း ယင်းအဖွဲ့အစည်းက ပြောကြားသည်။

မောင်သံဆင့်-ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အပျော်လွန်သင်္ကြန် မပေါ်ရုံတမယ် ယဉ်ကျေးမှုနှင့် အမျိုးသားဂုဏ်သိက္ခာ

ခင်ဆွေမြင့်(မြန်မာစာ)

ပျော်ရွှင်ခြင်း၊ စိုပြည်ခြင်း၊ လန်းဆန်းခြင်း၊ တက်ကြွခြင်း၊ ကြည်နူးခြင်းများတို့ကို ထူးထူးကဲကဲပေးစွမ်းနိုင်သော ကျွန်မတို့၏ **"မဟာသင်္ကြန်ပွဲတော်ကြီး"** ကား ပြီးဆုံးသွားပါလေပြီ။

အပူရှပ်ပြီး ဒုက္ခများနိုင်တာကိုလည်း မကြောက်၊ ခရမ်းလွန်ရောင်ခြည်ကိုလည်းမကြောက်၊ ကင်ဆာကိုလည်းမကြောက်၊ ဘာကိုမှမကြောက်၊ မကြောက်ကြသော ကျွန်မတို့မြန်မာများသည် နေပူပူတွင် မဟာသင်္ကြန်ပွဲကို အစွမ်းကုန်နွှဲပျော်ခဲ့ကြပါသည်။

မဏ္ဍပ်ပေါ်က အဆိုရှင်တွေနှင့် အပြိုင်ဆို၊ အကအဖွဲ့တွေနှင့်အပြိုင် က၊ ရေပက်ကြသူတွေနှင့်အပြိုင်ခုန်ကာ ခရမ်းလွန်ရောင်ခြည်အထောင် ထောင်နှင့် အပူဆောင်နေသောနေမင်းကို အန်တုနိုင်ခဲ့ကြပါသည်။

အဆိုအား၊ အကအား၊ အခုန်အားနှင့် ရေလုံးအားများက ရေပူလေပူအားကို အနိုင်ယူနိုင်ခဲ့ဟန်တူပါသည်။ အကမပျက်၊ အခုန်မပျက်၊ ဖျားသည် နာသည်ဟူ၍မှ သိပ်အသံမထွက်လိုက်ရဘဲ သင်္ကြန်ရက်များကသာ ကျွန်မတို့ မြန်မာပြည်သူများအား နှုတ်ဆက်ထွက်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

ယခုနှစ် သင်္ကြန်တွင် ရာသီဥတုက အလွန်ပူ။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းက အလွန်မြင့်။

သင်္ကြန်မိုးကမရွာ။

ပိတောက်ပန်းတွေလည်းမပွင့်။

ဤသို့သော အခြေအနေမျိုးတွင် ကျွန်မတို့ မြန်မာများသည် အသားကုန်ရေကစားနိုင်ကြပြီး သင်္ကြန်ကာလကို အပျော်ကြီးပျော်ရသောရက်များအဖြစ် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ခဲ့ကြပါသည်။

သင်္ကြန်ဆိုလျှင် အမူးလွန်ကြ၊ အပျော်လွန်ကြ၊ စိတ်မထိန်းနိုင်ကြ၊ သရုပ်ပျက် ဝတ်စားနေထိုင်ကြ၊ စည်းကမ်းမလိုက်နာကြသောကြောင့် ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်တိုက်မှု၊ သေဆုံးထိခိုက်ဒဏ်ရာရမှုစသည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြစမြဲဖြစ်ပါသည်။

ယခုနှစ်တွင်မူ ထူးခြားလေစွ။

ယခင်နှစ်ထက် အမှုတစ်ဝက်မျှ လျော့ကျသွားသည်ဟု သိရှိရပါသည်။

"မင်္ဂလာရှိလေစွ" ဟု ကျူးရင့်ရမည်ဖြစ်ပါသည်။

သင်္ကြန်မတိုင်မီကပင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက သတင်းစာများ၊ ဂျာနယ်များ၊ ရုပ်သံလိုင်းများ၊ မြို့ကြီးများတွင် နှိုးဆော်ချက်များ အကြိမ်ကြိမ်ထုတ်ပြန်ခဲ့သည်ကို တွေ့မြင်ကြားသိခဲ့ရပါသည်။

မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော ဝတ်စားဆင်ယင် နေထိုင်ပြုမူပြောဆိုခြင်းများ မပြုကြရန်၊ ကြမ်းကြမ်းတမ်းတမ်း ရေမကစားကြရန်၊ တိုင်းရင်းသားများကို ထိခိုက်စေသည့် အပြောအဆို အပြုအမူများ မပြုလုပ်ကြရန် စသည့် တိုက်တွန်းနှိုးဆော်ချက်များသည် **မီးကိုမလောင်ခင်က တားခြင်း** ကဲ့သို့ပင် အတိုင်းအတာတစ်ခုအထိ ထိရောက်ခဲ့ပါသည်။

သတင်းစာများ၊ စာစောင်များတွင်လည်း မြန်မာ့ဂုဏ်သိက္ခာကို မထိခိုက်စေသည့် မြန်မာ့ရိုးရာမပျက်သော သင်္ကြန်ပွဲများ ဆင်နွှဲကြရန်အတွက် စည်းရုံးသတိပေးသော ဆောင်းပါးများစွာကို ဖတ်ရှုရပါသည်။

ရုပ်သံများ၊ မဂ္ဂဇင်း၊ ဂျာနယ်များ၏ အင်တာဗျူးများတွင်လည်း မြန်မာ့ယဉ်ကျေးမှုကို အလေးအမြတ်ထားပြီး ထိန်းသိမ်းစေလိုသော ပြည်သူများ၏ ဆန္ဒနှင့်စကားသံများကို ကြားကြရပါသည်။

အမြင်မတော်သော အဖော်၊ အပြ၊ အဟိုက်၊ အတို၊ အပြတ်၊ အပါးများ ဝတ်စားဆင်ယင်မှု၊ ရေကစားမဏ္ဍပ်များတွင် အရက်ဘီယာများ သောက်စားရောင်းချမှု၊ မိန်းကလေးငယ်များ လူမှန်းသူမှန်းမသိအောင်မူးပြီး ကာယိန္ဒြေပျက်နေမှု၊ လူရှေ့သူရှေ့တွင် မသင့်မလျော် နေထိုင်ပြုမူမှုများကို အားမပေး။ ဝေဖန်ပြစ်တင်ကြ၊ တားမြစ်ကြသည်ကိုလည်း သိမြင်ရပါသည်။

ဝတ်စားဆင်ယင်မှု၊ ကြမ်းတမ်းရိုင်းပျမှု၊ ကာယိန္ဒြေမထိန်းနိုင် မသိမ်းနိုင်ဖြစ်မှုများတွင်လည်း ၂၀၂၃သင်္ကြန်သည် ၂၀၂၂သင်္ကြန်လောက် မဆိုးရွားဟု ဝေဖန်သုံးသပ်ကြပါသည်။

ချောမောလှပချစ်စရာကောင်းလှသည့် နာမည်ကျော်ထင်ရှားသည့် ပြည်သူ့အချစ်တော် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ အနုပညာရှင်များ များစွာသည် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးစသော မြန်မာနိုင်ငံ တစ်နံတစ်လျားမြို့ကြီးများတွင် ဆိုကြ၊ ကကြပါသည်။

အဖော်တွေ၊ အပြတ်တွေ၊ အပါးတွေ၊ တစ်ထပ်တည်းဝတ်တာတွေ မဟုတ်တော့ဘဲ လှလှပပ၊ ခေတ်မီမီ ဝတ်စားဆင်ယင်ပြီး ဆိုကြ၊ ကကြ၊ ပျော်ကြသည်ကို တွေ့ရှိရပါသည်။

အချို့သော နာမည်ကြီးသရုပ်ဆောင်အဆိုတော်များ၊ တက်သစ်စ အဆိုတော်ငယ်လေးများ၊ မော်ဒယ်လ်များကတော့ နာမည်ကြီးရင် ပြီးရောဆိုပြီး ရောဂါတက်တုန်း၊ ကိုရီးယားမင်းသမီးတွေနောက်လိုက်ပြီး ကိုယ့်အရှက်ကို ကိုယ်ခွဲတုန်း၊ ဘာမှန်းမသိတာတွေဝတ်ပြီး စင်ပေါ်တက်၍ ဖော်ကြ၊ ညှုကြ၊ ပလီပလာတွေပြောကြတုန်း၊ စိတ်ပျက်စရာ ရှက်ရွံ့စရာကောင်းလောက်အောင်ပင် လုပ်နေကြတုန်းဖြစ်ပါသည်။

နာမည်ကြီးနေသော သရုပ်ဆောင် အဆိုတော်လေးတစ်ယောက်မှာ ဘရာစီယာအနက်ပေါ်တွင် ဂျင်းအင်္ကျီအတိုအပြတ်လေး ထပ်ဝတ်ထားပြီး အင်္ကျီကြယ်သီးများဖြုတ်ထားသည်။ စင်ပေါ်တွင် သီချင်းဆိုရင်း၊ တွန့်လိမ်ကပြရင်း ဗိုက်ရောင်းပွဲ၊ ချက်ရောင်းပွဲ၊ ဘရာစီယာကြော်ငြာပွဲ ကျင်းပနေပါသေးသည်။

အဆိုတော်ကြီး တစ်ယောက်ကလည်း ရင်တစ်ခုလုံး မပေါ်ရုံတမယ်။

မန္တလေးသင်္ကြန်မဏ္ဍပ်ကြီးတစ်ခုတွင်မူ မိန်းကလေးတစ်ဦးက ထိုင်မသိမ်းအင်္ကျီပုံကို ပုံပျက်ပန်းပျက် ပုံဆိုးပန်းဆိုး မလုံမလဲဝတ်ကာ စင်ပေါ်တက်ကပြသွားပါသည်။

ရေကစားသူမိန်းကလေးငယ်များထဲတွင်လည်း အတို၊ အပြတ်၊ အဖော်၊ အစုတ်များဝတ်ဆင်သူများ၊ မဖွယ်မရာ ကိုးရိုးကားရား ကနေကြသူများ၊ ဘီယာမူးပြီး အလဲလဲအကွဲကွဲဖြစ်နေကြသူများ၊ ကိုရီးယားကားစရိုက်ကိုယူပြီး ကုန်းပိုးခေါ်သွားကြသူများ၊ ကိုယ့်ကိုဘယ်သူမှ မမြင်ဘူးထင်ပြီး နေချင်သလိုနေနေကြသူများကိုလည်း တွေ့ကြရပါသေးသည်။

မနှစ်ကသင်္ကြန်အရှိန်များ၊ အနှစ်နှစ်က သင်္ကြန်အရှိန်များတက်နေဆဲ၊ မိမိတို့ လူ့အဖွဲ့အစည်းက လက်မခံသည်ကို ဂရုမစိုက်ဆဲ မိမိ၏ လူမှုရေးတန်ဖိုးနိမ့်ကျပျက်ပြားသွားသည်ကို မစဉ်းစားမိဘဲ မူးယစ်ရီဝေကဲချင်တိုင်း ကဲနေကြဆဲဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ မနှစ်ကထက်စာလျှင် အများကြီးလျော့ပါးလာပြီဖြစ်သောကြောင့် ကျွန်မတို့နိုင်ငံ၏ အနာဂတ်၊ ကျွန်မတို့နိုင်ငံ၏ ဂုဏ်သိက္ခာအတွက် အနည်းငယ်အသက်ရှူချောင်လာရပါသည်။

မန္တလေးဟိုတယ်သင်္ကြန်မဏ္ဍပ်တွင် ရုပ်ရှင်သရုပ်ဆောင် ထူးသာက ကမ္ဘာမှာ မြန်မာတစ်နိုင်ငံတည်း ထူးထူးခြားခြား အကြီးအကျယ်ကျင်းပသော မြန်မာ့သင်္ကြန်ပွဲဖြစ်ကြောင်း၊ ယဉ်ယဉ်ကျေးကျေး ဝတ်စားဆင်ယင်ပြီး ယဉ်ကျေးပျော်ရွှင်စွာ ရေကစားကြစေလိုကြောင်း၊ စင်ရှေ့မှ ရေကစားပရိသတ်အား မေတ္တာစကားပြောကြားခဲ့သည်ကို ကြားလိုက်ရပါသည်။ အနုပညာရှင်၏ တာဝန်ကျေပွန်သော ဦးထူးသာကို ကျေးဇူးတင်မိပါသည်။

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို တန်ဖိုးထားမှု၊ မြန်မာ့လူ့အဖွဲ့အစည်းကို လေးစားမှု၊ မိမိတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမှုများသည် အနုပညာရှင်များ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေပါသည်။ အနုပညာရှင်များ၏ ကိုယ်ရည်ကိုယ်သွေးဒီဂရီမြင့်တက်ခြင်းကို ဖော်ညွှန်းနေပါသည်။ အရွယ်ရောက်စမိန်းကလေးငယ်များ၏ စံများ၊ ငိနမူများဖြစ်သော အနုပညာရှင်များ၏ တာဝန်သိမှုများအတွက် အနုပညာရှင်များအား ကျေးဇူးတင်ကြရမည်ဖြစ်ပါသည်။

သားသမီးများ၊ မြေးများ၊ တူ၊ တူမများ၊ တပည့်များနှင့် မိမိတို့၏ လူမှုပတ်ဝန်းကျင်ကို ဝိုင်းဝန်းကြပ်မတ်ထိန်းသိမ်းပေးကြသော အမေများ၊ အဘွားများ၊ အဒေါ်များ၊ ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၏ အင်အားစွမ်းရည်သည် အလွန်ထိရောက်လှပါသည်။

ကျွန်မတို့သည် မကောင်းခြင်းမှသည် ကောင်းခြင်းဆီသို့ ပြိုင်တူတွန်းခဲ့ကြသောကြောင့် ကောင်းသောအရွေ့တစ်ခုသို့ ရောက်ရှိခဲ့ကြပြီဖြစ်သည်။

နှမ်းတစ်လုံးတည်းဖြင့် ဆီမဖြစ်သော်လည်း ဆီဖြစ်ရန်အတွက် နှမ်းတစ်လုံးချင်းစီ၏ ပါဝင်မှုမှာမူ မရှိမဖြစ်လိုအပ်လှပါသည်။

ကျွန်မတို့၏ သားသမီးများ၊ တူ၊ တူမများ၊ တပည့်သားမြေးများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ဘဝလှပသာယာရေး၊ ကျွန်မတို့ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ တင့်တယ်ခိုင်မာရေးအတွက် ကျွန်မတို့အားလုံးဆက်လက်ကြိုးပမ်းကြပါစို့။

အရှက်အကြောက်ကို ဖုံးကွယ်သောဝတ်စားဆင်ယင်မှု၊ အရှက်အကြောက်ကို ထိန်းသိမ်းသော ပြုမူနေထိုင်မှု၊ အရှက်အကြောက်အခြေပြုသော မြန်မာ့လူမှုကျင့်ဝတ်များကို လိုက်နာမှုများဖြင့် အရှက်အကြောက်ကို တန်ဖိုးထားသော မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဂုဏ်ရည်မြင့်မားရေးကို ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း မေတ္တာရပ်ခံအပ်ပါသည်။

"သာသနာရောင်ဝါ ဝင်းပါတဲ့
ရွှေမြန်မာ ပြည်အခင်းမှာလ
ပိတောက်ဝါ ရွှေမှုန်ကျင်းပါလို့
ပျံ့သင်းထုံလှိုင်ကြူတဲ့
မြန်ပြည်သူ ဂုဏ်သတင်းတွေနှင့်
ရှင်းသန့်စေသား…။"

နိုင်ငံတကာဈေးကွက်ဝင် တီလားပီးယားမွေးမြူထုတ်လုပ်နိုင်ရန် အမေရိကန်နိုင်ငံလုပ်ငန်းဆိုင်ရာပညာရှင် နည်းပညာအကြံဉာဏ်ပေးမည်

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ၏ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အမေရိကန်နိုင်ငံ USAID ၏ ထောက်ပံ့မှုဖြင့် WIN ROCK INTERNATIONAL အဖွဲ့အစည်းမှ ငါးလုပ်ငန်းဆိုင်ရာသုတေသနပညာရှင် Dr.John G.Woiwode က နိုင်ငံတကာဈေးကွက်ဝင် တီလားပီးယား မွေးမြူထုတ်လုပ်နည်းပညာများ လာရောက်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်းကို ဧပြီ ၂၇ ရက် အပတ်စဉ်ဆွေးနွေးပွဲမှ သိရသည်။

အဆိုပါ အဖွဲ့အစည်းသည် အာရှဒေသရှိ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ သီရိလင်္ကာ၊ ဘူတန်၊ မြန်မာစသည့် ငါးနိုင်ငံတွင်(Farmer to farmer) လယ်သမားမှ လယ်သမားသို့ ချိတ်ဆက်ပြီး နည်းပညာပေးသည့် အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယခု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ ငါးကဏ္ဍတွင် တီလားပီးယားနှင့် ပတ်သက်သည့် ကမ္ဘာ့ဈေးကွက်ဝင် တီလားပီးယား ငါးအသားလွှာနည်းကို အအေးခန်းစက်ရုံများတွင် လက်တွေ့ပြသပေးမည်ဟု သိရသည်။ ထို့အပြင် တွံတေးမြို့နယ်ရှိ ငါးမွေးမြူရေးကန်များနှင့် သားဖောက်စခန်းများတွင် သားဖောက်နည်းပညာများကို သင်တန်းပေးမည်ဖြစ်ကြောင်းကိုလည်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက ပြောပြခဲ့သည်။

ယခုစီမံကိန်းတွင် WIN ROCK INTERNATIONAL နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့သည် တီလားပီးယားမွေးမြူထုတ်လုပ်မှုနှင့် အသားလွှာနည်းပညာများကိုလည်းကောင်း၊ ရေချိုပုစွန်တုပ်ကြီး သားပေါက်မွေးမြူထုတ်လုပ်နည်းများကို လည်းကောင်း၊ မွေးမြူသည့်ငါးများတွင် ကြီးထွားနှုန်းကောင်း၍ ရောဂါဒဏ်ခံနိုင်သော သားပေါက်များမွေးမြူထုတ်လုပ်နိုင်ရန် မျိုးမြင့်သည့်နည်းပညာများကို လည်းကောင်း၊ ငါးပုစွန် အစာထုတ်လုပ်မှုတိုးတက်လာစေရန် နည်းပညာများကိုလည်းကောင်း၊ မြန်မာနိုင်ငံမှထုတ်လုပ်သည့်ငါးများ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်မိစေရန် ဈေးကွက်အခြေအနေနှင့် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများကို လည်းကောင်း အမေရိကန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက အကြံဉာဏ်ပေးခြင်း၊ သင်တန်းပေးခြင်းစသော စီမံချက်များကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားကြောင်းလည်း သိရသည်။

(နန္ဒာဝင်း)

ပြည်နယ် ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းဆင်း

မော်လမြိုင် ဧပြီ ၂၈

မွန်ပြည်နယ် ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းဆင်းပွဲကို ဧပြီ ၂၄ ရက်က မော်လမြိုင်မြို့ ရာမညအားကစားခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ပိုက်ကျော်ခြင်း ဆပ်ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းနှင့် ပြည်နယ်အား/ကာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ သင်တန်းနည်းပြများ၊ မွန်ပြည်နယ် ၁၀ မြို့နယ်မှ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ပူးပေါင်းကျင်းပ

အဆိုပါသင်တန်းကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် ပြည်နယ်ပိုက်ကျော်ခြင်းဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး သင်တန်းကာလသုံးရက်ဖြင့် ဒိုင်လူကြီးသင်တန်းသား သင်တန်းသူ ၃၀အား သင်တန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုညီထွေး(မုဒုံမြေ)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

ရှာင် ဧပြီ ၂၈

ရှမ်းပြည်နယ် ခနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့ မြို့မဈေးတွင် ဧပြီ ၂၅ ရက် နံနက် ၉ နာရီခွဲက မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး နွေရာသီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှု သရုပ်ပြပွဲကျင်းပသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ တာဝန်ခံတပ်စုမှူး ဦးဝေလင်းအောင်တို့က ကြီးကြပ်ပြီး မီးဘေး ကြိုတင်ကာကွယ်ရေး၌ လိုက်နာဆောင်ရွက်ရမည့်အချက်များ ရှင်းလင်းဟောပြောပြီးနောက် မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ မီးသတ်ကားတို့ဖြင့် လက်တွေ့ မီးငြိမ်းသတ်မှုသရုပ်ပြကြသည်။ မီးငြိမ်းသတ်မှု သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော်မြင့်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေကြည်မြို့နယ်၌ တောဆင်ရိုင်းနင်းမှုကြောင့် ဆင်ဦးစီးသေဆုံး

ရေကြည် ဧပြီ ၂၈

ရေကြည်မြို့နယ် ကမ်းနီကျေးရွာအုပ်စု ဝါးချောင်းဖျားတောအတွင်း၌ တောဆင်ရိုင်းနင်းမှုကြောင့် ဆင်ဦးစီးတစ်ဦးသေဆုံးကြောင်း ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် သိရှိရသည်။

အဆိုပါသတင်းအရ ကမ်းနီ ရဲစခန်းမှ ဒုရဲအုပ်ကျော်စိုးဝင်းနှင့်အဖွဲ့သည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးရာ ရေကြည်မြို့နယ် ကမ်းနီကျေးရွာအုပ်စု ကမ်းနီရဲစခန်းအပိုင် စမ်းကြီးဆင်စခန်းဝင်း သစ်ထုတ်လုပ်ရေးတာဝန်ခံ ဦးလှဝင်း၏ ပြောကြားချက်အရ စမ်းကြီး ဆင်စခန်းဝိုင်းတွင် ဆင်ဦးစီး ဦးသိန်းမြင့် (၃၄ နှစ်) ဘိုးတော်ကျေးရွာ ညောင်မော်အုပ်စုနေသူနှင့် သားဖြစ်သူ အောင်သူ (၂၃နှစ်) ဆင်နောက်လိုက်တို့သည် ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ခန့်တွင် အစာလွှတ်ကျောင်းထားသည့် ဆင်မကြီးယုခင်ကို သွားရောက်ခေါ်ဆောင်စဉ် သား အောင်သူက ဆင်မကြီး ဦးခေါင်း၌ထိုင်လျက် ဆင်ဦးစီး ဦးသိန်းမြင့်က ဆင်နောက်မြီးက လိုက်ပါ၍ ဆင်စခန်းဝိုင်းသို့ ပြန်လာကြရာ မျက်နှာချင်းဆိုင် တောလမ်းမှ တောဆင်ရိုင်းတစ်ကောင် လာနေသည်ကို တွေ့ရှိ၍ ကမ်းပါးပေါ်သို့ ဆင်မကြီးယုခင်နှင့် တက်ပြေးကြစဉ် ဦးသိန်းမြင့်ကို တောဆင်ရိုင်းက နှာမောင်းနှင့်ရိုက်ချပြီး ခြေထောက်ဖြင့် နင်းသဖြင့်ရရှိသော ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ **(ပုသိမ်လှကြည်)**

❍ ရှေ့ဖုံးမှ

ရှေးဦးစွာ ဝန်ကြီးချုပ်ဦးမြင့်ဆွေက ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နေ့ဘက်တွင် (၇၈၆)မဂ္ဂါဝပ် နှင့် ညဘက်တွင် (၇၅၄)မဂ္ဂါဝပ်ရှိခဲ့ပြီး နှစ်စဉ် ဓာတ်အားသုံးစွဲမှုမှာ ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဓာတ်အားလိုအပ်ချက်မှာ မဂ္ဂါဝပ်(၈၀၀)မှ (၉၀၀)အထိ လိုအပ်မည်ဟုခန့်မှန်းထားရှိကြောင်း၊ ထို့ပြင် ပွင့်လင်းလာသည့် ဈေးကွက်စီးပွားရေးအရ ဖြစ်ပေါ်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အထူးစီးပွားရေးဇုန်ကြီးများ၏ဓာတ်အားကို ထည့်သွင်းတွက်ချက်ပါက ဓာတ်အားလိုအပ်ချက်မှာ ခန့်မှန်းထားသည်ထက်များစွာ ပိုမိုလာနိုင်ဖွယ်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားမရ ရှိသေးသော ကျေးရွာပေါင်း ၁၅၀၀ ခန့်ရှိနေသေး၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယခုဖွင့်လှစ်သော Toyo- Thai Power Myanmar Co.,Ltd. မှ အကောင်အထည်ဖော်သည့် (၁၂၀)မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ၏ ပထမအဆင့် (၄၁) မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ခြင်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ပထမဆုံးအကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ Toyo- Thai Power Myanmar Co.,Ltd. မှ (၁၂၀) မဂ္ဂါဝပ် စီမံကိန်းအား ၎င်းတို့၏ (၁၀၀) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ပထမအဆင့် ဓာတ်ငွေ့တာဘိုင်စက်(၂)လုံးအနက်မှ ပထမ(၁) လုံးကို (၄၁)မဂ္ဂါဝပ် စတင်ထုတ်လုပ် လည်ပတ်နိုင်ခဲ့ပြီဖြစ်ကာ ဒုတိယတာဘိုင်စက်ကိုလည်း ၂၀၁၃ ခုနှစ် မေလအတွင်း ဆက်လက်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးသွားနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ Toyo-Thai Power Myanmar Co., Ltd. President/CEO Mr. Hironobu Lriya က စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယခုစီမံကိန်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Toyo-Thai Power Myanmar Co., Ltd.တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တည်ဆောက်တပ်ဆင်သော စက်အမျိုးအစားမှာ ဟန်ဂေရီနိုင်ငံ GE ကုမ္ပဏီမှ ထုတ်လုပ်သော UN-6000PC Aero Devivative Engine Gas Turbine (၂)လုံးနှင့် Stream Turbine (၁) လုံးဖြစ်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ရာ ပထမအဆင့်အနေဖြင့် Gas Turbine No(1)သည် ဧပြီလ နောက်ဆုံးပတ်ခန့်တွင် (၄၁) မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် Gas Turbine No(2) မှ လျှပ်စစ်ဓာတ်အား(၄၁)မဂ္ဂါဝပ်အား ၂၀၁၃ ခုနှစ် မေလဆန်းတွင်လည်းကောင်း၊ Stream Turbine မှ လျှပ်စစ်ဓာတ်အား(၃၈)မဂ္ဂါဝပ်အား ၂၀၁၄ ခုနှစ် ဩဂုတ်လခန့်တွင် လည်းကောင်း ထပ်မံ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း တည်ဆောက်ရေးလုပ်ငန်းများ ပို့ဆောင်ရေးဒုတိယဝန်ကြီး ဦးဟံစိန် စစ်ဆေး

ရန်ကုန် ဧပြီ ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဟံစိန်သည် ဧပြီ ၂၇ရက်နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း၌ ဆိပ်ခံတံတားတည်ဆောက်နေမှု၊ လွန်းကျင်းလွန်းလမ်းတွင် သံလမ်းများတပ်ဆင်နေမှု၊ ခေတ်မီလေအိတ်လွန်းလမ်းများပြီးစီးမှု အခြေအနေ၊ 66KV ဓာတ်အားလိုင်း၊ မီးတိုင်များသွယ်တန်းနေမှုနှင့် 66KV ဓာတ်အားခွဲရုံ တည်ဆောက်နေမှုပြီးစီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မကွေးအသင်း ရှုံးပွဲမရှိစံချိန်ဆက်ထိန်း

ရန်ကုန် ဧပြီ ၂၈

သတင်း – ညီမြတ်သော်တာ
ဓာတ်ပုံ – ဖိုးသော်ဇင်

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

(အောင်ဆန်းကွင်း)

မကွေး – **နှစ်ဂိုး**
(ကိုကိုနိုင်နှင့် ထူးထူးအောင်)
ရခိုင်ယူနိုက်တက် – **ဂိုးမရှိ**

မကွေးအသင်းမှာ ကိုးပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းပြီး အမှတ်ပေးဇယား တတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ဇယားအောက်ဆုံးမှ ရခိုင်အသင်း၏ရုန်းကန်မှုကြောင့် မကွေးအသင်းမှာ ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း အနိုင်သုံးမှတ်ကို အမှားအယွင်းမရှိ ရယူနိုင်ခဲ့သည်။ မကွေးအသင်းအတွက် အနိုင်ဂိုးများကို ၂၃ မိနစ်တွင် ကိုကိုနိုင်နှင့် ၈၄ မိနစ်တွင် ထူးထူးအောင်တို့က သွင်းယူပေးခဲ့သည်။ မကွေးအသင်းမှာ ပယ်နယ်တီအပါအဝင် အပိုင်ဂိုးသွင်းခွင့်များကို လွဲချော်ခဲ့၍ နှစ်ဂိုးထက် ပိုမရခဲ့ခြင်းဖြစ်သည်။

(YUSC ကွင်း)

ရန်ကုန်ယူနိုက်တက် – **နှစ်ဂိုး**
(ဆီဇာနှင့်ကိုနေးအဒမ်မာ)
Southern – **ဂိုးမရှိ**

(သုဝဏ္ဏကွင်း)

မနော်မြေ – **နှစ်ဂိုး**
(အက်စလေနှင့် ဝေလင်းအောင်)
ဟံသာဝတီ – **တစ်ဂိုး**
(အောင်မင်းညွန့်)

ပွဲစဉ် (၉)အပြီးတွင် ဇေယျာရွှေမြေအသင်းက ရမှတ် (၁၉) မှတ်ဖြင့် ဦးဆောင်နေပြီး ကမ္ဘောဇအသင်းက ဒုတိယ၊ မကွေးအသင်းက တတိယ၊ ရန်ကုန်အသင်းက စတုတ္ထ၊ ရောဝတီအသင်းက ပဥ္စမနှင့် နေပြည်တော်အသင်းက ဆဋ္ဌမနေရာတို့တွင် ရပ်တည်နေသည်။

မကွေးအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

❐ ကျော်ဖုံးမှ

ည ၉ နာရီခွဲအထိ နေ့စဉ်ပြေးဆွဲနေပါတယ်” ဟု ရှင်းပြသည်။

ယခုလို မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ပြေးဆွဲလျက်ရှိသော ကူးတို့ရေယာဉ်လမ်းများ အသီးသီး၏ ခရီးသည်ခနှုန်းထားများပြောင်းသလို ဒလ-ပန်းဆိုးတန်းပြေးဆွဲလျက်ရှိသော စက်သမ္ဗန်များ၏ ခရီးသည်ခနှုန်းထားနှင့် ပတ်သက်၍မေးမြန်းကြည့်ရာ “ဒလဆိပ်ကမ်းမှ စက်သမ္ဗန်မောင်းတစ်ဦးက ကျွန်တော်တို့ကတော့ ယခု ငွေကျပ် ၁၀၀ နဲ့ စင်းလုံးငှား ငွေကျပ် ၁၀၀၀ပဲပြေးဆွဲနေပါတယ်။ နောက်ဆိုရင် ခရီးသည်ခနှုန်းထားများ တက်ဖို့ ပြောလို့မရသေးဘူး” ဟု ဆိုသည်။

တပ်ဆင်ထား

ယခုဆိုလျှင် ပန်းဆိုးတန်း-ဒလ ပြေးဆွဲလျက်ရှိသော ခရီးသည်ရေယာဉ်များတွင် ထိုင်ခုံများစနစ်တကျ တပ်ဆင်ပေးထားပြီး ခရီးသည်များ စိတ်ချမ်းမြေ့စွာကြည့်ရှုနိုင်ရန် တီဗွီများတပ်ဆင်ထားကြောင်း သိရသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

အမြို့မြို့အနယ်နယ်သတင်းများ

လယ်ယာစီမံခန့်ခွဲရေး ကျိုက်ထို၌ ညှိနှိုင်းဆွေးနွေး

ကျိုက်ထို ဧပြီ ၂၈

ကျိုက်ထိုမြို့နယ် လယ်ယာစီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က လယ်ယာမြေဥပဒေဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော လယ်ယာမြေဥယျာဉ်ခြံပိုင်ရှင်များ၏ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒေါပုံမြို့နယ်အတွင်း သောက်သုံးရေဖြန့်ဝေပေး

ရန်ကုန် ဧပြီ ၂၈

ယခုအခါတွင် နေ့အပူချိန်များ သိသိသာသာမြင့်တက်လာသည်နှင့်အမျှ သောက်သုံးရေများ ရှားပါး ပြတ်လပ်လျက်ရှိသဖြင့် ရန်ကုန်မြို့တော်စည်ပင်ရေနှင့်သန့်ရှင်းမှုဌာနမှူး၏စီစဉ်မှုဖြင့် ခရိုင်မှူး ဦးသန့်ဇင်ဦး ဦးဆောင်ကာ ဒေါပုံမြို့နယ် ရေ/သန့်တာဝန်ခံ ဦးရဲမင်းထွဏ်းနှင့်ဝန်ထမ်းများသည် ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက်၊ ယမုံနာ(၂)ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်၊ သင်္ဘောကျင်းရပ်ကွက်တို့၌နေထိုင်ကြသော ပြည်သူများ သောက်ရေ၊ သုံးရေများ ရရှိစေရေးအတွက် ပြည်သူ့အကျိုးပြု ရေဖြန့်ဝေရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ရပ်ကွက်များအား အလှည့်ကျစနစ်ဖြင့် နေ့စဉ်ရေဂါလန်တစ်သောင်းခွဲခန့် ဖြန့်ဝေပေးနိုင်သည်။

ဦးမောင်မောင်

တန်ဖိုးနည်းဖုန်းများ ဖြူးတွင် မဲစနစ်ဖြင့်ရောင်းချ

ဖြူး ဧပြီ ၂၈

အများပြည်သူများ မျှော်လင့်စောင့်စားနေသော တန်ဖိုးနည်း CDMA 800 MHz Sim Card များကို ဖုန်းကတ်တစ်ခုလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ပြည်သူများအား ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းက ခွဲတမ်းမဲစနစ်ဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ရောင်းချခဲ့သည်။ ဖြူးမြို့ပေါ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်ရှိရာ တစ်ရပ်ကွက်လျှင် ဖုန်းကတ် ၁၁ ကတ်သာ ခွဲတမ်းရရှိသဖြင့် ဝယ်လိုသူများပြီး ဖုန်းကတ်ရရှိသူနည်းပါးကြောင်း သိရှိရသည်။ **ဖြူးမြင့်ဦး**

JICA ကိုယ်စားလှယ်များ ရေးမြို့သို့ရောက်ရှိ

ရေး ဧပြီ ၂၈

မွန်ပြည်နယ် ရေးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၅ ရက် နံနက် ၉ နာရီက ဂျပန်နိုင်ငံ JICA ကိုယ်စားလှယ်အဖွဲ့ဝင်ကိုးဦးသည် ရေးမြို့နယ်ရှိ သက်ဆိုင်ရာဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ဒေသဆိုင်ရာလုပ်ငန်းကိစ္စရပ်များကို အဓိကဆွေးနွေးလျက်ရှိကြောင်း သိရှိရသည်။ **နေမျိုးထွဋ်(ရေး)**

ပူတာအိုနှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်

ပူတာအို ဧပြီ ၂၈

ကချင်ပြည်နယ် ပူတာအိုမြို့ ဘိုခိုရပ်ကွက်ရှိ နမ်ထွမ်ချောင်းတွင် ဧပြီ ၁၇ ရက် နံနက် ၁၀ နာရီ (နှစ်ဆန်းတစ်ရက်နေ့)က ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဦး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ငါးလုပ်ငန်းစခန်းဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက နမ်ထွမ်ချောင်းအတွင်းသို့ ငါးများကို ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပေးကြသည်။ နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲတွင် ရွှေဝါငါးကြင်း ကောင်ရေ ၂၅၀၀၀ ကို ဘေးမဲ့လွှတ်ပေးခဲ့ကြကြောင်းသိရသည်။ **ဖုန်ကန်(ပူတာအို)**

မြင်းမူမြို့နယ်တွင် (DYL) ဝက်မျိုး အကြွေးရောင်း

မြင်းမူ ဧပြီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အရ ဝက်မွေးမြူရေးတိုးတက်စေရန် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ မြင့်မြင့်ဌေးနှင့် ဒုတိယဦးစီးမှူးများသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသော (DYL) ဝက်မျိုးကောင်းမျိုးသန့် အကောင် ၁၀၀ကို ပြင်ဦးလွင်မြို့ ထုံးဘို အဆင့်မြင့်ဝက်မွေးမြူရေးခြံမှ အတိုးမဲ့အကြွေးစနစ်ဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါဝက်များကို ညောင်ရင်းကျေးရွာနှင့် ပုလဲတန်ကျေးရွာရှိ ဝက်မွေးမြူသူများအား ဧပြီ ၂၆ ရက်မှစတင်၍ ခြောက်လအကြွေးစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး စုစုပေါင်းဝက်တန်ဖိုးမှာ ငွေကျပ် ၇၉၆၁၉၀၀ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

◆ **ရှေ့ဖုံးမှ**

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ယခုလို လာရောက်လည်ပတ်လေ့လာခွင့်ရရှိသည့်အတွက် ဝမ်းသာအားရဖြစ်မိပါကြောင်း၊ အဆွေတော်သမ္မတကြီးအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း၊ အဆွေတော်တို့နိုင်ငံတွင် များစွာ လေ့လာအတုယူဖွယ်ရာများရှိပါကြောင်း၊ အဆွေတော်တို့ နိုင်ငံတွင် သဘာဝအရင်းအမြစ်များမှာ မိမိတို့နိုင်ငံလောက်ပေါများကြွယ်ဝခြင်း မရှိသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ အဆွေတော်တို့နိုင်ငံ၏ နိုင်ငံခေါင်းဆောင်များ၏ ကောင်းမွန်သောမူဝါဒများ၊ မှန်ကန်သည့် စနစ်များနှင့် နိုင်ငံသားများ၏ ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကြောင့် ဖြစ်မည်ဟု ထင်မြင်ယူဆပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံသမ္မတက အဆွေတော်တို့မြန်မာနိုင်ငံတွင်နိုင်ငံတော်သမ္မတကြီးနှင့် အဆွေတော်ဥက္ကဋ္ဌကြီးတို့၏ ဦးဆောင်မှုဖြင့် ပြုပြင်ပြောင်းလဲမှုများ များစွာဆောင်ရွက်နိုင်ခဲ့၍ နိုင်ငံတကာ အသိုင်းအဝိုင်းမှ များစွာအားရလျက်ရှိပါကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရာတွင် လျင်မြန်စွာဆောင်ရွက်ပါက ဒီမိုကရေစီ ဖွံ့ဖြိုးလာပြီး ဒီမိုကရေစီဖွံ့ဖြိုးလာသည်နှင့်အညီ နိုင်ငံသည်လည်းအောင်မြင်တိုးတက်လာမည်ဟု ထင်မြင်ယူဆပါကြောင်း၊ ကိုရီးယား-မြန်မာ နှစ်နိုင်ငံသည် ၁၉၇၅ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပါကြောင်း၊ လက်ရှိအခြေအနေတွင် နှစ်နိုင်ငံအဆင့်မြင့်အရာရှိများ အပြန်အလှန်လည်ပတ်ခြင်းမှတစ်ဆင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ကိုရီးယား-မြန်မာ နှစ်နိုင်ငံစီးပွားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အရေးများစွာရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ကူညီဆောင်ရွက်

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံသည် သဘာဝ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ H.E. Ms. Park Geum Hye တို့ သမ္မတအိမ်တော် (Blue House) ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သယံဇာတများ ပေါများကြွယ်ဝပြီး ပထဝီနိုင်ငံရေးအရလည်း အရေးပါသည့်နေရာတွင် တည်ရှိပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးချဲ့ခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာဖလှယ်ခြင်း၊ ကုန်သွယ်ရေးလုပ်ငန်းများ မြှင့်တင်ခြင်းများဆောင်ရွက်သွားပါက ကိုရီးယား-မြန်မာ နှစ်နိုင်ငံအတွက်သာမက ကမ္ဘာ့နိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ကဏ္ဍများစွာနှင့် အခွင့်အလမ်းများစွာ ရှိပါကြောင်း၊ နယ်ပယ်အသီးသီး ကဏ္ဍအသီးသီးတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံပါက မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အဆွေတော်တို့နိုင်ငံ၏ Korea Development Institute (KDI) နှင့် Korea Institute of Science and Technology (KIST)တို့သို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ သုတေသနပြုမှု၊ တင်ပြမှုများနှင့်အစိုးရအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် ကိုရီးယားနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးလာသည်ဟု ထင်မြင်ယူဆပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အဆိုပါကဏ္ဍများတွင် လိုအပ်သော အကြံဉာဏ်အကူအညီများ ပေးအပ်စေလိုကြောင်း၊ မြန်မာနိုင်ငံတွင်ကျေးလက်နေပြည်သူ (၇၀)ရာခိုင်နှုန်းကျော်ရှိပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စစ်တမ်းများအရ ဆင်းရဲမှုရာခိုင်နှုန်း (၂၆)ရာခိုင်နှုန်းရှိသည်ဟု သိရှိရပါကြောင်း၊ ယခုထက်ပင် ပို၍များနိုင်ပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့်ရော လွှတ်တော်အနေဖြင့်ပါ ဆင်းရဲမှုလျှော့ချရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်၏ ဆောင်ရွက်ချက်အနေဖြင့်ကျေးလက်နေပြည်သူများ အများစုမှာတောင်သူလယ်သမားများဖြစ်သဖြင့် ၎င်းတို့၏ အကျိုးအတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးနှင့် နည်းပညာများလိုအပ်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတက KDI ကဲ့သို့သော အဖွဲ့အစည်းများ မြန်မာနိုင်ငံတွင် ဖွဲ့စည်းသွားမည်ဆိုပါက ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော်၏ ဆွေးနွေးချက်များကိုကြည့်ပါက ကိုရီးယား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်လိုသည့်ဆန္ဒများရှိသည်ကို တွေ့ရသကဲ့သို့ မိမိတို့အနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေး အပြန်အလှန် ဆက်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပါတီများကလည်း ပါတီစွဲမထားဘဲ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အဆွေတော်အနေဖြင့် အဆွေတော်၏ နိုင်ငံသားများပျော်ရွှင်ချမ်းမြေ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆွေတော်ဦးဆောင်သောအစိုးရအဖွဲ့နှင့်အတူ ဆောင်ရွက်နိုင်မည်ဟု ထင်မြင်ပါကြောင်း၊ အဆွေတော်သမ္မတကြီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန်လည်း မိမိတို့အနေဖြင့် ဆန္ဒရှိပါကြောင်း၊ အဆွေတော် ကျန်းမာစေရန်အတွက်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ယခုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လည်းကောင်း ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံသမ္မတက စည်းလုံးညီညွတ်ခြင်းထက် ကြီးမားသောအောင်မြင်မှု မရှိနိုင်ပါကြောင်း၊ စည်းလုံးညီညွတ်မှုရှိပါက အောင်မြင်မှုလည်း ရရှိမည်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ကျန်ရှိသေးသောခရီးစဉ် ချမ်းမြေ့အောင်မြင်ပါစေကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံသို့လည်း နောက်ထပ်လာရောက် လည်ပတ်နိုင်ပါစေကြောင်းပြောကြားပြီး ဆွေးနွေးပွဲပြီးဆုံးခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးညွန့်လှိုင်လိုက်ပါလျက် မေ ၂၂ ရက် ညနေ၄နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဧည့်ခန်းမဆောင်၌ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Yun Byung-se နှင့် တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မေ၂၆ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့အား Ulsan မြို့တော်ဝန် Mr. Bak Maeng-woo က Ulsan မြို့ရှိ Lotte ဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နံနက်၈နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Busan Port သို့ ရောက်ရှိပြီး Busan ဆိပ်ကမ်း၌ သင်္ဘောကြီးများဆိုက်ကပ်နေမှု၊ ကုန်တင်ကုန်ချပြုလုပ်နေမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ဟွန်ဒိုင်းမော်တော်ယာဉ်စက်ရုံသို့ရောက်ရှိပြီး မော်တော်ယာဉ်များ ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ပြီး မော်တော်ယာဉ်များအား ဆိပ်ကမ်းမှ ပြည်ပသို့တင်ပို့မှု အခြေအနေများကို ကြည့်ရှုလေ့လာခဲ့သည်။

ဆက်လက်၍ Incheon International Airport သို့ ရောက်ရှိရာ လေဆိပ်ဧည့်ခန်းမဆောင်၌ Incheon International Airport မှ တာဝန်ရှိသူများက လေဆိပ်တည်ဆောက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Incheon International Airport မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာရာ မြန်မာသံအမတ်ကြီးဦးညွန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်မြင့်ဟိန်းနှင့် သံရုံးဝန်ထမ်းများ၊ ကိုရီးယားသမ္မတနိုင်ငံ National Assembly မှ တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး ... သား/ငါး ထွက်ကုန်မျ...

ရန်ကုန် မေ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့သည် မေ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကညွှင်သုံးဆယ်ကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာအနီးရှိ အောင်မင်္ဂလာရိုးနှင့် ဝေါမိရိုး ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်း၊ ပင်မမြောင်းတည်ဆောက်ရေးလုပ်ငန်းခွင်ရှိ ရှင်းလင်းဆောင်၌ ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီးရှိ ကန်ကြီးထောင့်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်၊ မအူပင်မြို့နယ်၊ ဓနုဖြူမြို့နယ်၊ ပန်းတနော်မြို့နယ်၊ သာပေါင်းမြို့နယ်နှင့် လေးမျက်နှာမြို့နယ် စုစုပေါင်းရှစ်မြို့နယ်၏ နှစ်စဉ် ရေကြီးနစ်မြုပ်မှု အန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

တွေ့ဆုံပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တွင် ရေမြောင်းစနစ် ၇၁ ခုအနက် ၆၃ ခုအား ရာနှုန်းပြည့် အကောင်အထည်ဖော်ပြီးစီးနေမှုနှင့် ကျန်ရှစ်ခုအား မိုးစပါးစိုက်ပျိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် စက်ယန္တရားကြီး အစီးရေ ၉၀ ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်ကလည်းကောင်း၊ မြေပြင်တိုင်းတာ တွက်ချက်မှုများအရ ဆည်မြောင်းစနစ်ဖောက်လုပ်ရန် အလျားမိုင် စုစုပေါင်း ၂၀၈ မိုင်အနက် မိုင်

ထူးခြားသည့်နေ့အပူချိန်

၂၈-၄-၂၀၁၃

အခြေခံစားကုန်များဈေးနှုန်း

၂၇-၄-၂၀၁၃

၁။	ငွေဆန်	အိတ်	၁၆၅၀၀-၁၇၀၀၀
၂။	ပေါ်ကွဲ	အိတ်	၁၈၅၀၀-၁၉၀၀၀
၃။	ပေါ်ဆန်း	အိတ်	၂၁၅၀၀-၂၈၀၀၀
၄။	စားအုန်းဆီ	ပိဿာ	၁၄၂၀
၅။	မြေပဲဆီ	ပိဿာ	၃၉၀၀
၆။	ကြက်သွန်နီ(ဆိပ်ဖြူ)	ပိဿာ	၃၂၅-၃၈၅
၇။	အောင်ပန်းအာလူး	ပိဿာ	၂၅၀-၅၅၀
၈။	ဝါးခယ်မ ငရုတ်ရှည်	ပိဿာ	၁၇၀၀
၉။	ဆင်ဖြူကျွန်း ငရုတ်ပွ	ပိဿာ	၄၅၀၀
၁၀။	ရှမ်းကြက်သွန်ဖြူ	ပိဿာ	၁၂၀၀-၁၈၀၀
၁၁။	ကြူကုတ်ကြက်သွန်ဖြူ	ပိဿာ	၁၈၀၀
၁၂။	သကြား	ပိဿာ	၈၅၀-၉၅၀
၁၃။	ညောင်ဦးဆေးခပ်ထန်း	ပိဿာ	၆၈၀
၁၄။	မန်ကျည်းအခါး	ပိဿာ	၁၁၀၀

ဘုရင့်နောင်ပွဲရုံများမှ လက်ကားဈေးနှုန်းများဖြစ်ပြီး နာရီနှင့်အမျှ ဈေးနှုန်းပြောင်းလဲနိုင်ပါသည်။ **ခင်ဆိုင်**

ရန်ကုန်မြို့ ဒဂုံမြို့နယ် တိုက်(၆) အခန်း(၁၅) ဦးဝိစာရအိမ်ရာနေ ဦးမြကြည် စခန်းမှူး(အငြိမ်းစား) ပြည်သူ့ဝန်ထမ်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)၏ မေ ၁၂ ရက်တွင်ကျရောက်သော (၈၅) နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် အမှတ် (၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)ရှိ လူနာများအသုံးပြုရန်အတွက် ဆေးပဒေသာပင်ငွေကျပ် ၅၀၀၀၀၀ကို မေ ၁၁ရက်တွင် လှူဒါန်းခဲ့ရာ အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်းက လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ဒဂုံတောင် စက်မှုဇုန်(၂)အတွင်း မ...

ရန်ကုန် မေ ၂၈

ယနေ့နံနက် ၁ နာရီခန့်က ဒဂုံ(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၂) (၆၄) ရပ်ကွက် မိုးမခလမ်း အမှတ်(၃၈၄)ရှိ ပိုင်ရှင် ဦးသောင်းမြင့်၏ (စူပါဦးသောင်းမြင့် တွင်နှင့် မို လုပ်ငန်း)တွင် မီးလောင်မှုဖြစ်ပွားကြောင်း နံနက် ၁ နာရီ ၁၀ မိနစ်တွင် ပေးပို့သော ဖုန်းသတင်းအရ ၁ နာရီ ၁၁ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မှ မီးငြိမ်းသတ်ရေယာဉ် သုံးစီးက စတင်ထွက်ခွာ ငြိမ်းသတ်ခဲ့သည်။

၄င်းနောက် တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ ဒဂုံ(မြောက်)၊ ကျောက်တံတား၊ စမ်းချောင်း၊ တာမွေ၊ တာမွေခွဲ၊ ရွှေပေါက်ကံ၊ သာကေတ၊ ဒေါပုံ၊ ဒဂုံဆိပ်ကမ်း၊ လှိုင်၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ မြောက်ဥက္ကလာပခွဲ၊ အင်းစိန်၊ ရွှေပြည်သာဌာနချုပ်တို့မှ စုစုပေါင်း မီးငြိမ်းသတ်ယာဉ် ၄၃ စီးတို့က လာရောက်ငြိမ်းသတ်ပေးခဲ့ကြသည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက အနီးကပ်ညွှန်ကြားမှုများပေးခဲ့ပြီး ကွပ်ကဲမှုယာဉ် ငါးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ပေးခဲ့ရာ **(အောက်ပုံ)** နံနက် ၁ နာရီ ၃၅ မိနစ်တွင် မီးကိုထိန်းနိုင်ခဲ့ပြီး နံနက် ၁

...င်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိကဆန်အိုးကြီးဖြစ်ရုံမျှမက ...ထွက်ကုန်များမှ နိုင်ငံတော်၏ရိက္ခာကို အထောက်အကူပေးလျက်ရှိ

...ပြီ ၂၈

...မျိုးရေးနှင့်ဆည် ... ပြည်ထောင်စု ...မွေးမြူရေးနှင့်ရေ ... ပြည်ထောင်စု ...နှင့် ဧရာဝတီ ...ကြီးချုပ် ဦးသိန်း ... ၂၇ ရက်တွင် ...ကြီး ကျောင်း ...သုံးဆယ်ကျေး ...ကျေးရွာအနီးရှိ ...ဝေါမိရိုး ချဲ့ထွင် ...၊ ပင်မမြောင်း ...ပ်ငန်းခွင်ရှိ ရှင်း ...သခံတောင်သူ ...တွေ့ဆုံ၍ ဧရာ ...ကန်ကြီးထောင့် ...းကုန်းမြို့နယ်၊ ...အူပင်မြို့နယ်၊ ...တနော်မြို့နယ်၊ ... လေးမျက်နှာ ...းရှစ်မြို့နယ်၏ ...ပ်မှု အန္တရာယ် ...နိုင်ရေးအတွက် ...အခြေအနေနှင့် ...းတိုးတက်ရေး ...င့် စပ်လျဉ်း၍ ...ကြသည်။ ...လယ်ယာစိုက်ပျိုး ...င်းဝန်ကြီးဌာန ...တိုင်းဒေသကြီးရှိ ...တွင် ရေမြောင်း ... ၆၃ ခုအား ...င်အထည်ဖော် ...ခုအား မိုးစပါး ...ကြီးနစ်မြုပ်မှုမှ ...န္တရာယ်ကြီး အစီး ...ဆောင်ရွက်နေ ...မြောင်းဦးစီးဌာန ... ဦးကျော်မြင့် ...း၊ မြေပြင်တိုင်း ...းအရ ဆည် ...လုပ်ရန် အလျား ...မိုင်အနက် မိုင်

၁၆၀ ဆောင်ရွက်ထားရှိပြီး ကျန်ရှိသောမြောင်းလုပ်ငန်းရှစ်ခုမှ အလျား ၄၈ မိုင်ကို အချိန်ကိုက်ပြီးစီးရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်များတွင် ယနေ့ထိလယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးရန်နှင့် ပတ်သက်၍ မှတ်ပုံတင်အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကို တိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ထင်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းထိန်က နိုင်ငံတော်အစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တောင်သူလယ်သမားများအပေါ် အချိန်တိုကာလအတွင်းယခုကဲ့သို့ ထိထိရောက်ရောက် ရေမြောင်းစနစ် ဖောက်လုပ်ပေးမှုအပေါ် ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသော သာပေါင်းမြို့နယ်၊ လေးမျက်နှာမြို့နယ်တို့ရှိ ရေမြောင်းများ ဖောက်လုပ်ရန်နှင့် နောင်ပွင့်လင်းရာသီ ဆက်လက်ဆောင်ရွက်နိုင်ရေး ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လိုအပ်သည်များကို ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာသော ကျေးရွာအုပ်စု ၂၀ မှ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ပုလဲဆန်များကို ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကန်ကြီးထောင့်မြို့နယ် ဝက်ထိုးကျေးရွာ ရေမြောင်းစနစ်များ တူးဖော်သည့်လုပ်ငန်းခွင်၌ ဒေသခံတောင်သူ ၃၀၀ ခန့်နှင့် တွေ့ဆုံ၍ **(အပေါ်ပုံ)** ဒါးကကျေးရွာအုပ်စုရှိ ဒါးက-မန္တလေး ကုန်းရေတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စု ဝန်ကြီးများက တွေ့ဆုံဆွေးနွေးရာတွင် ဒေသနေပြည်သူများအနေဖြင့် တည်ဆောက်အကောင်အထည်ဖော်ပြီးဖြစ်သည့် ဆည်မြောင်းစနစ်များကို ရေရှည်တည်တံ့ရန် အဆင့်ဆင့်ထိန်းသိမ်းရန်လိုအပ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိကဆန်အိုးကြီး ဖြစ်ရုံမျှမက ဆန်ရေစပါးအပြင် သား/ငါး ထွက်ကုန်များမှ နိုင်ငံတော်၏ရိက္ခာကို ကြီးမားစွာ အထောက်အကူပေးလျက်ရှိကြောင်း၊ ဒေသနေလူထု၏ ဝင်ငွေတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်အရှိန်အဟုန်မြှင့်ကာ တောင်သူတစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်တိုးတက် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးထွက်ကုန်များသည် လယ်ယာကဏ္ဍအတွက် အရေးကြီးသကဲ့သို့ မွေးမြူရေးကဏ္ဍအတွက်လည်းအရေးပါကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်သည် မွေးမြူရေးအစာအဖြစ် ထုတ်လုပ်နိုင်သည့်နည်းတူ စီးပွားဖြစ်မွေးမြူရေးမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများသည် သဘာဝမြေဆီဩဇာ အထူးကောင်းမွန်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အပြန်အလှန်အကျိုးပြုကာ ဟန်ချက်ညီစွာဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

အခြေခံလိုအပ်ချက်ဖြစ်သော မျိုးကောင်းမျိုးသန့် မျိုးစေ့နှင့် တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ၊ သိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူခြင်းနည်းစနစ်များကို တောင်သူများ လက်လှမ်းမီအောင် ဖြည့်ဆည်းပေးရန်အသင့်ရှိကြောင်း၊ တောင်သူများကိုယ်တိုင်တိုးတက်ကြီးပွားရန်၊ ကိုယ်တိုင် ပါဝင်ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းကို နိုင်ငံနှင့်အဝန်း ဆောင်ရွက်ပေးရာတွင် လယ်မြေဧကရှစ်သိန်းကျော် ပါဝင်သည့် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် တောင်သူများကိုယ်တိုင် နိုးကြားစွာဖြင့် ကြားကွက်လပ်မကျန်အောင် ၂၀၁၃ ခုနှစ်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရန်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့များ အနေဖြင့် တောင်သူများ နိုးကြားလာအောင် အချိန်ကာလသတ်မှတ်ချက်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

လယ်ယာမှတ်ပုံတင်ခြင်းလုပ်ငန်းသည် (ဧရာဝတီတိုင်းဒေသကြီးအပါအဝင်)နိုင်ငံနှင့်အဝန်း မြေကြီးမြေပုံမှန်ကန်ရေး၊ လယ်ယာမြေသန်းခေါင်စာရင်းကောက်ယူခြင်း ဖြစ်သည့်အပြင် တောင်သူများလိုအပ်သည့် စိုက်ပျိုးစရိတ် ရင်းနှီးမတည်ငွေများကို ဥပဒေအရရရှိခံစားနိုင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်သည်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်လုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တစ်နိုင်ငံလုံးနိုးကြားစွာ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်တွင်းအလွတ်တမ်း အရည်အချင်းစစ် မြင်းစီးအားကစားပြိုင်ပွဲ နေပြည်တော်၌ ကျင်းပပြီးစီး

➢ သတင်း-မင်းခေါင်
➢ ဓာတ်ပုံ-အား/ကာ

နေပြည်တော် မေ ၂၈

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ မြန်မာမြင်းစီးအားကစားသမားများ အရည်အချင်းပိုမိုမြင့်မားလာစေရေးကို ရှေးရှုကာ ပြည်တွင်းအလွတ်တန်း အရည်အချင်းစစ် မြင်းစီးအားကစားပြိုင်ပွဲကို နေပြည်တော်ရှိ မြင်းစီးအားကစားပြိုင်ကွင်း၌ မေ ၂၇ ရက်နှင့် ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် Dressage Individual ပြိုင်ပွဲ၊ Engurance ပြိုင်ပွဲ၊ Dressage Team ပြိုင်ပွဲနှင့် Show Jumping ပြိုင်ပွဲလေးမျိုးကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ မလေးရှားနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ Dr. Zulkifi (Em-duranceVat)၊ Ms. Gabby (Dre-ssage Judge) နှင့် Mr. Husret Teremiah (Jumping & Dressage Coach) တို့ကလည်း လာရောက်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း ပထမဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

အလွတ်တန်းအရည်အချင်းစစ် မြင်းစီးပြိုင်ပွဲ ပထမနေ့တွင် Dressage Individual ပြိုင်ပွဲ၊ Engurance ပြိုင်ပွဲ၊ Dressage Team ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ဒုတိယနေ့တွင် Show Jumping ပြိုင်ပွဲကို ဆက်လက် ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် Show Jumping ပြိုင်ပွဲ ပထမဆုရ အောင်ထွန်းသူ (မြင်းအမည်-ထိပ်ကွက်)၊ ဒုတိယဆုရ စောမောင် (မြင်းအမည်-ပုဂံမင်းသမီး)၊ တတိယဆုရ ထွန်းအောင်ဖြိုး (မြင်းအမည်-စိန်ဆန်းဆင့်)တို့အား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လည်းကောင်း၊ Dressage Team ပြိုင်ပွဲ ပထမဆုရ ဝါဝါရွှေ (မြင်းအမည်-နတ်သမီး)နှင့် အောင်ထွန်းသူ (မြင်းအမည်-စိန်မြတ်မြတ်)၊ ဒုတိယဆုရ ထွန်းအောင်ဖြိုး (မြင်းအမည်-စိန်မေအောင်) နှင့် စောမောင် (မြင်းအမည်-စိန်ဝင်းဗိုလ်)၊ တတိယဆုရ ဇော်ဝေ (မြင်းအမည်-စိန်ဝင်းမယ်)နှင့် သန်းနိုင်အောင်(မြင်းအမည်-စိန်ဆင့်မောင်) တို့အား မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က လည်းကောင်း၊ Engurance ပြိုင်ပွဲ ပထမဆုရ ကျော်မောင်(မြင်းအမည်-စိန်ဂန္ဓဝင်)၊ ဒုတိယဆုရ နိုင်နိုင်အောင် (မြင်းအမည်-စိန်လျှံတိုး)၊ တတိယဆုရ ကြည်မင်း(မြင်းအမည်-ပုလဲသူ) တို့အား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးထွန်းမြင့်ဦးက လည်းကောင်း၊ Dressage Individual ပြိုင်ပွဲ ပထမဆုရ သန်းနိုင်အောင်(မြင်းအမည်-စိန်ဆင့်မောင်)၊ ဒုတိယဆုရ အောင်ထွန်းသူ (မြင်းအမည်- စိန်မြတ်မြတ်)၊ တတိယဆုရ စောမောင် (မြင်း အမည်- စိန်ဝင်းဗိုလ်)တို့အား မြင်းစီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးညဏ်လင်းတို့က ဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အနိုင်ရခဲ့သူများအား ဆုချီးမြှင့်ခဲ့ပြီးနောက် မလေးရှားနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ လာရောက် ကူညီခဲ့ကြသူများကိုလည်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများက မြင်းစီးအားကစားသမားများ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင် ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့ကြောင်း သိရှိရသည်။

ပြည်တွင်းအလွတ်တန်း အရည်အချင်းစစ် မြင်းစီးအားကစားပြိုင်ပွဲကို နေပြည်တော်ရှိ မြင်းစီးအားကစားပြိုင်ကွင်း၌ ကျင်းပစဉ်။

...နေ့အပူချိန်
...၁၃

ချောက်မြို့
၄၃ ဒီဂရီစင်တီဂရိတ်

...)အတွင်း မီးလောင်

...ပေးခဲ့ကြသည်။ ...မီးသတ်တပ်ဖွဲ့ ...ားရေးမှူးချုပ် ...တပ်ညွှန်ကြားမှု ...မှုယာဉ် ငါးစီး ... သတ်ပေးခဲ့ရာ ... ၁ နာရီ ၃၅ ...င်ခဲ့ပြီး နံနက် ၁ နာရီ မိနစ် ၅၀ တွင် လုံးဝမီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် စက်ရုံနှင့် အတွင်းပစ္စည်း ကျပ် ၁၅ သိန်း ငါးသောင်းဖိုးခန့် ဆုံးရှုံးခဲ့သည်ဟုသိရသည်။ စက်ရုံမှ တာဝန်ခံဖြစ်သူ ဦးတင်ရွှေအား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရသည်။

ကိုကြီးတင်

လားရှိုးရထားရဲတို့ ၁၃၂ အစုန် လူစီးရထားတွဲပေါ်တွင် မူးယစ်ဆေးဝါးများ သိန်း ၄၀၀ ကျော်ဖိုး စံချိန်တင် ဖမ်းဆီးရမိ

ကျောက်မဲ မေ ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး-မန္တလေးလမ်းပိုင်း၊ လားရှိုးမှ မန္တလေးသို့ ထွက်ခွာလာသော ၁၃၂ အစုန်လူစီးရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့်ခရီးသည်နှစ်ဦးထံမှ ခရီးဆောင်အိတ်နှင့် လက်ဆွဲခြင်းအတွင်းရှိ ဆပ်ပြာခွက်များအတွင်း၌ ဝှက်ယူလာသည့် ဘိန်းဖြူဟု ယူဆရသော အမှုန့်များတွေ့ရှိရသဖြင့် ရထားလုံခြုံရေး တပ်ဖွဲ့ဝင်များက ပြင်ဦးလွင်ဘူတာ၌ ဖမ်းဆီးရမိလိုက်သော အမှုတစ်မှုပေါ်ပေါက်ခဲ့သည်။

မေ ၁၀ ရက်က လားရှိုးမှ မန္တလေးသို့ ထွက်ခွာလာသော အမှတ် ၁၃၂ အစုန် လူစီးရထားတွင် ရထားရဲတပ်ဖွဲ့ဝင်များ ရထားပေါ်တွဲလျှောက်စစ်ဆေးကြစဉ် ရိုးရိုးတန်းတွဲအမှတ်(၁)တွင် စီးနင်းလိုက်ပါလာသည့်ခရီးသည် မသင်းရွှေ (၃၈ နှစ်)၊ တောင်ကုန်းရွာ အနောက်ခြမ်း အင်းတော်မြို့နယ်နေသူနှင့် မောင်ဖိုးနီ (၂၃ နှစ်)၊ သာယာကုန်းရွာ နန့်စီအုပ်စု မိုးညှင်းမြို့နယ်နေသူတို့၏ ခရီးဆောင်အိတ်နှင့် လက်ဆွဲခြင်းအား မသင်္ကာ၍ ညနေ ၅ နာရီခန့်က ရထား ပြင်ဦးလွင်ဘူတာသို့ ရောက်ရှိစဉ် ၎င်းတို့၏ ပစ္စည်းများကို စစ်ဆေးနိုင်ရန် ရထားတွဲပေါ်မှ ပြင်ဦးလွင်တပ်စိတ်ရုံးသို့ ခေါ်ဆောင်လာခဲ့သည်။ သက်သေများရှေ့တွင် အညိုရောင် ခရီးဆောင်အိတ်နှင့် ပလတ်စတစ် လက်ဆွဲခြင်းတို့ကို ရှာဖွေစစ်ဆေးရာ ခရီးဆောင်အိတ်အတွင်း၌ အဝတ်အစားများဖြင့် ရော၍ထည့်ထားသည့် အမဲရောင် ပလတ်စတစ်အိတ်အား အဝါရောင်

အိတ်ဖြင့်ပတ်လျက် ဆပ်ပြာခွက် ၄၄ ခွက်အတွင်းထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော နီ/ညိုရောင်အမှုန့်များ စုစုပေါင်းအလေးချိန် ၅၄၅ ဒသမ ၆ ဂရမ်ခန့်ကို လည်းကောင်း၊ ပလတ်စတစ် လက်ဆွဲခြင်းအတွင်း ထင်းရှူးဆီချောင်းများ အောက်၌ အံဝှက်ပြုလုပ်၍ ဆပ်ပြာခွက် ၂၂ ခွက်အတွင်းထည့်ထားသည့် ဘိန်းဖြူဟု ယူဆရသောနီ/ညိုရောင်အမှုန့်များ စုစုပေါင်းအလေးချိန် ၂၈၂ ဒသမ ၄ ဂရမ်ခန့်အား လည်းကောင်း စုစုပေါင်းဆပ်ပြာခွက် ၆၆ ခွက်၊ စုစုပေါင်းအလေးချိန် ၈၂၈ ဂရမ်ခန့်၊ ကာလတန်ဖိုးကျပ်သိန်း ၄၀၀ ကျော်အား စံချိန်တင်ရှာဖွေတွေ့ရှိ၍ ရဲတပ်ကြပ်ကြီး ကြည်ခိုင်က သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ဘိန်းဖြူများနှင့်အတူ လက်ဝယ်ဖမ်းမိသူ မသင်းရွှေနှင့် ကိုဖိုးနီ **(ဓါပုံ)**တို့အား တရားလိုပြုတိုင်ကြားခဲ့ရာ ပြင်ဦးလွင်ရဲစခန်းက တရားခံများအား အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ကိုကို(ကျောက်မဲ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ဂျုံစပါး အထူးအထွက်တိုး စံပြ ၁၀ ဧက စံကွက်ရိတ်သိမ်း

ကွတ်ခိုင် မေ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ဆွမ်လုံကျေးရွာရှိ ဂျုံစိုက်တောင်သူ ဦးရီပူး၊ ဦးအိုက်ဆိုင်း၊ ဦးအိုက်ကျော်၊ ဦးရီဘောက်တို့၏ လယ်ဖြစ်သော ဦးပိုင်အမှတ်(၇) ဂျုံစံပြ ၁၀ ဧက စံကွက်ရိတ်သိမ်း ခြွေလှေ့ခြင်းကို မေ ၂၈ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ရာ ဒေသထွက်စံနှုန်းကျော်လွန်လျက် တစ်ဧကနှုန်း တင်း ၈၀ ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့်အဖွဲ့ ရောက်ရှိပြီး တက်ရောက်လာသောတောင်သူ ၁၅၀ ဦးအား ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန်က ခေတ်မီစိုက်ပျိုးနည်းပညာရပ်များကို လက်တွေ့သရုပ်ပြခြင်း၊ ဆွေးနွေးခြင်းများကို ရှင်းလင်းပြသဆောင်ရွက်ခဲ့ပြီး တောင်သူများကလည်း သီးထပ်အဖြစ် ပုလဲသွယ်စပ်မျိုးစပါးကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အယ်လ်စိုး (IPRD)

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများတွင် သောက်သုံးရေအခက်အခဲမရှိစေရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဆည်ငယ်၊ ကန်ငယ်များ ပြန်လည်တူးဖော်ခြင်း၊ ရေတွင်းသစ်များ တူးခြင်းလုပ်ငန်းများ ဖော်ဆောင်လျက်ရှိရာ ဧပြီ ၂၄ ရက်က ပျော်ဘွယ်မြို့နယ် ကြက်တည်ကျေးရွာရှိ နှစ်လက်မစက်ရေတွင်းမှ ရေများအား ရွာသူ ရွာသားများ ပျော်ရွှင်ဝမ်းမြောက်စွာ သယ်နေကြစဉ်။ တင်မောင်(မန္တလေး)

မင်းကွန်းနဂါးပတ်တောင် ထနောင်းတိုင်စေတီတော် ပြန်လည်ပြုပြင်

စစ်ကိုင်း ဧပြီ ၂၈

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက် နံနက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာ နဂါးပတ်တောင်ရှိ ထနောင်းတိုင်စေတီတော်ကြီးမှာ စိန်ဖူးတော်မြေခဲ့ပြီး ဖောင်းရစ်နှင့် ဘီလူးပန်းဆွဲနေရာများတွင် အက်ကြောင်းများဖြစ်ပေါ်သွားခဲ့ရာ နဂါးပတ်တောင်ဆရာတော်ဦးတိသာသန (ဒွိပိဋကဓရ)က ဦးစီး၍ ရန်ကုန်မြို့နေ ဦးခင်မောင်စိုး-ဒေါ်ချိုချိုဝင်းမိသားစုက လှူဒါန်းခဲ့သည်။

နဂါးပတ်တောင်ဆရာတော် ဦးတိသာသနက "ငလျင်ကြောင့် ဒီနဂါးပတ်တောင်မှာရှိတဲ့ ပို့စေတီနဲ့ အခု ထနောင်းတိုင်စေတီတော်တို့မှာ ထိခိုက်ပျက်စီးသွားပါတယ်။ ပို့စေတီကတော့ စိန်ဖူးတော်မြေခပြီး ထနောင်းတိုင်စေတီကတော့ လုံးပတ်တော်အက်ကွဲပြီး စိန်ဖူးတော်လည်း မြေခသွားတယ်။ အခုတော့ ရန်ကုန်မြို့ကနေ တစ်ဦးတည်း အလှူရှင်က စေတီတော်ပြုပြင်တာရော၊ စိန်ဖူးတော်အနေကဇာတင်ပြီးရေစက်ချ ကျွေးမွေးတာရော ငွေကျပ် သိန်း ၉၀ ကျော်ကုန်ကျပါတယ်။ ပို့စေတီ စိန်ဖူးတော်ကိုတော့ ဒေါက်တာအရှင်ဆေကိန္ဒက လှူဒါန်းသွားမှာပါ" ဟု ပြောကြားသည်။

ဇော်မြင့်နိုင်

မကွေးဆရာတော်ကြီး၏ ပုံတူရုပ်တုပူဇော်ပွဲကျင်းပ

မကွေး ဧပြီ ၂၈

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍ သုံးနှစ်ပြည့် ပုံတူရုပ်တုပူဇော်ပွဲနှင့် ကတညုတ ကတဝေဒီ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၇ နာရီခွဲက မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်အပါး ၂၅၀၊ သီလရှင်အပါး ၅၀ တို့အား နဝကမ္မ အလှူတော်ငွေနှင့် ဝတ္ထုပစ္စည်းတန်ဖိုး ငွေကျပ်နှစ်ရာ့ရှစ်သိန်းခြောက်သောင်းကို အလှူရှင်အပေါင်းတို့က စုပေါင်းလှူဒါန်းကြသည်။ ထို့နောက် ပူဇော်ပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး မကွေးမြို့ ရာဇမုနိကျောင်း ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ သဒ္ဓမ္မဇောတိက ဆရာတော်ကြီးထံမှ သရဏဂုံနှင့် ကိုးပါးသီလခံယူဆောက်တည်ကာ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြားကြသည်။ လှူဒါန်းမှုအစုစုအတွက် ပူဇော်ပွဲကျင်းပရေးဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးထွန်းဆိုင်က ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်လျှောက်ထားပြီး အလှူငွေစာရင်းအား လှူဒါန်းသူများက သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် ဖတ်ကြားသည်။ ထို့နောက် မကွေးမြို့ သံဃာရာမကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကစာမေးပွဲကျင်းပရေး သြဝါဒါစရိယ ဘဒ္ဒန္တစိန္တာသာရ ဆရာတော်ထံမှ အနုမောဒနာ ရေစက်ချတရားနာကြားပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုပြီး ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **ဝသန်(မကွေး)**

တရားမဝင်ကုန်သွယ်မှုတားဆီးရေးအဖွဲ့များ ဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေး

မုံရွာ ဧပြီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နယ်စပ်မြို့များနှင့် အချက်အချာကျသော မြို့များတွင် တရားမဝင်ကုန်သွယ်မှုများ တားဆီးနိုင်ရေးအတွက် (Mobile Team) များ ဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၂ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ စီးပွားရေးနှင့် စီမံကိန်းဝန်ကြီးရုံးခန်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီး စီးပွားရေးနှင့်စီမံကိန်းဝန်ကြီး ဦးစိန်မောင်းက အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်းရှိ နယ်စပ်မြို့များမှ သွင်းကုန် ၃၁၈ မျိုးကို တရားဝင် တင်သွင်းခွင့်ပြုခဲ့ကြောင်း၊ ထိုသို့ တရားဝင်တင်သွင်းခွင့်ပြုသော်လည်း နိုင်ငံတော်သို့ ကုန်သွယ်ခွန်များပေးဆောင်ခြင်းမရှိဘဲ တရားမဝင်သော နည်းလမ်းများဖြင့် လုပ်ဆောင်ခြင်းများရှိနေဆဲဖြစ်သဖြင့် ကုန်သွယ်ခွန်များပေးဆောင်ပြီး တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရန် ထိရောက်သောစစ်ဆေးမှုများပြုလုပ်ပြီး ထိန်းချုပ်နိုင်ရေး၊ မူးယစ်ဆေးဝါး၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှုတို့ကို တားဆီးကာကွယ်နိုင်ရေးတို့အတွက် နယ်စပ်မြို့များနှင့် အချက်အချာကျသော ခရိုင်၊ မြို့နယ်များတွင် တရားမဝင်ကုန်သွယ်မှု တားဆီးရေးအဖွဲ့ (Mobile Team) များ ဖွဲ့စည်းရန်အတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ (Mobile Team) အတွက် ဘဏ္ဍာငွေသုံးစွဲရေးအခြေအနေနှင့် ဖွဲ့စည်းထားရှိမည့်နေရာများနှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များ၊ တွေ့ကြုံနိုင်သော အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။ **(ယာပုံ)**

အဆိုပါ တရားမဝင်ကုန်သွယ်မှုများ တားဆီးရေးအဖွဲ့ (Mobile Team) များကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နယ်စပ်မြို့များနှင့် အချက်အချာကျသော မြို့နယ်များဖြစ်သည့် တမူး၊ ကလေး၊ မုံရွာ၊ကသာ၊ ရွှေဘို၊ စစ်ကိုင်း စသော မြို့နယ်များတွင် ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

ပညာရေးနှင့်ကျန်းမာရေးအတွက် ကျပ်သိန်း ၆၀ လှူ

ဟုမ္မလင်း ဧပြီ ၂၈

ဟုမ္မလင်းမြို့နယ် နမ့်တောစံပြကျေးရွာ အထကကျောင်းဆောင်သစ်နှင့် တိုက်နယ်ဆေးရုံ ခတ်မှန်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၄ရက် မွန်းလွဲ ၁ နာရီက နမ့်တောကျေးရွာ ကျေးလက်ခန်းမ၌ ကျင်းပသည်။

ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်သိန်း ၅၀နှင့် တိုက်နယ်ဆေးရုံ ခတ်မှန်ပြုပြင်ရန် ကျပ် ၁၀ သိန်းတို့ကို အလှူရှင် ဦးအောင်-ဒေါ်မော်စီ (အောင်သမာဓိ ရွှေဆိုင်၊ မန္တလေး/ရန်ကုန်)မိသားစုက ပေးအပ်လှူဒါန်းရာ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက လက်ခံရယူသည်။ လှူဒါန်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေနှင့် ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်တို့ တက်ရောက်အားပေးသည်။

အလျားပေ ၂၀၀၊ အနံ ၃၆ပေ ရှိ RC နှစ်ထပ်ကျောင်းဆောင်သစ်သည် ခန့်မှန်းလျာထား ကုန်ကျစရိတ် ငွေကျပ်သိန်း ၁၀၉၀ ကုန်ကျမည်ဖြစ်ပြီး ပြည်သူထည့်ဝင်ငွေဖြင့် မတည်ဆောက်လုပ်လျက်ရှိကာ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၆၉၀ ရရှိရန် တင်ပြထားဆဲဖြစ်ကြောင်း သိရသည်။ **(၁၁၇)**

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေး

မန္တလေး ဧပြီ ၂၈

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၂ လမ်း၊ ၇၆ လမ်းရှိ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ ဒုတိယရဲမှူး ဦးမျိုးဇင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်း၊ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီး အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်အောင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ INGO လူမှုရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လူကုန်ကူးမှုပပျောက်ရေးအတွက် ဝေါလ်ဗီးရှင်းမြန်မာတာဝန်ရှိသူများက လူကုန်ကူးမှုနှင့်ပတ်သက်သည်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီးနောက် လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ၊ သတင်းပေးလိုသည်များရှိပါက နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ် ဖုန်း-၀၉-၄၉၅၅၅၆၆၆၊ မန္တလေး ဖုန်း-၀၉-၄၉၅၅၅၇၇၇၊ ရန်ကုန် ဖုန်း-၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့သို့ တိုက်ရိုက်ဆက်သွယ် သတင်းပေးမေးမြန်းနိုင်ကြောင်း သိရသည်။ **(ကျော်ထူး)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်

နတ်မောက် ဧပြီ ၂၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် မိုးပွင့်အဆင့်(၅)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား အခမဲ့ပြုလုပ်ပေးလျက်ရှိကြောင်း ဧပြီ ၂၆ ရက်က သိရသည်။

အဆိုပါ မိုးပွင့်အဆင့်(၅)စီမံချက် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပြုလုပ်ပေးခြင်းကို ဧပြီ ၅ ရက်တွင် အောင်ဆန်းရပ်၊ မြို့မရပ်၊ ဧပြီ ၈ ရက်တွင် နဘူးကွဲကျေးရွာအုပ်စု၊ ဧပြီ ၂၆ ရက်တွင် ဈေးရပ်ကွက်၊ မြို့မကွက်သစ်ရပ်တို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ပြုလုပ်ပေးခဲ့သည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက "ကျွန်တော်အခုလို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ အခမဲ့ပြုလုပ်ပေးနေချိန်မှာ နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ မြို့မိမြို့ဖတို့ရဲ့ ပံ့ပိုးကူညီမှု၊ ဝန်ထမ်းများဝိုင်းဝန်းကူညီပေးမှုကြောင့် အဆင်ပြေပါတယ်။ မေ ၅ ရက်မှာ ချောင်းနက်ကျေးရွာအုပ်စု၊ မေ ၁၀ ရက်မှာ ကံကြီးရပ်၊ ရန်အောင်မြင်ရပ်၊ မေ ၂၀ ရက်တွင် တမာပင်ရပ်နှင့် အင်းကုန်းကျေးရွာတွေမှာပါ ဆက်လက်ပြီး အခမဲ့ပြုလုပ်ပေးသွားပါမယ်" ဟု ပြောကြားသည်။

နတ်မောက်သား

၂၀၁၃ ခုနှစ် မေလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေလဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ တတိယ ၁၀ ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အဆိုပါ ကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှအားကောင်းနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့်မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့ကာကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၀ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၅ ရက်မှ ၁၇ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့် ရွာသွန်းနိုင်ပါသည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

မြစ်ရေအခြေအနေ

၂၀၁၃ ခုနှစ် မေလအတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိ ရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် စာပေသက်ကြီးပူဇော်ပွဲကို ဧပြီ ၂၈ ရက်က မဟာဗန္ဓုလပန်းခြံလမ်း စီးတီးစတားဟိုတယ် ပထမထပ်၌ ကျင်းပရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာ ဦးသက်ဆွေ (ရွှေဆောင်တင်ဆွေ) အမှာစကားပြောကြားစဉ်။

အောင်သန်း(သတင်းထောက်)

ခန်းခြောက်နေသော ရေကန်များ ထန်းတပင်မြို့နယ်၌ တူးဖော်ဆယ်ယူ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်အနီးရှိ စည်ပင်သာယာကျေးရွာတွင်ရှိသည့် ရှေးဟောင်းရေကန်ကြီးနှင့် ရွာအတွင်းရှိ ကျေးရွာသောက်သုံးရေကန်များမှာ ပူပြင်းသော ရာသီဥတုကြောင့် ရေများ ခန်းခြောက်နေပြီဖြစ်သဖြင့် ကျေးရွာနေ ရွာသူ ရွာသားများသည် ရေအခက်အခဲ ဒုက္ခနှင့် ကြုံတွေ့နေရသည်။

ယင်းသို့ ရေအခက်အခဲနှင့် ကြုံတွေ့နေရသည့်အတွက် "ရွှေမလို၊ ငွေမလို၊ ရေသာလိုသည်" ဆိုသည့်စကားနှင့်အညီ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွန့်ဟန်၊ ရပ်မိရပ်ဖ ဦးခင်ရီတို့ ဦးဆောင်ပြီး ကျေးရွာသူ ကျေးရွာသားများနှင့် အလှူရှင် ဦးကျော်ကျော် (ကေကေအုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး)တို့ပူးပေါင်းကာ ကန်ကြီးနှစ်ကန်ရှိ ရေဆိုး၊ ရေညစ်နှင့် သဲ၊ ရွံ့နွံများကို စက်အင်အား၊ လူအင်အားများနှင့် ပူးပေါင်းကာ ဖယ်ထုတ်ရှင်းလင်း၍ လေးလက်မပိုက်နှင့် အဝီစိတွင်းတူးကာ ရေများသွင်းကြရာ ရေများ ပြန်လည်ရရှိခဲ့သဖြင့် ကျေးလက်နေ ပြည်သူပြည်သားများ ရေဘေးဒုက္ခမှ ကင်းဝေးသွားပြီဖြစ်ကြောင်း သိရသည်။

မြင့်ဦး (အင်းစိန်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်

ကြေညာချက်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အသံလွှင့်ကျွမ်းကျင်(၂)၊ ရုပ်သံကျွမ်းကျင်(၂) နှင့် အီလက်ထရွန်နစ်ကျွမ်းကျင်(၂) လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀ ရာထူးများအတွက် ၁၇-၁၁-၂၀၁၂ ရက်တွင် နေပြည်တော်၊ တပ်ကုန်းနှင့် ရန်ကုန်တွင် ကျင်းပပြုလုပ်ခဲ့သည့် ရေးဖြေစာမေးပွဲနှင့် ၂၄-၁၂-၂၀၁၂ ရက်မှ ၃၀-၁၂-၂၀၁၂ရက်အထိ နေပြည်တော်၊ တပ်ကုန်းတွင် စစ်ဆေးခဲ့သည့် လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(က) အသံလွှင့်ကျွမ်းကျင်(၂)ရာထူး

ခုံအမှတ်။ ။သ-၁၀၉၊ သ-၁၄၈၊ သ-၁၅၅၊ သ-၂၂၁၊ သ-၇၂၊ သ-၂၃၉၊ သ-၃၅၀၊ သ-၅၂၂၊ သ-၅၂၁၊ သ-၅၉၁(တက)၊ သ-၅၂၃၊ သ-၂၄၇၊ သ-၂၆၅၊ သ-၅၉၁(ရက)

(ခ) ရုပ်သံကျွမ်းကျင်(၂)ရာထူး

ခုံအမှတ်။ ။ရ-၇၊ ရ-၃၃၊ ရ-၄၉၊ ရ-၅၆၊ ရ-၁၀၃၊ ရ-၁၁၈၊ ရ-၁၄၂၊ ရ-၁၄၉၊ ရ-၁၅၀၊ ရ-၁၅၅၊ ရ-၁၅၈၊ ရ-၁၅၉၊ ရ-၁၆၁၊ ရ-၁၇၃၊ ရ-၁၈၅၊ ရ-၂၀၂၊ ရ-၂၀၇၊ ရ-၂၃၉၊ ရ-၃၁၃၊ ရ-၃၂၁၊ ရ-၃၅၄၊ ရ-၃၇၇၊ ရ-၄၀၇၊ ရ-၄၉၆၊ ရ-၆၅၂၊ ရ-၆၅၉၊ ရ-၆၆၈၊ ရ-၆၇၉၊ ရ-၆၈၆၊ ရ-၆၈၉၊ ရ-၆၉၃၊ ရ-၆၉၄၊ ရ-၆၉၅၊ ရ-၆၉၈၊ ရ-၇၃၃၊ ရ-၇၄၈၊ ရ-၇၅၆၊ ရ-၇၆၄၊ ရ-၈၀၈၊ ရ-၈၃၀၊ ရ-၈၃၆၊ ရ-၈၄၁၊

(ဂ) အီလက်ထရွန်နစ်ကျွမ်းကျင်(၂)ရာထူး

ခုံအမှတ်။ ။အ-၂၊ အ-၈၊ အ-၉၊ အ-၁၀၊ အ-၁၁၊ အ-၁၈၊ အ-၂၄၊ အ-၂၅၊ အ-၃၀၊ အ-၃၃၊ အ-၃၈၊ အ-၃၉၊ အ-၇၁၊ အ-၈၉၊ အ-၉၁၊ အ-၉၄၊ အ-၁၀၆၊ အ-၁၀၈၊ အ-၁၂၁၊ အ-၁၂၃၊ အ-၁၂၄၊ အ-၁၂၆၊ အ-၁၃၀၊ အ-၁၃၁၊ အ-၁၃၂၊ အ-၁၄၀၊ အ-၁၄၁၊ အ-၁၄၄၊ အ-၁၅၂၊ အ-၁၅၇၊ အ-၁၆၆၊ အ-၁၆၉၊ အ-၁၇၀၊ အ-၁၇၁၊ အ-၁၇၂၊ အ-၁၈၃၊ အ-၁၉၁၊ အ-၁၉၆၊ အ-၂၀၀

၂။ အထက်ဖော်ပြပါ စာမေးပွဲဖြေဆိုအောင်မြင်သူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်၊ တပ်ကုန်းသို့ အလုပ်ဝင်ရောက်နိုင်ရန်အတွက် ၂-၅-၂၀၁၃ရက်ထက်မစောဘဲ ၅-၅-၂၀၁၃ရက်ထက် နောက်မကျစေဘဲ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲ စာဖြေဌာနသတ်မှတ်ကြေညာခြင်း

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲများကို ယာယီရွှေ့ဆိုင်းထားရာမှ မေ ၂ ရက်မှ ၁၄ ရက်အထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ပြန်လည်ကျင်းပမည် ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့)မှ ကဆုန်လဆန်း ၁ ရက် (သောကြာနေ့) ၂၀၁၃ ခုနှစ် မေ ၂ ရက်မှ ၁၀ ရက်အထိ လည်းကောင်း၊ ပထမပြန်စာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်(ဗုဒ္ဓဟူးနေ့)မှ ကဆုန်လဆန်း ၅ ရက် (အင်္ဂါနေ့) ၂၀၁၃ ခုနှစ် မေ ၈ ရက်မှ ၁၄ ရက်အထိလည်းကောင်း အောက်ဖော်ပြပါ စာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ ကြေညာထားရာ-

ဓမ္မာစရိယစာဖြေဌာန ၅၀ တို့မှာ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်၊ ကယားပြည်နယ် လွိုင်ကော်၊ ကရင်ပြည်နယ် ဘားအံ၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ကသာ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ မြိတ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူး၊ တောင်ငူ၊ ပြည်၊ ကြို့ပင်ကောက်၊ မကွေးတိုင်းဒေသကြီး ရေနံချောင်း၊ မကွေး၊ ပခုက္ကူ၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ မိုးကုတ်၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ ကျောက်ဆည်၊ မွန်ပြည်နယ် မော်လမြိုင်၊ သထုံ၊ ကျိုက်ထို၊ ရေး၊ မုဒုံ၊ ဘီးလင်း၊ ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူ၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်(အရှေ့ပိုင်း)၊ ရန်ကုန်(အနောက်ပိုင်း)၊ ရန်ကုန်(တောင်ပိုင်း)၊ ရန်ကုန်(မြောက်ပိုင်း)၊ ခရမ်း၊ ရှမ်းပြည်နယ် တောင်ကြီး၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ လားရှိုး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ ညောင်တုန်း၊ ဟင်္သာတ၊ မြောင်းမြ၊ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ နေပြည်တော် ပျဉ်းမနားတို့ ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၃ ခုနှစ်၊ ပထမပြန်စာဖြေဌာနစာရင်း

၁။ ကချင်ပြည်နယ်၊ စာဖြေဌာန (၇)ဌာန
မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ ဗန်းမော်၊ ဖားကန့်၊ ပူတာအို

၂။ ကယားပြည်နယ်၊ စာဖြေဌာန(၁)ဌာန
လွိုင်ကော်

၃။ ကရင်ပြည်နယ်၊ စာဖြေဌာန(၆)ဌာန
ကြာအင်းဆိပ်ကြီး၊ ဘားအံ၊ လှိုင်းဘွဲ့၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်

၄။ ချင်းပြည်နယ်၊ စာဖြေဌာန(၂)ဌာန
ဟားခါး၊ မင်းတပ်

၅။ တနင်္သာရီတိုင်းဒေသကြီး၊ စာဖြေဌာန(၃)ဌာန
ထားဝယ်၊ မြိတ်၊ ကော့သောင်း

၆။ စစ်ကိုင်းတိုင်းဒေသကြီး၊ စာဖြေဌာန(၂၅)ဌာန
ခင်ဦး၊ ကလေး၊ ကသာ၊ ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ ချောင်းဦး၊ စစ်ကိုင်း၊ ထီးချိုင့်၊ ပင်လည်ဘူး၊ ဖောင်းပြင်၊ ဗန်းမောက်၊ ဘုတလင်၊ မုံရွာ၊ မြင်းမူ၊ မြောင်၊ ယင်းမာပင်၊ ရေဦး၊ ရွှေဘို၊ ဝက်လက်၊ ဟုမ္မလင်း၊ ဝန်းသို၊ အင်းတော်၊ မင်းကင်း၊ တမူး

၇။ ပဲခူးအရှေ့၊ စာဖြေဌာန (၁၄)ဌာန
ကဝ၊ ကျောက်တံခါး၊ ကျောက်ကြီး၊ ညောင်လေးပင်၊ တောင်ငူ၊ ထန်းတပင်၊ ဒိုက်ဦး၊ ပဲခူး၊ ဖြူး၊ ရေတာရှည်၊ ရွှေကျင်၊ ဝေါ၊ သနပ်ပင်၊ အုတ်တွင်း

၈။ ပဲခူးအနောက်၊ စာဖြေဌာန(၁၄)ဌာန
ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ ပြည်၊ မိုးညို၊ မင်းလှ၊ ရွှေတောင်၊ လက်ပံတန်း၊ သာယာဝတီ၊ သဲကုန်း၊ အုတ်ဖို

၉။ မကွေးတိုင်းဒေသကြီး၊ စာဖြေဌာန(၁၇)ဌာန
ချောက်၊ ဂန့်ဂေါ၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်း၊ တောင်တွင်းကြီး၊ နတ်မောက်၊ ပခုက္ကူ၊ ပွင့်ဖြူ၊ မကွေး၊ မင်းဘူး၊ မင်းလှ၊ အောင်လံ၊ ကံမ၊ ရေစကြို၊ ရေနံချောင်း၊ သရက်

၁၀။ မန္တလေးတိုင်းဒေသကြီး၊ စာဖြေဌာန (၂၈)ဌာန
ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ စဉ့်ကိုင်၊ စဉ့်ကူး၊ တံတားဦး၊ တောင်သာ၊ နွားထိုးကြီး၊ ပုဂံ-ညောင်ဦး၊ ပုသိမ်ကြီး၊ ပျော်ဘွယ်၊ မလှိုင်၊ ပြင်ဦးလွင်၊ မိုးကုတ်၊ မတ္တရာ၊ မိတ္ထီလာ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ မြင်းခြံ၊ မြစ်သား၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်၊ အမရပူရ၊ ငါန်းဇွန်၊ သပိတ်ကျင်း

၁၁။ နေပြည်တော်တိုင်းစာဖြေဌာန (၃) ဌာန
တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနား

၁၂။ မွန်ပြည်နယ်၊ စာဖြေဌာန (၁၁) ဌာန
ကျိုက်ထို၊ ကျိုက်မရော၊ ချောင်းဆုံ၊ ပေါင်၊ ဘီးလင်း၊ မုဒုံ၊ မော်လမြိုင်၊ ရေး၊ သထုံ၊ သံဖြူဇရပ်၊ သိမ်ဇရပ်

၁၃။ ရခိုင်ပြည်နယ်၊ စာဖြေဌာန (၁၇) ဌာန
ကျောက်တော်၊ စစ်တွေ၊ တောင်ကုတ်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မောင်တော၊ မာန်အောင်၊ မြေပုံ၊ ရမ်းဗြဲ၊ ရသေ့တောင်၊ သံတွဲ၊ အမ်း၊ ဂွ၊ မြောက်ဦး၊ ကျောက်ဖြူ၊ ဘူးသီးတောင်

၁၄။ ရန်ကုန်တိုင်းဒေသကြီး၊ စာဖြေဌာန (၄၂)ဌာန
ကမာရွတ်၊ ကော့မှူး၊ ကျောက်တန်း၊ ကြည့်မြင်တိုင်၊ ကွမ်းခြံကုန်း၊ ခရမ်း၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဆိတ်ကြီးခနောင်တို၊ တာမွေ၊ တောင်ဥက္ကလာ၊ တိုက်ကြီး၊ တွံတေး၊ ထန်းတပင်၊ ဒဂုံ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒလ၊ ဒေါပုံ၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ ဗဟန်း၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ မှော်ဘီ၊ ရန်ကင်း၊ ရွှေပြည်သာ၊ လမ်းမတော်၊ လှည်းကူး၊ လှိုင်၊ လှိုင်သာယာ၊ သာကေတ၊ သဃ်န်းကျွန်း၊ သန်လျင်၊ သုံးခွ၊ အလုံ၊ အင်းစိန်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း

၁၅။ ရှမ်းတောင်၊ စာဖြေဌာန (၁၂) ဌာန
ကလော၊ ဆီဆိုင်၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်းတယ၊ ပင်လုံ၊ ဖယ်ခုံ၊ မိုးနဲ၊ ရပ်စောက်၊ ရွှေညောင်၊ လွိုင်လင်၊ ဟိုပုံး

၁၆။ ရှမ်းမြောက်၊ စာဖြေဌာန (၈) ဌာန
လားရှိုး၊ တန့်ယန်း၊ နမ့်ခမ်း၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ မိုးမိတ်၊ ဟိုပန်

၁၇။ ရှမ်းအရှေ့၊ စာဖြေဌာန (၂) ဌာန
ကျိုင်းတုံ၊ တာချီလိတ်

၁၈။ ဧရာဝတီတိုင်းဒေသကြီး၊ စာဖြေဌာန (၂၆) ဌာန
ကျုံပျော်၊ ကျိုက်လတ်၊ ကြံခင်း၊ ငါးသိုင်းချောင်း၊ ဇလွန်၊ ညောင်တုန်း၊ ဒေးဒရဲ၊ ဓနုဖြူ၊ ပုသိမ်၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေး၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ မြန်အောင်၊ ရေကြည်၊ လပွတ္တာ၊ လေးမျက်နှာ၊ ဝါးခယ်မ၊ သာပေါင်း၊ ဟင်္သာတ၊ အိမ်မဲ၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်၊ အင်္ဂပူ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၃ခုနှစ် မေလ(၁)ရက်(ကမ္ဘာ့အလုပ်သမားနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

၁။	အင်ဂျင်နီယာ(B.E/B.Tech/A.G.T.I)(EP)	ကျား(၅)ဦး
၂။	အင်ဂျင်နီယာ(B.E/B.Tech/A.G.T.I)(Mechanical Power)	ကျား(၅)ဦး
၃။	အင်ဂျင်နီယာ(B.E/B.Tech/A.G.T.I)(EC)	ကျား(၃)ဦး
၄။	အင်ဂျင်နီယာ(B.E/B.Tech/A.G.T.I)(Civil)	ကျား(၅)ဦး
၅။	အင်ဂျင်နီယာ(B.E/B.Tech/A.G.T.I)(Archit)	ကျား(၂)ဦး

လျှောက်ထားလိုသူများသည် ၆လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မူရင်းများနှင့်အတူ ယုဇနကုမ္ပဏီ အမှတ်(၁၃၀)၊ ယုဇနစင်တာ တတိယထပ်၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်သို့ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၂၉၇/က၊ အိမ်အမှတ် ၁၈၁(က)၊ ဧရိယာ ဝဒသမဝ၂၇၅ဧက ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မြင့်ထံမှ ကျွန်ုပ်ကအပြီးအပိုင်ဝယ်ယူရန် ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးနန္ဒအောင် ၁၂/ဥကတ(နိုင်)၁၅၈၆၃၆

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ပြည်တွင်းသတင်း

မြဝတီသတင်းစာတိုက် (ရုံးခွဲ) ရန်ကုန်၏ ပုံနှိပ်စက်ရုံနှင့် ပတ်လည်ပုံနှိပ်စက်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြဝတီသတင်းစာတိုက် (ရုံးခွဲ) ရန်ကုန်၏ ပုံနှိပ်စက်ရုံနှင့် ပတ်လည်ပုံနှိပ်စက်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ အဆိုပါပုံနှိပ်စက်ရုံသစ်၌ ကျင်းပသည်။

ရှေးဦးစွာ မြဝတီသတင်းစာတိုက် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ်က မြဝတီသတင်းစာတိုက် (ရုံးခွဲ)ရန်ကုန်၏ ပုံနှိပ်စက်ရုံနှင့် ပတ်လည်ပုံနှိပ်စက်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် စက်ရုံသစ်ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

မြဝတီ နေ့စဉ်ရောင်စုံသတင်းစာကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး နေ့စဉ်ရောင်စုံသတင်းစာအဖြစ် ၁-၄-၂၀၁၁ ရက်တွင် တစ်ပြည်လုံးသို့ စတင်ဖြန့်ချိခဲ့သည်။ မြဝတီနေ့စဉ်ရောင်စုံသတင်းစာကို ထူးခြားသော အသွင်သစ်အမြင်သစ်များဖြင့် လက်ရှိဖော်ပြလျက်ရှိသော ကဏ္ဍများထက် ပြည်တွင်း ပြည်ပသတင်း၊ နိုင်ငံတကာ စစ်ရေးသတင်း၊ ပြည်တွင်း/ပြည်ပဈေးကွက်သတင်း၊ အီလက်ထရွန်နစ်နှင့် အိုင်တီနည်းပညာသတင်း၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းသတင်း၊ ပြည်တွင်း/ပြည်ပ မှုခင်းသတင်း၊ ခရီးသွားကဏ္ဍသတင်း၊ ကုန်စည်သတင်း၊ ကျန်းမာရေးသတင်း၊ အားကစားသတင်းတို့အပြင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းတို့ကို ပြည့်စုံစွာ ဖော်ပြနိုင်ရန်တို့အတွက် စာမျက်နှာ ၁၆ မျက်နှာဖြင့် ထုတ်ဝေနေရာမှ မေ ၁ ရက်မှစ၍ (၂၄) မျက်နှာဖြင့် တိုးချဲ့ထုတ်ဝေသွားမည်ဖြစ်ပြီး ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အောင်သူရ

သီတဂူ စက္ခုဆေးရုံ စုပေါင်းလုပ်အား ဒါနအလှူ

ဟုမ္မလင်း ဧပြီ ၂၈

ဟုမ္မလင်းမြို့ ဆုတောင်းပြည့် စေတီတော်ဝင်းအတွင်း တည်ဆောက်လျက်ရှိသော သီတဂူစက္ခုဆေးရုံ၌ ပါရမီလူမှုကူညီရေးအသင်း (ဟုမ္မလင်း)၏ ပေါင်းစည်းမှုဖြင့် လူမျိုး၊ ဘာသာပေါင်းစုံ စုပေါင်းလုပ်အားဒါနလှူဒါန်းပွဲကို ဧပြီ ၂၆ ရက် နံနက် ၇ နာရီက ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံများ စုစုပေါင်းအင်အား ၁၀၀၀ လာရောက်လုပ်အားပေးလှူဒါန်းကြသည်။ သီတဂူစက္ခုဆေးရုံမှာ အလျား ၁၄၄ ပေ၊ အနံ ၈၈ ပေရှိ RC တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဆေးရုံသုံးပစ္စည်းကိရိယာများကို သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက လှူဒါန်းထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။ **လင်းလင်း (မြန်/ဆက်)**

ဖြူစင်မေတ္တာလူမှုကူညီရေးအသင်း ဘိုးဘွားများအား အလှူငွေနှင့်ပစ္စည်းများလှူ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၈၂) ရပ်ကွက်အတွင်းရှိ အသက် ၈၀ အထက် အဘိုးအဘွားများအား ဖြူစင်မေတ္တာလူမှုကူညီရေးအသင်းက အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို (၈၂)ရပ်ကွက် မေဓာဝီလမ်းရှိ သဒ္ဓမ္မဟိတကာရီ ဓမ္မာရုံကြီး၌ ဧပြီ ၂၇ ရက် နံနက်တွင် ကျင်းပခဲ့သည်။

ပေးအပ်လှူဒါန်း

အဆိုပါလှူဒါန်းပွဲတွင် (၈၂) ရပ်ကွက်အတွင်းရှိ အဘိုးအဘွား ၁၁၅ ဦးတို့ တက်ရောက်ကြပြီး အသင်းကြီးက အဘိုးအဘွား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

"ကျွန်တော်တို့အသင်းကြီးက အခုလို လှူဒါန်းမှုပြုတာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ နောက်နှစ်တွေမှာလည်း အခုလို သက်ကြီးရွယ်အိုတွေကို ဒီ့ထက်မက ငွေရောပစ္စည်းပါ ပိုပြီးလှူဒါန်းသွားမှာပါ။ အသင်းကြီးရဲ့ ရန်ပုံငွေကလည်း တစ်နေ့ထက်တစ်နေ့ ပိုပြီးတိုးလာပြီဆိုတော့ နောင်နှစ်တွေမှာ လှူဒါန်းနိုင်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု အသင်းဥက္ကဋ္ဌ ဦးသောင်းတင်က ပြောကြားခဲ့သည်။

ဖွင့်လှစ်

ဖြူစင်မေတ္တာလူမှုကူညီရေး အသင်းကြီးသည် ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ စေတနာသဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းသော ရန်ပုံငွေတို့ဖြင့် ထူထောင်ထားသည့် အသင်းအဖွဲ့ကြီးဖြစ်သည်။ ရပ်ကွက်အတွင်းရှိ သာရေး၊ နာရေးကိစ္စများတွင် ငွေအားရောလူအားပါမကျန် တက်ညီလက်ညီ ကူညီမည့်အပြင် ရပ်ကွက် အတွင်း၌ အခမဲ့ဆေးခန်းတစ်ခန်းကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။

အမွန်မြတ်ဆုံး အလှူ

နတ်၊ လူ သာဓုခေါ်ဆိုနိုင်သော လှူဒါန်းမှုကြီးတစ်ခုဖြစ်၍ လှူဒါန်းခံရသော ရပ်ကွက်အတွင်းရှိ အဘိုးအိုတစ်ဦးက "ဒီရပ်ကွက်မှာနေလာတာ အတော်ကြာပါပြီ။ အသက် ၈၃ နှစ်ရှိပြီ။ အဘအလွန်ဝမ်းသာတယ်။ ဒီနေ့ပျော်လည်း အပျော်ဆုံးပဲ။ဘယ်လိုဝမ်းသာမှုမျိုးနဲ့မှ မလဲနိုင်ဘူး။ ဒီအလှူကြီးဟာ သူတို့ချွေးနဲ့စာနဲ့ လှူတဲ့ဟာမို့ ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရတဲ့ အမွန်မြတ်ဆုံး အလှူကြီးလို့ အဘထင်မိတယ်"ဟု သူ၏ရင်တွင်းမှ ထွက်ပေါ်လာသည့် စကားသံကိုကြားခဲ့ရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၂၀၁၃ ခုနှစ် မိုးဦးကာလသတ်မှတ်ခြင်း

၂၀၁၃ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၁၃ ခုနှစ် ဇွန်လကုန်အထိ ဖြစ်သည်။

၂၀၁၃ ခုနှစ် မုတ်သုံလေဝင်ရောက်နိုင်မှုအခြေအနေ

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိသည်။

(က) မေလ (၁၂-၁၆)ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ

(ခ) မေလ (၁၉-၂၃)ရက်အတွင်း မြစ်ဝကျွန်းပေါ် ဒေသများ

(ဂ) မေလ (၂၅-၂၉)ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့်

(ဃ) ဇွန်လ (၁-၅)ရက်အတွင်း မြန်မာနိုင်ငံမြောက် ပိုင်းဒေသများ

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်း ငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အဆိုပါကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသ ကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည် နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်ချိန် တွင် ထစ်ချုန်းမိုးသက်လေပြင်းဖြစ်စဉ်များဖြစ်ပေါ်ပြီး နေရာ ကွက်၍ မိုးထစ်ချုန်းရွာသွန်းခြင်းများ ဖြစ်တတ်ပါသည်။ မုတ်သုံလေဝင်ရောက်ပြီး တစ်ပတ်ခန့်ကြာမြင့်ပြီးနောက် ထစ်ချုန်းမိုးသက်လေပြင်းဖြစ်စဉ်များ လျော့နည်းသွားတတ် သည်။

မြစ်ရေအခြေအနေ

မိုးဦးကာလ မေလနှင့်ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များ တွင် မြစ်ရေများသည် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၈

HAM Golf Masters Pte; Ltd က စီစဉ်ကျင်းပမည့် HGM Classic Golf Tournament 2013 (ရန်ကုန်) ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် မေ ၂၅ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို တစ်ဦးချင်းအကျော့မဲ့ပြိုင်ပွဲ၊ တစ်ဦးချင်းအချက်အကျော့ပေး ပြိုင်ပွဲ Division (A) (H'Cap 0-14) Division (B) (H'Cap 15-24) ဟူ၍ ခွဲခြားထားပြီး အချက်အကျော့ပေးပြိုင်ပွဲကို (System 36) စနစ်ဖြင့် တွက်ချက်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်း အကျော့မဲ့ အဆင့်(၁)မှ (၃)၊ Division (A) (H'Cap 0-14) အဆင့်(၁)မှ (၅)၊ Division (B) (H'Cap 15-24) အဆင့်(၁)မှ (၅)အထိနှင့် အထူးဆုများ၊ လက်ဆောင်ပစ္စည်းများ၊ (Lucky Draw) များအား ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကစားသမားများသည် ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၁၅၀၀၀၀ နှင့်အတူ မေ ၂၃ ရက် နောက်ဆုံးထားကာ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၄၉၁၀၂၀၀၉ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ဒဂုံဆိပ်ကမ်းမြို့နယ် ရောဝတ်နှင့် ရတနာအိမ်ရာစီမံကိန်း တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၈

ဒဂုံဆိပ်ကမ်းမြို့နယ် ရောဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းတည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရောဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းသည် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သဖြင့် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ပြည်သူ့ဗဟိုပြုလုပ်ငန်းစဉ်များဖြစ်သဖြင့် ဌာနမှ Focal Ministry ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘိုးပိုင်လုပ်ငန်းများအတွက် အသုံးပြုမည့် သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သံချောင်း၊ ရေ၊ ဘင်တိုနိုက် စသည့် လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေး အာမခံချက်ရယူပြီး ကွန်ကရစ် အရည်အသွေးကောင်းမွန်အောင် စစ်ဆေးဆောင်ရွက်ရန် လိုကြောင်း၊ စီမံကိန်းအမြန်ဆုံးအကောင်အထည်ဖော်ရန်အတွက် လိုအပ်သော စက်ယန္တရားများ၊ ကုမ္ပဏီနှင့် ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအဆင့်ဆင့်တိုင်းတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းရရှိရန်အတွက် စစ်ဆေးဆောင်ရွက်ရန် လိုအပ်ကြောင်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာ စီမံကိန်းအင်ဂျင်နီယာများနှင့် ကုမ္ပဏီများမှ တာဝန်ခံအင်ဂျင်နီယာများက စီမံကိန်း စတင်ဆောင်ရွက်မည့်အစီအစဉ်များ၊ စက်ယန္တရားနှင့် လုပ်ငန်းသုံးပစ္စည်းများ အခြေအနေတို့ကို တင်ပြကြရာ ဒုတိယဝန်ကြီးက ဘိုးပိုင်လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရန်၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ကုမ္ပဏီများ ညီညီညွတ်ညွတ်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ရန်လိုကြောင်း၊ ဝင်ငွေနည်းဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများအတွက် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သဖြင့် အကျိုးစီးပွားကို ပဓာနမထားဘဲ အိမ်ရာဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် အတွေ့အကြုံ ရရှိမည်ဖြစ်ကြောင်း၊ လက်ရှိ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် အကောင်းဆုံးနှင့် အမြန်ဆုံး ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းဂေါင်လမ်းထောင့်ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော် တည်ဆောက်မည့် The Atrium Basement အထပ်မြင့် ကွန်ဒိုမီနီယံစီမံကိန်းနှင့် ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့် အိမ်ရာစီမံကိန်း (၆)ခန်းတွဲ (၆)ထပ် တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပလက်ဖောင်းသစ်များ တူးဖော်ပြီးနောက် ပြန်ခင်းရန်လိုအပ်

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း ဘတ်စ်ကားယာဉ်ကြောဘက်ခြမ်းရှိ လူသွားပလက်ဖောင်း အသစ်ပြုပြင်ခင်းကျင်းပေးသည့်အတွက် လမ်းသွားလမ်းလာများ အဆင်ပြေစွာ သွားလာနိုင်ခဲ့ကြောင်း၊ သို့သော် လွန်ခဲ့သော နှစ်ဆန်းပိုင်းတွင် အကျယ် ရှစ်လက်မဝန်းကျင်ရှိသော အနက်ပေ ၅၀ ဝန်းကျင်ရှိ မြောင်းကြီးများကို ယင်းပလက်ဖောင်းပေါ်တွင် တူးပြီး ခေတ်အားလိုင်းကြိုးများ မြှုပ်နှံခဲ့ကြောင်း၊ လုပ်ငန်းပြီးသည့်အခါ မြေပြန်ဖို့ထားသော်လည်း သမံတလင်း ပြန်ခင်းပေးခြင်း မရှိသေးသဖြင့် ယခုအချိန်ထိ ၉ လမ်းထိပ်မှ လမ်းမတော်လမ်းထိ လူသွားလမ်းစင်္ကြံပေါ်တွင် မြေသားဖို့ထားသော အကျယ်ရှစ်လက်မဝန်းကျင်ထိ မြေသားလမ်းကြောင်းများကို မြင်တွေ့နေရကြောင်း၊ လူသွားလမ်းပေါ်တွင် လမ်းဘေး ဈေးသည်များလည်း ရောင်းချလျက်ရှိနေကြောင်း လမ်းသွားလမ်းလာများက ဆိုသည်။

ပြန်ခင်းပေးစေလို

မြေသားသာရှိသဖြင့် လပိုင်းအတွင်း မိုးရွာလာလျှင် လူသွားစင်္ကြံပေါ်တွင် ရေအိုင်၊ ရေမြောင်းများ ဖြစ်လာနိုင်သဖြင့် လမ်းသွားလမ်းလာများ အခက်အခဲဖြစ်လာနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါ မြေသားလမ်းကြောင်းကြီးကို သမံတလင်းပြန်ခင်းပေးစေလိုကြောင်း လမ်းအသုံးပြုသူများက ဆိုသည်။

သက်ဆိုင်ရာက လူသွားလမ်းပလက်ဖောင်းစင်္ကြံများကို အဆင့်မြင့် တည်ဆောက်ပေးပြီးမှ ပြန်လည်တူးဆွသောလုပ်ဆောင်ချက်များ လုပ်ဆောင်မည့်အခါ ဌာနအချင်းချင်း ကြိုတင်ညှိနှိုင်းပြီးမှ တည်ဆောက်လုပ်ဆောင်ကြလျှင် ငွေကြေးကုန်ကျမှုလည်း သက်သာမည်ဖြစ်ကြောင်း ရပ်ကွက်နေပြည်သူများက ဆိုသည်။ **ခင်ဆိုင်**

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ဂက်စ်နှင့် ဂက်စ်မီးဖို အရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ပဲခူး မေ ၂၈

ပဲခူးမြို့ပေါ်ရှိ ဂက်စ်နှင့် ဂက်စ်မီးဖိုအရောင်းဆိုင်များမှ စတင်ပြီး မီးလောင်မှုမဖြစ်ပွားစေရေးနှင့် မလိုလားအပ်သောဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်တို့က မေ ၂၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ပေါ်ရှိ စူပါ၊ အောင်ပန်းဂက်စ်အေဂျင်စီနှင့် ကိုအေးမင်း ဂက်စ်နှင့်ဂက်စ်မီးဖိုအရောင်းဆိုင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့်အတူ ပဲခူးမြို့နယ်မီးသတ်ဦးစီးဌာနမှူး၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အခွန်ဦးစီးမှူး၊ ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးတို့မှ တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး လိုအပ်ချက်များအား အကြံပြုခဲ့ကြောင်း သတင်းရရှိသည်။

သန့်စင်

၂၆-၄-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃နှင့် ၂၇-၄-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃တို့ပါ ဦးစိုးရွက် ၁၃/ကတန(နိုင်)၀၈၄၃၁၄၊ ဒေါ်နန်းအိရှန် ၁၃/ကတန(နိုင်)၀၀၇၃၃၅ နှင့် ဦးခင်မောင်ဌွေး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၃၅၃၁)တို့၏ ဒေါ်နန်းစံဟွမ် ၁၃/ကတန(နိုင်)၀၀၀၆၄၂ အပေါ် ကြေညာချက်အား ခြွင်းချက်မရှိဝန်ချတောင်းပန်ပါရန်

ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ဒေါ်နန်းစံဟွမ် ၁၃/ကတန(နိုင်)၀၀၀၆၄၂ နှင့် ဦးစိုးရွက် ၁၃/ကတန(နိုင်) ၀၈၄၃၁၄၊ ဒေါ်နန်းအိရှန် ၁၃/ကတန(နိုင်)၀၀၇၃၃၅ တို့အကြား လွှဲအပ်ပေးထားခဲ့သော ကိုယ်စားလှယ်လွှဲစာမှာ ရွှေရေကန်(သွင်းကုန်/ထုတ်ကုန်)ကုမ္ပဏီလီမိတက်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည်ကိုသိပါလျက် ဂုဏ်သိက္ခာညှိုးနွမ်းစေရန် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ထည့်သွင်းကြေညာခဲ့ခြင်းအား ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်အား ခြွင်းချက်မရှိ ပြန်လည်ဝန်ချတောင်းပန်ပါရန် အတိအလင်း သတိပေးကြေညာအပ်ပါသည်။ ဝန်ချတောင်းပန်ခြင်းမရှိပါက အသရေဖျက်မှုဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ပြင် ဦးစိုးရွက်နှင့် ဒေါ်နန်းအိရှန်တို့မှ ဒေါ်နန်းစံဟွမ်အပေါ် လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအား ဒေါ်နန်းစံဟွမ်၏သဘောတူညီချက်မပါဘဲ တစ်ဖက်သတ် ရုပ်သိမ်းခွင့်မရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်နန်းစံဟွမ် ၁၃/ကတန(နိုင်)၀၀၀၆၄၂

အမှတ် ၁၅၄၊ ရိပ်သာ ၁လမ်း၊ ဝေဇယန္တာရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

နိုင်ငံတကာအားကစား

ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရပြီး ဘာစီလိုနာတို့ တစ်မှတ်သာရရှိခဲ့တဲ့ လာလီဂါပွဲစဉ်

စပိန်လာလီဂါပွဲစဉ်တွေကို ဧပြီ ၂၈ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ ဘာစီလိုနာတို့ အဝေးကွင်းမှာ သရေပွဲဖြစ်ခဲ့ပေမယ့် ရီးရဲမက်ဒရစ်တို့ကတော့ ကံကောင်းစွာ နိုင်ပွဲရရှိခဲ့ပါတယ်။ နှစ်သင်းစလုံး ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တွေကို အိမ်ကွင်းမှာ ကိုယ်စီလက်ခံကစားရမှာမို့ အခုပွဲစဉ်တွေမှာ စိတ်ဓာတ်အင်အားရယူဖို့အတွက် နိုင်ပွဲတွေလိုအပ်နေတာတော့ အမှန်ပါပဲ။



ဘီလ်ဘာအို ၂-၂ ဘာစီလိုနာ

ဘာစီလိုနာအသင်းဟာ မက်ဆီဦးဆောင်တဲ့ တိုက်စစ်မှူးတွေ အပါအဝင် အမာခံကစားသမားတွေကို ပွဲထုတ်ကစားခဲ့ပေမယ့် အိမ်ရှင် ဘီလ်ဘာအိုကို နိုင်ပွဲရအောင် မကစားနိုင်ခဲ့ပါဘူး။ တိုက်စစ်ရော ခံစစ်ပါ အားနည်းချက်ရှိတဲ့ ဘီလ်ဘာအိုဟာ ပွဲချိန် ၂၇ မိနစ်မှာပဲ လက်ကရိန်းက အဖွင့်ဂိုးသွင်းယူပြီး ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်း ပွဲချိန်အတွင်းမှာတော့ ဘာစီလိုနာတို့ချေပဂိုးရရှိရေး ကြိုးစားခဲ့တာမို့ ပွဲချိန် ၆၇ မိနစ်မှာ တိုက်စစ်မှူး မက်ဆီကဂိုးသွင်းယူခဲ့တာကြောင့် တစ်ဖက်တစ်ဂိုးစီ ဖြစ်နေခဲ့ပါတယ်။

ဘာစီလိုနာအသင်းဟာ ဂိုးတွေထပ်သွင်းနိုင်ရေး ကြိုးစားခဲ့တာမို့ ပွဲချိန် မိနစ် ၇၀ မှာ ဆန်ချက်ဇ်က ဂိုးသွင်းယူခဲ့တာကြောင့် ဘာစီလိုနာတို့ ဒုတိယဂိုး ရရှိသွားခဲ့ပါတယ်။

ပွဲပြီးခါနီး မိနစ် ၉၀ မှာတော့ ဘီလ်ဘာအိုအတွက် ဟာရီရာက ချေပဂိုးသွင်းယူခဲ့လို့ ပွဲအပြီးမှာ နှစ်ဂိုးစီ သရေကျခဲ့ပြီး ဘာစီလိုနာတို့ တစ်မှတ်နဲ့ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

အက်သလက်တီကို ၁-၂ ရီးရဲမက်ဒရစ်

အိမ်ရှင် အက်သလက်တီကိုရဲ့ နာမည်ကြီးတိုက်စစ်မှူး ဖယ်လ်ကာအိုက ပွဲအစလေးမိနစ်မှာပဲအဖွင့်ဂိုးသွင်းယူ သွားခဲ့လို့ ရီးရဲမက်ဒရစ်တို့ အငိုက်မိခဲ့သလိုဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၁၃ မိနစ်မှာ အက်သလက်တီကိုရဲ့ ဂွာန်ဖရန်က ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားခဲ့လို့ ရီးရဲမက်ဒရစ်တို့ လက်ဆောင်ချေပဂိုး ရရှိခဲ့ပါတယ်။ ဒုတိယပိုင်းပွဲချိန် ၆၂ မိနစ်မှာတော့ ရီးရဲမက်ဒရစ်အတွက် မာရီယာက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ပွဲချိန်ပြီးတဲ့အထိ နှစ်သင်းစလုံး ဂိုးဆက်ပြီးမသွင်းနိုင်တာမို့ ရီးရဲမက်ဒရစ်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

လီဝမ်ဒေါစကီးအား ဒေါ့မွန်ထပ်မံ စာချုပ်လို

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပြိုင်ပွဲတွင် ဒေါ့မွန်အသင်းက ရီးရဲမက်ဒရစ်ကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ကစားခဲ့စဉ် ဒေါ့မွန်အတွက် အနိုင်ဂိုး လေးဂိုးစလုံးကို သွင်းယူပေးခဲ့သည့် ရောဘတ်လီဝမ်ဒေါစကီးအား ယင်းကလပ်က ဆက်လက်စာချုပ်သွားရန် မျှော်လင့်ထားသည်။ အသက် ၂၄ နှစ်ရှိ လီဝမ်ဒေါစကီးသည် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကုန်ဆုံးလျှင် ဒေါ့မွန်နှင့် ချုပ်ဆိုထားသော စာချုပ်ကုန်ဆုံးမည်ဖြစ်သည်။

စပါးနည်းပြ ရီးရဲမက်ဒရစ်၏ ကမ်းလှမ်းမှုကိုငြင်းဆို

စပါးအသင်းနည်းပြ အင်ဒရီဗီလာဘိုအာ့စ်က ၎င်းအနေဖြင့် လက်ရှိကလပ်တွင် အောင်မြင်သည်အထိ စူးစူးစိုက်စိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ စပါးနည်းပြအား ရီးရဲမက်ဒရစ်က ခေါ်ယူရန် စိတ်ဝင်စားကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ သို့သော် ဗီလက်စ်ဘိုအာ့စ်က ရီးရဲမက်ဒရစ်၏ ကမ်းလှမ်းလာမှုအပေါ် ငြင်းဆိုလိုက်ပြီး စပါးအသင်း၌သာ ဆက်လက်၍ နည်းပြလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ စပါးအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ထိပ်ဆုံးလေးနေရာ ရောက်ရှိရန် မျှော်လင့်ထားသည့် အသင်းဖြစ်သည်။

ရော်ဘင်အား ယူရို ၁၈ သန်း ပေးလျှော်ရောင်းမည်

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး အာဂျန်ရော်ဘင်အား ဂျူဗင်တပ်စ်က ယူရို ၁၈ သန်းပေးခေါ်ရန် ပြင်ဆင်လျက်ရှိသည်။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် ဘိုင်ယန်မြူးနစ်က ဂျူဗင်တပ်စ်ကို နှစ်ပွဲပေါင်းလေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီးနောက် ဂျူဗင်တပ်စ်က ရော်ဘင်အား ခေါ်ယူရန် စိတ်ဝင်စားခဲ့သည်ဟု ဆိုသည်။ ဘိုင်ယန်မြူးနစ်က ဒေါ့မွန်တိုက်စစ်မှူး မာရီယိုဂေါ့ဇီအား ခေါ်ယူရန် ကြေညာခဲ့ပြီးနောက် အသက် ၂၉ နှစ်ရှိ ရော်ဘင်ကို ပြန်လည်ရောင်းထုတ်ရန် ပြင်ဆင်လျက်ရှိသည်။ ဘိုင်ယန်မြူးနစ်က ယူရို ၁၈ သန်းပေးလျှင် ရော်ဘင်ကို ရောင်းထုတ်မည်ဟု ဆိုသည်။ ရော်ဘင်သည် ဘိုင်ယန်မြူးနစ်တွင် အားထားရသော အဓိကတိုက်စစ်မှူး ကောင်းတစ်ဦးဖြစ်သည်။

ကောင်းမြတ်သူ ရေးသားသည်

ဘောလုံးသတင်းအတိုအထွာ

- ဘိုင်ယန်မြူးနစ်သည် လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်အား ခေါ်ယူရန် ကြိုးစားလျက်ရှိကြောင်း မီဒီယာများက ဖော်ပြသည်။
- ချယ်လ်ဆီးကွင်းလယ်ကစားသမားလမ်းပတ် ၃၄ နှစ်အား စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းခြင်းမရှိသေးကြောင်း မီဒီယာများက ဖော်ပြသည်။
- အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ အသက် ၃၁ နှစ်အရွယ်ရှိ ဂိုးသမား ကာဆီးလက်စ်အား ခေါ်ယူရန် ဆွေးနွေးမည်ဖြစ်သည်။
- မန်ယူကွင်းလယ်ကစားသမား နာနီအား ဂျူဗင်တပ်စ်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသည်။
- ဘိုတာဖိုဂိုအသင်း ကွင်းလယ်ကစားသမား အသက် ၃၇ နှစ် အရွယ်ရှိ ဆီးဒေါ့ဖ်အား လာမည့်ဘောလုံးရာသီ၌ အေစီမီလန်နည်းပြအဖြစ် တာဝန်ယူရန် ကမ်းလှမ်းထားသည်။
- နာပိုလီအသင်းတိုက်စစ်မှူး အသက် ၂၆ နှစ်အရွယ် ကာဗာနီအား မန်စီးတီးက ပြောင်းရွှေ့ကြေး ပေါင် ၅၄ သန်းဖြင့် စာချုပ်နိုင်ရေး ကြိုးစားနေသည်။

မောင်ချစ်ကြည်-စုစည်းသည်။

အများသိစေရန် ကြေညာချက်

အမှတ်(၁၇၃)၊ သုမင်္ဂလာလမ်း၊ ကျိုက္ကဆံအနောက်ပိုင်းရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးမျိုးလွင် ၁၂/သဃက(နိုင်)၀၇၀၈၅၁၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ပိုင်းရပ်ကွက်၊ သုမင်္ဂလာလမ်း၊ မြေကွက်/မြေတိုင်းအမှတ် ၁၅(ခ)၊ ဦးပိုင်/မြေကွက်အမှတ် ၂(ခ)၊ မြေဧရိယာ အကျယ်အဝန်း ၀ ဒသမ ၁၈၆ ဧကသည် ကွယ်လွန်သူ ဦးကား အမည်ပေါက် မြေပိုင်မြေကွက်ဖြစ်ပါသည်။

ဦးကား ကွယ်လွန်ပြီးနောက် ယင်းမြေကွက်၏ တရားဝင် အမွေဆက်ခံပိုင်ခွင့်၊ အကျိုးခံစားပိုင်ခွင့်ရှိသူများမှာ ဦးကား၏ သားသမီးများဖြစ်ကြသော ဦးအုန်း၊ ဒေါ်ရှုမေ၊ ဦးမျိုးလွင်နှင့် ဒေါ်ခင်မြင့်တို့ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ရောင်းခြင်း၊ ပေါင်ခြင်း၊ ငှားခြင်း၊ ပေးကမ်း/စွန့်လွှတ်ခြင်းနှင့် တစ်နည်းနည်းလွှဲပြောင်းခြင်း၊ ဆောင်ရွက်ခြင်းများအတွက် ဦးကား၏ တရားဝင်သားတစ်ဦးဖြစ်သော ဦးမျိုးလွင်၏ သဘောတူညီချက်မရရှိဘဲ ပြုလုပ်ဆောင်ရွက်ပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ
တိုက်(၉/၁၁)၊ အခန်း-၀၀၅(ခ)၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

Shwe Mine Yoon Travels & Tours Company Limited

ရွှေမိုင်းယွန်းခရီးသွားလာရေး ကုမ္ပဏီလီမိတက်

ရှမ်းပြည်နယ်တောင်ပိုင်းအဆင့်မြင့်အထူးသီးသန့်ခရီးစဉ်

ရန်ကုန်-တောင်ကြီး-အင်းလေး-ပင်းတယ-ကလော (5 Days & 4 Nights)

May 23, July 18

V.VIP 170000 Ks
VIP 120000 Ks
FIRST CLASS 75000 Ks

ဆက်သွယ်ရန်လိပ်စာ- အမှတ်(၁၈၉/၁၉၅)၊ အခန်း(၁)၊(၁၀)လွှာ၊ ပန်းဆိုးတန်းတာဝါ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရုံးဖုန်း - ၂၅၃၄၂၄

အမည်ပြည့်စွက်ခေါ်ပါရန်

ဦးတင့်လွင်၏သား မောင်စိုးထိုက်အား မောင်စိုးထိုက်(ခ)Michael Sync ၁၂/အစန(နိုင်)၁၇၂၂၂၇ဟု အမည်ပြည့်စွက်ခေါ်ပါရန်။

မောင်စိုးထိုက်(ခ)Michael Sync

ဖခင်အမည်မှန်နှင့် အမည်ပြည့်စွက်ခေါ်ပါရန်

ရန်ကုန်မြို့မှ မနှင်းဟေမာန်အား မနှင်းဟေမာန် (ခ) Elena Sync ဟု ဖြည့်စွက်ခေါ်ဆိုပါရန်နှင့် ဖခင်အမည်မှန်မှာ မောင်စိုးထိုက်(ခ)Michael Sync ဖြစ်ပါသည်။

ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း

မငြိမ်းငြိမ်းအိ ၁၂/မဂဒ(နိုင်)၁၂၁၆၆၆ (ဘ)ဦးသန်းထွန်းနှင့် အများသိစေရန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၆)၊ အင်ဘုရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၆/၁၀၂)နေ ဦးသန်းအောင် ၉/လဝန(နိုင်)၀၅၀၉၆၁ က အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂၀၀၃ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မငြိမ်းငြိမ်းအိ ၁၂/မဂဒ(နိုင်)၁၂၁၆၆၆နှင့် နှစ်ဦးသဘောတူ လူကြီးမိဘစုံလင်စွာဖြင့် မင်္ဂလာဆောင်ခံပွဲပြုလုပ်၍ အကြင်လင်မယားအဖြစ် ၁၀နှစ်ကျော် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ၂၀၀၈ခုနှစ် မတ်လတွင် သားတစ်ဦး ဖွားမြင်ခဲ့ပါသည်။ ၂၀၁၂ခုနှစ် ဩဂုတ်လမှစ၍ အမျိုးမျိုးလိမ်လည်လှည့်ဖြားကာ နေအိမ်မှ အကြိမ်ကြိမ်ထွက်ခွာသွားခြင်း၊ ပါသွားသောပစ္စည်းနှင့် ငွေကြေးများအား ဖြုန်းတီးပစ်ခြင်း၊ ဖျောင်းဖျညှိနှိုင်းပြောဆိုမှုများအား မနာခံခြင်းတို့ကို ပြုလုပ်၍ ၂၂-၂-၂၀၁၃ရက်၌ ကျွန်တော်တို့သားအဖအား စွန့်ပစ်၊ ထွက်ပြေး၊ တိမ်းရှောင်နေပါသည်။ ၎င်း၏အုပ်ထိန်းသူများကို ပြုပြင်ဆုံးမပေးရန် တိုင်ကြားသော်လည်း လုံးဝပြုပြင်မှုမရှိပါသဖြင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါ၍ ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မငြိမ်းငြိမ်းအိနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော်ဦးသန်းအောင်၊ သားဖြစ်သူ ပိုင်လင်းသန့်တို့နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းအောင် ၉/လဝန(နိုင်)၀၅၀၉၆၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ လူနေရပ်ကွက်အမှတ်(စ)၊ မြေကွက်အမှတ်(၄၁၁ ၁/၂)၊ အကျယ်အဝန်း ပေ(၂၀×၆၀)၊ နှစ် ၆၀ ဂရန်မြေကွက်ဟု ခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ(၆)လမ်း၊ အမှတ်(၄၁၁ ၁/၂) မြေကွက်ပေါ်ရှိ မြေနှင့်အိမ်အား နှစ်၆၀ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးစံလှအောင် ကွယ်လွန်သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ၎င်း၏သမီး ဒေါ်ရီရီဝင်း ၁၂/ဥကမ(နိုင်)၀၆၅၆၃၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။

အထက်ပါ ရောင်းချသည့်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မိုးမိုးအောင် LL.B
အထက်တန်းရှေ့နေ (စဉ်-၂၃၁၂၃)၊
အမှတ်-၃၁/၃၃ (စတုတ္ထထပ်)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၀၆၃၂၄

မော်လမြိုင်မြို့မှ လောကမာရဇိန် ငွေဘုံသာဘုရားကြီး ရွှေထီးတော်တင်

မွန်ပြည်နယ် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် လောကမာရဇိန် ငွေဘုံသာဆုတောင်းပြည့်စေတီတော်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ဘုရားကြီးဝင်းအတွင်း၌ မေ ၂၅ ရက်က ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်များ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်တွင်းမှ ပြည်သူပြည်သားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထီးတင်ပွဲလာပြည်သူများနှင့်တာဝန်ရှိသူများက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇနိယာဝံသထံမှ ကိုးပါးသီလခံယူကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ဆရာတော်များနှင့်အတူ မွန်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ဘုရားရင်ပြင်တော်ပေါ်၌ လက်ယာရစ် လှည့်လည်ပူဇော်ခဲ့သည်။

ယင်းနောက် စဉ့်ကိုင်မြို့ ပြည်တော်သာကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ပရိယတ်ချည်မျှင်ဆရာတော်ဘဒ္ဒန္တဇဝန၏ အစီအမံဖြင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော်ကြီးအထွတ်သို့ စက်သီးဖြင့် ပင့်ဆောင်တင်လှူပူဇော်သည်။

ထို့နောက် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး အလှူရှင်များက လှူဖွယ်ပစ္စည်းအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(ခရမ်းစိုးမြင့်)**

စိန်ဖူးတော်နှင့်ထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်ကြီးသို့ တင်လှူပူဇော်နေစဉ်။

ပြည်တွင်းသတင်း

ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်ဘေးအန္တရာယ်ကင်းရှင်းစေချင်

ဒလ မေ ၂၈

မေ ၂၄ ရက်က ဒလ-ရန်ကုန် ကူးတို့ရေယာဉ်ဖြင့် စီးနင်းသွားလာရာတွင် ယခင်အခေါက်များက တွေ့ခဲ့ရသည့် ပလတ်စတစ်ခုံသေးများ၊ လက်တင်ခုံများ မရှိတော့၍ ခရီးသည်တစ်ဦးကို မေးမြန်းရာ "ဒလ- ပန်းဆိုးတန်းခရီးစဉ်အရင်က ကူးတို့ခ ငွေကျပ် ၅၀ကနေ အခု ငွေကျပ် ၁၀၀ သတ်မှတ်ထားပါတယ်။ ကူးတို့ခတက်ပြီး နောက်ရက်တွေမှာ ခုံမရှိတော့တာ ဖြစ်ပါတယ်။ ယာဉ်ပေါ်မှာ တပ်ဆင်ထားတဲ့ ခုံတန်းရှည်မလုံလောက်တဲ့အတွက် အရင်အတိုင်း ပလတ်စတစ်ခုံတွေ ပြန်ထားရင်ထား၊ မထားရင်လည်း ရေကြောင်းပို့ဆောင်ရေးက ကူးတို့ရေယာဉ်တွေမှာ လုံလောက်တဲ့ ခုံတန်းရှည်တွေ ထပ်မံတပ်ဆင်ပေးဖို့လိုအပ်နေပါတယ်"ဟု အဆိုပါခရီးသည်က ပြောကြားသည်။

ဒလမြို့မှ ခရီးသွား ကိုဇော်မင်းကလည်း မကြာခင် မိုးဦးလေဦးကျတော့မည်ဖြစ်ရာ ထိုင်ခုံများ သတ်သတ်မှတ်မှတ်မရှိပါက ခရီးသည်များ မတ်တတ်စီးနင်းသွားလာရင်း ကူးတို့ရေယာဉ်ပေါ်၌ အန္တရာယ်ကြုံတွေ့နိုင်ကြောင်း၊ ပန်းဆိုးတန်း-ဒလကူးတို့လိုင်းမှာ မူလကူးတို့ခ ငွေကျပ် ၅၀ နှင့်ပင် အမြတ်ရှိကြောင်း၊ အခြားရေယာဉ်လိုင်းများရှုံးနေ၍ စျေးတိုးမြှင့်ယူကြောင်း၊ ဤကူးတို့လိုင်းမှ အမြတ်ငွေဖြင့် ရေကြောင်းပို့ဆောင်ရေး(မြစ်/ဝ)မှ ဝန်ထမ်းများကို လစာတိုးပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။ နယ်အသီးသီးမှ ဝန်ထမ်းများ၊ ပြည်သူများ တစ်နေ့လျှင် ၁၅၀၀၀ ဦးခန့် ဒလ-ရန်ကုန် ကူးတို့ရေယာဉ်ကို အသွားအပြန်စီးနင်းနေကြောင်း သိရသည်။ ခေတ်ရေစီးကြောင်းအရ စျေးတိုးမြှင့်ယူခြင်းမှာ လျော်ကန်သော်လည်း မကြာမီကျရောက်တော့မည့် မိုးဦးလေဦးနှင့် မိုးတွင်းကာလများတွင် ခရီးသည်အားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောင်ရွက်ပေးသင့်ကြောင်း ခရီးသွားများထံက သိရှိရသည်။ **အောင်ဝင်း(ဖျာပုံ)**

သန့်ရှင်းကောင်းမွန်သော သောက်သုံးရေရရှိရေးဆောင်ရွက်

အင်းတော် မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်သည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဉတုများ ပြောင်းလဲမှုကြောင့် သန့်ရှင်းကောင်းမွန်၍ ကျန်းမာရေးအတွက် စိတ်ချရသော သောက်ရေသုံးရေ ရှားပါးမှုများ ကြုံတွေ့နေရသည်။

ရှားပါးလာ

အင်းတော်မြို့သည် ယခင်က သဘာဝရေအရင်းအမြစ်များပေါများသော ဒေသဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်များ အသုံးပြုမှုများလာခြင်း၊ လယ်မြေများချဲ့ထွင်ခြင်း၊ သဘာဝမြေအောက်ရေများ ထုတ်ယူသုံးစွဲမှု မြင့်တက်လာခြင်းတို့ကြောင့် သစ်တောများပြုန်းတီးကာ သဘာဝရေအရင်းအမြစ်များ ရှားပါးလာခဲ့သည်။

"အရင်က အင်းတော် မြောက်ဘက်မှာ ချောင်းရေက အလျှံပယ်ပဲ။ တစ်နှစ်ပတ်လုံးရေအတွက် ပူစရာမလိုခဲ့ပေမယ့် အဲ့ဒီချောင်းက ရေအားနည်းသွားတယ်။ နွေဆိုရင် ရေချိုးဖို့တောင် သိပ်မကောင်းချင်တော့ဘူး။ သောက်ရေအတွက်ကတော့ လက်ယက်တွင်း(သဲတွင်း)နဲ့ဆိုတော့ အဆင်ပြေတယ်"ဟု အဆိုပါ ချောင်းအနီးတွင် နေထိုင်သူတစ်ဦးက ပြောပြခဲ့သည်။

"မြို့ထဲမှာနေတဲ့သူတွေ အရင်က ချောင်းရေပဲသောက်ကြတာ။ အခုက ခေတ်မီလာတဲ့အတွက် ရေသန့်စက်ရုံကနေ ရေသန့်ဘူးကြီးတစ်ဘူးကို ငါးရာနဲ့ ဝယ်လို့ရနေပြီ။ သောက်ရေအတွက် သပ်သပ် ရေသယ်ရောင်းတဲ့သူတွေရှိတယ်။ ပလတ်စတစ်ပုံးအဝါတွေနဲ့ ခပ်ရောင်းကြတယ်။ တစ်ပုံးကို နှစ်ရာပေးရတယ်။

"အင်းတော်ချောင်းထဲက ရေရှိတယ်။ ကြာအင်းကျေးရွာက ရေတွင်းက သောက်ရေရတယ်လေ။ ကြိုက်တာယူ တစ်ပုံးနှစ်ရာပဲ"ဟု မြို့တွင်းနေသူတစ်ဦးက ပြောကြားသည်။

ယခုအခါ အင်းတော်မြို့နယ်အတွင်းတွင် သောက်သုံးရေရရှိရေးအတွက် မြို့မိ၊ မြို့ဖအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြင်ပပညာရှင်တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်သည်။ အင်းတော်မြို့၏ အရှေ့ဘက် စိမ့်စမ်းရေများထွက်ရှိရာ ကံ့ကော်တောင်တန်းရှိ ချောင်းမြီးတို စိမ့်စမ်းရေထွက်အား ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ် မေ ၂၀ ရက်တွင် လည်းကောင်း တိုင်းတာကြည့်ရှုခဲ့ပြီးဖြစ်သည်။ အင်းတော်မြို့၌ အိမ်ခြေ ၁၂၀၀ ကျော်ရှိပြီး လူဦးရေ ရှစ်ထောင်ကျော်ရှိရာ တစ်နေ့တာ ရေလိုအပ်ချက်မှာ ၁၇၅၆၀၀ ဂါလန် လိုအပ်သည်။ အဆိုပါ ချောင်းမြီးတို စိမ့်စမ်းရေထွက်အနေဖြင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတိုင်းတာချက်အရ တစ်နာရီလျှင် ၇၈၀၀ ဂါလန်ထွက်ရှိပြီး တစ်ရက်အတွက် ဂါလန် ၁၈၆၄၀၀ ရှိသဖြင့် အင်းတော်မြို့၏ တစ်နေ့တာ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အဆိုပါ စိမ့်စမ်းရေထွက်မှ ရေရှိရန်အတွက် ကုန်ကျစရိတ်အနေဖြင့် ကျပ်သိန်း ၂၅၀ ခန့် ကုန်ကျမည်ဖြစ်သည်။ **ကျော်သီဟ**

မော်တော်ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်

လှိုင်ကော် မေ ၂၈

မေ ၂၅ ရက် ည ၇ နာရီက ဇင်မင်းအောင် (၃၀ နှစ်) ဒေါ်ဉခူ ရပ်ကွက် လှိုင်ကော်မြို့နေသူသည် ၈က/----- နံပါတ်တပ် HILUH SURF TOYOTA မီးခိုးရောင် မော်တော်ကားကို လှိုင်ကော်-ဒီမော့ဆို ကားလမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ အောင်ငဲလေး (၂၂ နှစ်)၊ ဒေါ်ဉခူ ရပ်ကွက် လှိုင်ကော်မြို့နေ မောင်းနှင်သော၁စ/. . . နံပါတ်တပ် တိုယိုတာ မတ်တူး(ခဲရောင်) မော်တော်ကားနှင့် မိုင်းလုံးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အနီးလမ်းအလယ်တွင် တိုက်မိပြီး ယာဉ်ပေါ်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ ယာဉ်နှစ်စီးလုံး ရှေ့ပိုင်း ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့် ယာဉ်မောင်း ဇင်မင်းအောင်နှင့် အောင်ငဲလေးတို့အား လှိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

မေထုန်မဲ့ သားစပ်လုပ်ငန်းဖွင့်

တပ်ကုန်း မေ ၂၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဖွင့်လှစ်သည့် မေထုန်မဲ့သားစပ်လုပ်ငန်း သင်တန်း(၂/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆက်လက်၍ သင်တန်းဖွင့်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက လူတိုင်းကျန်းမာကြံ့ခိုင်ရန်နှင့် အာဟာရပြည့်ဖြိုးဉာဏ်ရည်တိုးအောင် နွားနို့သောက်သုံးရေး နို့နှင့် နို့ထွက်ပစ္စည်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ထုတ်လုပ်ဆောင်ရွက်နိုင်ရေးအတွက် နို့စားနွား မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် မေထုန်မဲ့သားစပ်နည်းအတွက် မျိုးချောင်းအချို့အား အခမဲ့ပေးနေကြောင်း မွေးမြူရေးသမားများနှင့် လုပ်ငန်းရှင်များအတွက် အကျိုးရှိသည့် သင်တန်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ဂရုတစိုက်ဖြင့် သင်ကြားစေလိုကြောင်းကို ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးသိန်းက အခမဲ့မေထုန်မဲ့ သားစပ်ခြင်းလုပ်ငန်းအား ကျေးရွာများအရောက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မွေးမြူရေးသမားများနှင့် လုပ်ငန်းရှင် ၂၀ တက်ရောက်ကာ သင်တန်းကာလမှာ မေ ၂၆ ရက်မှ ၂၇ ရက်ထိဖြစ်ပြီး သင်တန်းကြီးကြပ်ရေးမှူး ဒေါက်တာစန်းမောင်၊ သင်တန်းနည်းပြ ဒေါက်တာအောင်သူထွန်း၊ ဒေါက်တာတင်အောင်တို့က လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၄၁၇)**

ပြည်ထောင်စုဖွား သွေးချင်းများ
တားဆီးကာကွယ် မီးရန်စွယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကိုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	**Oyster Cleaning Machine, Engine High Pressure Pump Assembly, Fibre Boat (33'x10'x2.8)& 60HP Yamaha Out Board Motor Engine**	၁ စုံ
(ခ)	**Bio Nucleus (၆)မျိုးနှင့် Nucleus (၆)မျိုး**	၈၃ ကီလို
(ဂ)	**လောင်းလိုင်းသုံးပစ္စည်း**	၁၀ မျိုး

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၃-၆-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၁၆း၃၀နာရီဖြစ်ပြီး၊ ၄-၆-၂၀၁၃ရက် နံနက် ၁၀း၀၀နာရီတွင် ဖွင့်ဖောက်မည်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၂၀၂၄၊ Zong Shan 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုး ၉/ခအဇ(နိုင်) ၀၁၂၅၀၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

[illegible]

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းစခန်း၊ ဘီလပ်မြေစက်ရုံများနှင့် ရန်ကုန်စတိုတို့မှ စီမံကိန်းနေရာများသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂-၅-၂၀၁၃ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၀-၅-၂၀၁၃ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.06/DHPI/Spare/ 2013-2014	
(က)	**Spare Parts (Heavy Machinery Spare)**	**1Lot**

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၅-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇွန် ၁၈ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၃၀၇၃၆ Luojia 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းအောင် ၉/မရတ(နိုင်)၀၆၁၅၃၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကြော်ငြာ

မင်္ဂလာနှစ်မြတ်ငါးနှစ်ပြည့်

၂၇-၄-၂၀၁၃ ရက်တွင် ကျရောက်သော ကိုယ်တို့ရဲ့ မင်္ဂလာနှစ်မြတ်ငါးနှစ်ပြည့်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဆတက်ထမ်းပိုး အချစ်တွေတိုးကာ ချစ်ရပါသော ချစ်သမီး Fud Fid လေးနဲ့အတူ ဒီဘဝ တွင်သာမက နောင်ဘဝဘဝဆက်တိုင်း ပျော်ရွှင်မှုများစွာ အောင်မြင်မှုများစွာ ထွေးပိုက်လျက် လျှောက်လှမ်းကြမယ်နော်-

ကိုဟန်တိုး-ချစ်ဇနီးမစုစုကြည်

Happy Birthday Pannu Theingi

ညီမလေးရေ မမတို့ရဲ့မိသားစုကမ္ဘာလေးထဲမှာ ပါပါက 'နေ' ဆိုရင် မေမေက 'လ'၊ မမတို့ညီအစ်မနှစ်ယောက်က ကြယ်ကလေးတွေပေါ့နော်။ ကြယ်ကလေး ပန်းနု (အေပရယ်)ရဲ့ ၂၉-၄-၂၀၁၃ ရက်မှာ ကျရောက်တဲ့ ခြောက်နှစ်မြောက်မွေးနေ့မှသည် ပျော်ရွှင်စရာ မွေးနေ့တိုင်းကို အမြဲတမ်းပိုင်ဆိုင်နိုင်ပါစေ။

မမကြီး - **ချမ်းမြေ့သီရိ (တိမ်ပန်းချီ)**
ချစ်ပါပါ - **ဗိုလ်ကြီးထွန်းဦးစော**
စာပေစီမံဌာန (တပ်မတော်ဆေးတက္ကသိုလ်/မင်္ဂလာဒုံ)
ချစ်မေမေ - **ဒေါ်နှင်းယုဇံ (နှင်းနန္ဒာ-ရတနာ)**

(၂၃) နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင် ချစ်ပါပါး ဦးမင်းလှိုင်-ချစ်မာမား ဒေါ်စံပယ်မြင့်ဦး ရွှေစိန်ရောင်းဝယ်ရေးနှင့် ဝင်းရေခဲစက်(ကျုံမငေး)တို့၏ ၂၉-၄-၂၀၁၃ တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် ကျန်းမာ ပျော်ရွှင်စွာဖြင့် သာသနာ့အကျိုး သယ်ပိုးနိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး - **သိမ့်မျက်ချယ်**
B.A(Eng), D.A (LCCI), CAT,
ACCA P-III(Kaplan, Singapore)
ချစ်သမီးငယ် - **လင်းလက်မင်းလှိုင် (M.M.A.C) Grade-XI**
ချစ်တူ-တူမများ - **ဒေါက်တာဒွေးနန္ဒ-မသဇင်မြင့် (B.N.Sc)**
မောင်ဇော်မင်းထွန်း-မငွေနှင်းမှုံ (ခေတ္တ-UAE)
ဒေါက်တာကျော်စည်သူသိန်း၊
ဒေါက်တာ ကျော်သိခ်သိန်း၊
ရဲကျော်သူသိန်း(1st Tourism)၊
သန်းထိုက်ဇော် (IADCS)၊
ခန့်မင်းခန့် (2nd Myanmar)၊
အောင်ရဲရင့်(1st G.T.C)
ကေခိုင်ဝင်းခင်
ချစ်မြေးများ - **မယ်မင်းသုန်၊ ရှင်မင်းအိမ်**
ယုဇနလမ်း၊ ပဲခူး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁	(က) ခွဲကျောက်မျိုးစုံ	၃၅၄၅.၀၀ ကျင်း
	(ခ) ဂျင်းမြေ	၂၀၁၅.၅၀ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၉-၅-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၄-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၅-၂၁၀၀၇

အရှေ့ဒဂုံ မြေကွက်ရောင်းရန်ရှိသည်။ ဦးမြူလမ်းမပေါ် ပေ ၄၀×၆၀၊ ပါမစ်၊ ၁၁၈ ရပ်ကွက်၊ ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၀၃၇၃၇၇

ပျောက်ဆုံးကြောင်း

ကျွန်မ မအေးအေးသွယ် ၁၃/တကန(နိုင်) ၁၄၁၅၁၆ ၏ ပတ်စ်ပို့ A330158 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၁၅၇၀၈

ကန့်ကွက်နိုင်ပါသည်

သ/၅၁၅၁၊အမျိုးအမည် Nissan Libesda BHNB အမျိုးအစား Saloon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၁၂/ စခန(နိုင်) ၀၅၉၉၅၆ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

၂၀/၉၂၂၈ ယာဉ်အမျိုးအစား ပေကျင်းဂျစ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၁၃/ညရန(နိုင်)၀၇၇၉၀၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ညောင်တုန်းရေနံမြေ၊ ရေနံအစမ်းတွင်းအမှတ်(၅၀)၊(၅၁)တို့၏ တွင်းရေိယာနှင့် တွင်းအဝင်လမ်းများအား ကျောက်ကြီးခင်းခြင်းလုပ်ငန်းအတွက် ၆''×၉'' ကျောက်ကြီးပေးသွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ် ၁/(၂၀၁၃-၂၀၁၄)

ပေးသွင်းရမည့်ပစ္စည်း - ၆"×၉" ကျောက်ကြီး
ပေးသွင်းရမည့်အရေအတွက် - ၄၂၆ ကျင်း
ပေးသွင်းရမည့်နေရာ - ညောင်တုန်းရေနံမြေ
တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၇-၅-၂၀၁၃ ရက် ၁၂နာရီ
တင်ဒါဖွင့်မည့်နေရာ - စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၇-၅-၂၀၁၃ရက် မွန်းလွဲ ၁း၃၀ နာရီ

တင်ဒါပုံစံနှင့် စည်းကမ်းများကို ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်နှင့် ရန်ကုန်တို့တွင်တစ်ခုလျှင် ငွေကျပ်(၁၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၁၂၀၅ တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
မအူပင်(တောင်)ရေနံအစမ်းတွင်းဒေသ၊ ရေနံအစမ်းတွင်းအမှတ်(၈)၊ DT-၄ တို့၏ တွင်းရေိယာနှင့် တွင်းအဝင်လမ်း ကျောက်ကြီးခင်းခြင်းရန်အတွက် ၆''×၉'' ကျောက်ကြီးပေးသွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ် ၂/(၂၀၁၃-၂၀၁၄)

ပေးသွင်းရမည့်ပစ္စည်း - ၆"×၉" ကျောက်ကြီး
ပေးသွင်းရမည့်အရေအတွက် - ၈၇၀ ကျင်း
ပေးသွင်းရမည့်နေရာ - မအူပင်(တောင်)
တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၇-၅-၂၀၁၃ ရက် ၁၂နာရီ
တင်ဒါဖွင့်မည့်နေရာ - စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၇-၅-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီ

တင်ဒါပုံစံနှင့် စည်းကမ်းများကို ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ခုလျှင် ငွေကျပ်(၁၀၀၀/)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၁၂၀၅ တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
အဖျောက်သဘာဝဓာတ်ငွေ့မြေ၊ ရေနံအစမ်းတွင်းအမှတ်(၅၁)၏ တွင်းရေိယာနှင့် ဆက်သွယ်ရေးလမ်းကြောင်းအားကျောက်ကြီးခင်းခြင်းလုပ်ငန်းတွင် ၆''×၉'' ကျောက်ကြီးပေးသွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ် ၃/(၂၀၁၃-၂၀၁၄)

ပေးသွင်းရမည့်ပစ္စည်း - ၆"×၉" ကျောက်ကြီး
ပေးသွင်းရမည့်အရေအတွက် - ၁၅၉၁ ကျင်း
ပေးသွင်းရမည့်နေရာ - အဖျောက်သဘာဝဓာတ်ငွေ့မြေ၊ ငါးလားချောင်းဆိပ်ကမ်းနေရာ
တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၇-၅-၂၀၁၃ ရက် ၁၂နာရီ
တင်ဒါဖွင့်မည့်နေရာ - စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၇-၅-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီ

တင်ဒါပုံစံနှင့် စည်းကမ်းများကို ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ခုလျှင်ငွေကျပ်(၁၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၁၂၀၅ တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးရန်သတိပေးနှိုးဆော်ခြင်း

နေပြည်တော်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတွင် လုပ်ငန်းလိုင်စင်ရယူထားသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အောက်ဖော်ပြပါ မော်တော်ယာဉ် (၁၀၇)စီးသည် ၂၀၁၃ ခုနှစ်၊ မတ်လကုန်အထိ သက်တမ်းလွန်/သက်တမ်းပြတ်များ ဖြစ်နေပါသဖြင့် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေနှင့်အညီ အမြန်ဆုံးသက်တမ်းတိုးဆောင်ရွက်ကြရန် သတိပေး နှိုးဆော်အပ်ပါသည်။

စဉ်			ယာဉ်အမှတ်			
၁။	၁က/၇၃၂၇	၁ဂ/၁၅၅၂	၈ဓ/၂၈၆၂	၄က/၉၉၂၁	၇က/၄၃၀၄	၈ခ/၆၅၁၀
၂။	၂ဂ/၉၇၂၃	၂ဂ/၉၇၃၂	၂ဂ/၉၇၄၃	၂ဂ/၉၇၄၄	၈ဓ/၃၂၂၇	၁က/၁၀၆၂
၃။	၄ဂ/၁၅၂၀	၃က/၅၁၆၈	၂ခ/၆၂၀၈	၂ခ/၅၃၅၆	၃ခ/၂၄၆၀	၅ခ/၃၇၇၅
၄။	၉ခ/၃၂၁၅	၁ဂ/၉၈၆၂	၃ဂ/၆၉၇၄	၅ဂ/၇၄၂၆	၈ဓ/၃၀၉၆	၈က/၈၃၆၁
၅။	၃က/၉၇၉	၁က/၇၇၃၄	သ/၁၂၉၀	ဒ/၁၅၅၃	၅က/၁၀၄၈	၁က/၆၁၅၈
၆။	စ/၉၁၆၄	စ/၄၄၂၆	ဆ/၂၅၉၈	ဆ/၉၂၀၈	၉က/၅၉၈၆	ဏ/၄၂၄၄
၇။	၆ခ/၇၅၈၆	၆ခ/၇၆၀၅	ည/၅၇၆၃	၈င/၅၄၅၁	အ/၁၁၁၂	၉ခ/၆၈၁၇
၈။	၉ခ/၆၈၃၂	၁ဂ/၃၃၈၉	၉ခ/၆၈၂၃	၁ဂ/၃၄၀၀	လ/၄၀၉၃	၂က/၉၇၈၅
၉။	သ/၇၃၉၄	၁က/၄၃၆၇	၂က/၄၃၈၅	၅ဂ/၂၇၆၈	အ/၉၃၉၆	၇ခ/၇၆၂၂
၁၀။	ဒ/၆၆၀၀	၂က/၄၃၁၅	၃က/၅၀၆၈	၉က/၉၀၅၉	၆ခ/၈၄၅၀	၂က/၅၃၀၂
၁၁။	၆က/၅၇၄၃	၆က/၅၇၅၀	၄ခ/၇၄၉၉	၁က/၁၅၁၀	၁ဂ/၁၃၉၇	၉ခ/၄၄၆၆
၁၂။	၁က/၃၁၁၈	အ/၂၀၇၁	၁က/၄၄၇	ဆ/၉၆၈၄	၆ခ/၆၈၄၈	၁က/၂၇၄၇
၁၃။	၂က/၈၃၁၁	၅က/၄၃၃၆	၈င/၃၃၄၂	ဆ/၆၅၂၃	၂က/၂၉၂၇	၅ခ/၂၈၇၂
၁၄။	၇ခ/၇၅၅၈	၇ခ/၇၅၆၀	၈ဂ/၉၀၁၄	ည/၅၈၆၀	ည/၅၃၉	၅ဂ/၄၇၅၆
၁၅။	၂ဂ/၈၂၉၄	၂ဂ/၈၃၂၄	၂ဂ/၈၃၃၀	၂ဂ/၈၃၃၇	၂ဂ/၈၃၃၈	၉ခ/၂၃၈၀
၁၆။	ပ/၉၁၉၆	၂ခ/၃၇၀၉	၉ခ/၇၈၃၉	ဆ/၈၃၁၈	န/၅၃၆၈	၄ခ/၄၂၄၁
၁၇။	၄ခ/၄၆၇၇	၆ခ/၆၃၀၇	၆ခ/၆၃၉၇	၁က/၁၃၅၂	၆ခ/၆၈၂၀	၆ခ/၇၁၅၃
၁၈။	ဈ/၂၇၂၅	၆ခ/၇၅၁၃	၆ခ/၈၁၄၃	၄ခ/၅၁၆၉	၈စ/၅၄၇၈	

နေပြည်တော်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

တစ်ဦးတည်း ဖြစ်ကြောင်း

ရမည်းသင်းမြို့နေ ဦးစံမြိုင်၏သမီး မအေးမြမွန် ၁/မကတ(နိုင်) ၁၁၈၁၄၂ နှင့် မအေးမြတ်မွန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မအေးမြမွန်(ခ)မအေးမြတ်မွန်

ဘဏ်ပိတ်ရက်ကြေညာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ ခုနှစ် မေ ၁ ရက် (ဗုဒ္ဓဟူးနေ့) ကမ္ဘာ့အလုပ်သမားနေ့သည် အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့ရက်တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်လမ်းပို့ဆောင်ရေး
အခြေစိုက်အလုပ်ရုံ(၁)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်း အပတ်စဉ် ၂၄၇ ကို ၇-၅-၂၀၁၃ ရက်နှင့်
- စနေ၊ တနင်္ဂနွေ အထူးသင်တန်းကို ၄-၅-၂၀၁၃ ရက်တွင် ဖွင့်ပါမည်။
- အင်ဂျင်၊ ဂယော၊ တွင်ခုံ ဖောက်ခုံ သင်တန်းကို ၈-၅-၂၀၁၃ ရက်တွင် ဖွင့်လှစ်ပါမည်။
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
- သင်မောင်းလိုင်စင်နှင့် 'ခ' လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။
- လမ်းညွှန်-အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ (၁၂)ဝင်း၊ ရွှေဧည့်သည် (၁)ဂိတ်ဆုံး

ဖုန်း-၀၁-၂၉၁၃၅၃၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄



မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ ရန်ကုန်မြစ်အတွင်း နစ်မြုပ်လျက်ရှိသော M.V.ASEAN LIBERTY အမြုပ်သင်္ဘောအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့် တင်ဒါပြုလုပ်မည့်နေ့ရက် ၃၀-၅-၂၀၁၃ ရက် (ကြာသပတေးနေ့) အချိန် ၁၄ နာရီ

၃။ အိတ်ဖွင့် တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနတွင် ၂-၅-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၁-၂၄၆၃၈၀ သို့ စုံစမ်းနိုင်ပါသည်။

M.V.ASEAN LIBERTY
အမြုပ်သင်္ဘောဆယ်ယူရေး အိတ်ဖွင့်တင်ဒါ
စိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့်လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁	(က) ခွဲကျောက်မျိုးစုံ	၄၈၁၅.၀၀ ကျင်း
	(ခ) ဂျင်းမြေ	၃၄၉၁.၀၀ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၉-၅-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၄-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၅-၂၁၀၀၇

စာကြည့်တိုက်ဖွင့်မလား

စာအုပ်အသစ်အုပ်(၄၀၀)ကို ငွေကျပ် တစ်သိန်းဖြင့် ပို့ပေးမည်။ ပုံပြင်၊ ဝတ္ထု၊ ဟာသ၊ ဘာသာရေး၊ ကာတွန်း၊ ရုပ်ပြ၊ ဗေဒင်၊ ဆေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး သက်သာစုံလင်စေရမည်။ (မိုးမြင့်စာပေ)၊ ဖုန်း-၀၁-၅၄၃၁၄၃၊ ၀၁-၄၀၀၉၃၁

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ ပေါင်းလောင်းကွက်သစ်(၁)၊ (၁)လမ်းနေ [ဦးမြင့်ဝေ(ခ)ဦးရဲတင့်]-ဒေါ်မြတ်မြတ်စိုးတို့၏သား မောင်မင်းသီဟ(ခ)ဖိုးသား ၉/ပမန(နိုင်)၁၇၉၃၉၂သည် မိခင်လက်မခံနိုင်သော အိမ်ထောင်ရေးကို အကြိမ်ကြိမ် ဖန်တီးနေသည့်အတွက် ၂၃-၄-၂၀၁၃ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင်ဖြစ်ပေါ်လာမည့် လူမှုရေးအပါအဝင် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေအပ်ပါသည်။

မိခင်-ဒေါ်မြတ်မြတ်စိုး PMA -၁၃၀၄၀၁

ကြော်ငြာ

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး
မြောက်ဥက္ကလာပ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အဆောက်အအုံ ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၄-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၀-၅-၂၀၁၃ရက်၊ မွန်းလွဲ ၂း၀၀နာရီ

တင်ဒါစိစစ်ရေးကော်မတီ
အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ
ဖုန်း-၀၁-၉၆၉၀၂၉၅၊ ၀၁-၉၆၉၀၅၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်တက္ကသိုလ်
ဘွဲ့လွန်အသုံးချ ဘူမိဗေဒဒီပလိုမာ
Diploma in Applied Geology
သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့လွန်အသုံးချ ဘူမိဗေဒဌာနတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဘွဲ့လွန်အသုံးချဘူမိဗေဒဒီပလိုမာ (Diploma in Applied Geology)(၁)နှစ် သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

(က) Economic & Mining Geology
(ခ) Exploration Geochemistry
(ဂ) Exploration Geophysics
(ဃ) Gemmology
(င) Hydrogeology
(စ) Engineering Geology
(ဆ) Petroleum Geology

၂။ အထက်ပါ အထူးပြုဘာသာရပ် သင်တန်းတစ်ခုခုတွင် တက်ရောက်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံး ပညာအရည်အချင်းမှာ ဘူမိဗေဒဘာသာရပ်ဖြင့်ဘွဲ့ရပြီး၊ မဟာသိပ္ပံအရည်အချင်းစစ်သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။
(ဂ) ဘူမိဗေဒဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရ ဘူမိဗေဒဆိုင်ရာလုပ်ငန်းခွင်မှ ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာလုပ်ငန်း၌ အမြဲတမ်းလုပ်သက်(၂)နှစ်ရှိပြီး ဌာနဆိုင်ရာအကြီးအကဲ (ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး)၏ တရားဝင်ခွင့်ပြုမိန့်ရရှိသူများ လျှောက်ထားနိုင်သည်။

၃။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၁-၅-၂၀၁၃ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။ ၄င်းရက်မှကျော်လွန် လျှောက်ထားလာသော လျှောက်လွှာများအား လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၊ လှိုင်တက္ကသိုလ်နယ်မြေတွင်စုံစမ်းနိုင်ပါသည်။

(ခင်သက်မြင့်)
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၁၃၈၊ လေးလွှာ(ခြေရင်းခန်း)၊ အလျားပေ ၂၀×အနံပေ ၈၀ရှိအခန်းနှင့် ထိုအခန်းတွင်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ၂၀-၅-၂၀၀၅ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်သဘောတူညီမှုစာချုပ်အရ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ရှိနေထိုင်သူ ဒေါ်အေးအေးသန်း ၁၂/မရက(နိုင်)၀၀၆၇၆၀ထံမှ ထိုတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ထိုအရောင်းအဝယ်ပြုလုပ်မည့် အခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်သည် အကျိုးခံစားခွင့်ရှိသည်ဟု အဆိုပြုလိုသူ မည်သူမဆို ထိုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း မှန်ကန်ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကိုဦး LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၄၆)
အမှတ် ၈၈၊ ၉၃လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၉၀၉၄၂

မန္တလေးတိုင်းဒေသကြီး
စည်ပင်သာယာရေးဝန်ကြီးဌာန
ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရမည်းသင်းမြို့၊ သီလဝခန်းမအရှေ့ဘက်ရှိ ဈေးဆိုင်ခန်း ၁၉ခန်း၊ လေးခန်းတွဲသန့်စင်ခန်း တည်ဆောက်မည်ဖြစ်၍ တည်ဆောက်လိုသည့်ကုမ္ပဏီများသည် အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) ရမည်းသင်းမြို့၊ သီလဝခန်းမဈေးဆိုင်ခန်းဆောက်လုပ်ရေးကော်မတီနှင့်အကျိုးတူပူးပေါင်း၍ ကုမ္ပဏီစရိတ်ဖြင့် တည်ဆောက်ရန်၊
(ခ) ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် ကော်မတီမှသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့်ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍အသေးစိတ်ရေးဆွဲတင်ပြရန်၊
(ဂ) တင်ဒါတင်သွင်းမည့် ကုမ္ပဏီအနေဖြင့် ကုမ္ပဏီ၏ Profile တင်ပြရမည်။
(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားရမည်-

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက် - ၅-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန် - ညနေ ၁၆း၀၀ နာရီ
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး

(င) သတ်မှတ်ရက် အချိန်ထက်ကျော်လွန်နောက်ကျတင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များကို ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၆၄-၄၀၄၇၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မန္တလေးအဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၂ ပညာသင်နှစ်အတွက် ၂၀၁၂ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်၏ တတိယနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ စတုတ္ထနှစ် ဥပဒေပညာ(ဘွဲ့) စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော်၊ ပင်လုံ၊ လားရှိုး၊ ရွှေဘို၊ ကျိုင်းတုံ၊ ဖန်းမော်၊ ရေနံချောင်း၊ မိုးညှင်း၊ မြင်းခြံဌာနခွဲများမှ ကျောင်းသား ကျောင်းသူများသည် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက် ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×၁½)လက်မအရွယ် ဓာတ်ပုံအသစ်နှစ်ပုံနှင့် မှတ်ပုံတင်မိတ္တူ တစ်စုံ ပူးတွဲ၍ ၂-၅-၂၀၁၃ရက်မှ ၃၁-၅-၂၀၁၃ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀(ကျပ်တစ်ထောင့်ငါးရာတိတိ)အဝေးရောက်ဘွဲ့ ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၀၀၀(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို မိမိတို့ ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနခွဲများတွင် ဝယ်ယူရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန် ကျန်ရှိသော အခကြေးငွေများကို ကျေလည်အောင်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့်ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာဌာနခွဲသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာ ရေးသား၍ လျှောက်လွှာရှင် အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြင့် ဖြည့်စွက်၍ မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲမှ တစ်ဆင့်စိစစ်ခြင်း၊ ကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီ မလျှောက်ထားလျှင်သော်လည်းကောင်း မန္တလေးအဝေးသင်တက္ကသိုလ်က ဘွဲ့နှင်းပေးမည်မဟုတ်ပါ။

၈။ ယခင်ပညာသင်နှစ်များမှ စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၉။ ၂၀၁၂ ပညာသင်နှစ်တွင် ဘွဲ့ရရှိသူများမှာ ဘွဲ့နှင်းသဘင် (အခမ်းအနား)သို့ အမှန်တကယ် ဘွဲ့တက်ရောက်ယူနိုင်ခြင်းမရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန်ဖြစ်သည်။

၁၀။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(ရွှေလတ်ဖြင်)
မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန
မန္တလေးအဝေးသင်တက္ကသိုလ်

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ် ၄၄၊ ဦးပိုင်အမှတ် ၁၉၊ ဇရိယာ ၀ဒသမ၀၃၂၈ကေရှိ ဦးပိုင်စင်ထရန် အမည်ပေါက် အငှားဂရန်စာချုပ်သည် ပျောက်ဆုံးနေပါသည်။ အဆိုပါ အငှားဂရန်မြေအားသား ဦးစံခင်(ခ)ဦးစန်းတင့်မှ နှစ် ၃၀ အငှားဂရန် သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိက ကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးထံ ခိုင်လုံသည့် အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) နိုင်ငံခြားငွေ (USD) ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
Tender No.04/DHPI/ Lab Equipment/2013-2014		
(က)	Triaxial Compression Test Equipment	(၁) စုံ
(ခ)	Large-Scale Constant Head Permeability Test Equipment	(၂) စုံ
(ဂ)	Standard Scale Constant Head Permeability Test Equipment	(၅) စုံ
(ဃ)	Large Scale Compaction Test Equipment	(၁) စုံ
	Consolidation Test Equipment	(၁) စုံ
Tender No.05/DHPI/Equipment/2013-2014		
(က)	Shotcrete Machine Aliva III	(၃) စုံ
(ခ)	Concrete Pump Truck	(၂) စုံ

၂။ ပစ္စည်းများ၏ Technical Specification များအား ၂၈-၅-၂၀၁၃ ရက် ၁၂ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဇွန်လ ၄ ရက် မွန်းတည့် ၁၂ နာရီ ဖြစ်ပြီး ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
Tender No.01/DHPI/ Survery/2013-2014		
(က)	ODOM Hydrographic Echo Sounder	၃ စုံ
(ခ)	River Surveyor M.9 System	၂ စုံ
(ဂ)	Automatic Weather Station	၆ စုံ
Tender No.02/DHPI/Admixture/2013-2014		
(က)	Fosroc Conplast-R (MR_2) Admixture	၁၃၀၂၀၀ လီတာ
(ခ)	Grace GP.101 Admixture	၅၅၈၀၀ လီတာ
Tender No.03/DHPI/Equipment/2013-2014		
(က)	Hydraulic Hose Crimping Machine	၂ စုံ

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၂၈-၅-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ မြို့မရပ်ကွက်၊ (ဗမာပိုင်း)၊ ဓာတုကလျာလမ်း၊ အမှတ် (နဗ/၁၂၅)နေ ဒေါ်လှယဉ် ၁/မညန(နိုင်)၀၆၇၃၈၈၏သမီး ဒေါ်မြယဉ်ထွေး ၁/မညန(နိုင်)၀၀၀၉၆၈သည် မိဘ၊ မောင်နှမများ ဂုဏ်သိက္ခာထိခိုက်စေသော ပြုလုပ်ဆောင်ရွက်မှုများပြုမူဆောင်ရွက်ခဲ့သည့်အတွက် ယနေ့မှစ၍ ၄င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်လှယဉ်
၁/မညန(နိုင်)၀၆၇၃၈၈

ကြော်ငြာ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ မြေကွက်အမှတ် ၁၀၉၊ ဧရိယာ၀ဒသမ၀၆၇၈က ရှိသော နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအ၀င် အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းဌေးထံမှ ၀ယ်ယူလက်ရောက် ရရှိထားသူ တရား၀င်မှတ်ပုံတင် အထူးကိုယ်စားလှယ်စာရထားသူ ဦးလင်း(ခ)ချောင်ချူရင်သည် အဆိုပါမြေကွက်နှင့်အဆောက်အအုံများအား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသဖြင့် ၄င်းထံမှ ကျွန်ုပ်မိတ်ဆွေအနေဖြင့် စာချုပ်ချုပ်ဆို၍ ရောင်းချငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ ပေးချေ၀ယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက မှန်ကန်သောအထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအ၀ယ်ပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

(သိန်းထွန်း)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၄၃၇၆၅၊ ၀၉-၄၄၈၀၂၂၀၈၈

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၅/၃၉)ဟုခေါ်တွင်သော မြေကွက်အကျယ် ပေ (၂၅×၅၀) မြေကွက်နှင့် ယင်းမြေကွက်အပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံတို့အား ဦးခင်မောင်ကြည် LWE-၀၄၄၅၃၈သို့ တရား၀င်အမည်ပေါက် ချမှတ်ပေးအပ်၍ အကျိုးခံစားခွင့်ရရှိထားပြီး ယင်းအိမ်ခြံမြေကွက်အား လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်အေးမြင့် ၁၂/မရက(နိုင်)၀၀၉၆၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွဲ့နွဲ့မြင့် ၁၀/မဒန(နိုင်)၀၀၈၉၉၂က အပြီးအပိုင်၀ယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအ၀ယ်ကို ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၅)
မ္ဘ/၂၅၈၊ သုနန္ဒာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၂၂၁၉၉၈၊ ၀၉-၄၄၈၀၅၃၂၈၉၊ ၀၁-၉၆၉၉၉၃၃

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၀ ရပ်ကွက်၊ မြေကွက်အမှတ် ၁၉၉၉၊ နှစ်၆၀ဂရန်၊ အကျယ်အ၀န်းပေ(၄၀×၆၀) ရှိ မြေကွက်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ၊ ကင်းရှင်းကြောင်းနှင့် တရား၀င်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ၀န်ခံကတိပြုသူ ယုဇနဥယျာဉ်မြို့တော် B-Block ၊ တိုက် ၂၂၊ အခန်း ၀၀၂နေ ဒေါ်မူမူအောင် ၆/သရခ(နိုင်)၀၃၈၉၂၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာဇာအေး ၁၄/၀ခမ(နိုင်)၁၆၁၁၈၄က အပြီးအပိုင် လက်ရောက် ၀ယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြင့်မြင့်လင်း
LL.B
တရားလွှတ်တော်ရှေ့နေ
အခန်း (D/၁)၊ အမှတ် ၅၀၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်

ခိုင်ယဉ်မွန်နှင့် အများသိစေရန် ကြေညာခြင်း

ပုသိမ်မြို့၊ ရွှေ၀တ်မှုံလမ်း၊ အမှတ်၁၇နေ၊ ပါမောက္ခချုပ်ဒေါက်တာညွန့်ဖေ (ပုသိမ်တက္ကသိုလ်)နှင့် ဒေါ်နန်းချစ်ဆွေတို့၏သမီးငယ် ဒေါက်တာခိုင်ယဉ်မွန် ၁၂/စခန(နိုင်) ၀၆၆၅၈၂ နှင့် ကျွန်တော်မောင်ကျော်သူဟိန်း ၁၄/ပသန(နိုင်)၂၃၄၈၅၆တို့မှာ ၂၀-၇-၂၀၀၉မှစ၍ တရား၀င်လက်ထပ်ပေါင်းသင်းနေထိုင်သည့် ကျွန်ုပ်၏တရား၀င်ဇနီးမယားဖြစ်ကြောင်းနှင့် ကျွန်တော်၏ ခွင့်ပြုချက်မပါဘဲ ပြည်ပသို့ မည်သည့်အကြောင်းကိစ္စ တစ်စုံတစ်ရာနှင့်မျှ ထွက်ခွာခြင်းမပြုပါရန် သတိပေးတားမြစ်ပါသည်။

မောင်ကျော်သူဟိန်း
၁၄/ပသန(နိုင်)၂၃၄၈၅၆

မြေးအဖြစ်မှမသက်ဆိုင်ပါ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၁၀၃၇ နေ ဒေါ်သန်းသန်းနွယ်၏သား အဘိုးဦးချစ်လွင်-အဘွားဒေါ်ညိုတို့၏မြေး မောင်သူရခိုင်စိုး ၁၂/ဥကတ(နိုင်)၁၈၃၀၆၇ သည် အဘိုး၊ အဘွား၊ မိဘစကားကို နားမထောင်ပါသဖြင့် ယနေ့မှစ၍ မြေးအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့် ကိစ္စကိုမှ လုံး၀(လုံး၀)တာ၀န်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

အဘိုး-ဦးချစ်လွင်
အဘွား-ဒေါ်ညို

ကန့်ကွက်နိုင်ပါသည်

CDC၀င်းနှင့် BOAD၀င်းရှိ ဘိုးဘွားပိုင်မြေ နှစ် (၉၀)၊ နှစ် (၆၀)ဂရန်ရှိမြေပိုင်ရှင်များ ဖြစ်ကြသော 9L-1 ၊ မြေကွက်အမှတ် ၅၀၊ ၁၅၅၊ ၅၇၊ ၇၄၊ ၆၈၊ ၁၆၂၊ ၂၆၁၊ ၅၈၊ ၁၂၆၊ ၁၇၅၊ ၁၇၉၊ ၃၁၇၊ ၂၁၆၊ ၁၇၃၊ 9L-2 အမှတ် (၂၂)၊ 9L ၅၃၊ ၁၊ ၈၁၊ ၈၀၊ ၈၃၊ 9M-1 မြေကွက်အမှတ် ၄၂၊ ၄၀ 9M အမှတ် ၁၁၃၊ 9K မြေကွက်အမှတ် ၁၄၈၊ ၁၅၀၊ ၁၅၂၊ ၁၈၀၊ ၁၉၆အားလုံးတို့သည် မြေကွက်ပိုင်ဆိုင်ကြောင်း အထောက်အထားပြည့်စုံစွာရှိပြီး မိမိတို့ပိုင်မြေကွက်များကို တရား၀င်တိုက်တာများဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ မြေတိုင်း၍ ခြံစည်းကာရံခြင်းများကို ပြုလုပ်မည်ဖြစ်ပါ၍ သက်ဆိုင်သူများမှာ အထောက်အထားမူရင်းများ ခိုင်လုံစွာတင်ပြ၍ ကျွန်ုပ်ထံသို့ အောက်ပါလိပ်စာအတိုင်း ကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အထက်ပါကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်အောင်
အမှတ် ၄၆၊ (ပ)ထပ်၊ ၄၃ လမ်း၊
(၆)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၀၉-၇၃၀၁၁၉၈၇

၀မ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးသိန်းထွန်း အသက်(၈၆)နှစ်

ဆေးတက္ကသိုလ်(၁)၊ ခွဲစိတ်ကုပညာဌာန၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးထွန်းဦး-ဒေါက်တာဒေါ်ဆွေဆွေစိုးတို့၏ဖခင်ကြီး ဒေါက်တာဦးသိန်းထွန်းသည် ၁၂-၄-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ၀မ်းနည်းကြေကွဲရပါသည်။

ခွဲစိတ်ကုပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်

၀မ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းကြည် အသက်(၉၃)နှစ်

ပါမောက္ခဒေါက်တာဦးသန်းအေး-ပါမောက္ခဒေါက်တာဒေါ်ခင်အုန်းချစ်တို့၏ မိခင်ကြီး ဒေါ်အုန်းကြည်သည် ၂၃-၄-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ၀မ်းနည်းကြေကွဲရပါသည်။ **ခွဲစိတ်ကုပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်**

၀မ်းနည်းကြေကွဲခြင်း

ဒေါက်တာမြင့်ဦး
ပါမောက္ခ(ငြိမ်း)၊ ဓာတုဗေဒဌာန၊ ပဲခူးတက္ကသိုလ်
ဂုဏ်ထူးဆောင်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၏
အသက်(၇၁)နှစ်

ဟာဂျီ ဦးဇော်လင်းစိုး-ဟာဂျီမ ဒေါ်မြင့်သီဂီ၀င်း (Model Pharma Co.,Ltd.)တို့၏ ဖခင်ကြီးသည် ၂၄-၄-၂၀၁၃ရက် နံနက် ၅း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ၀မ်းနည်းကြေကွဲရပါသည်။

Model Pharma မိသားစု
Upper Myanmar

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄A)၊ မြေကွက်အမှတ်၇၂၊ မြေကွက်တည်နေရာအမှတ် ၂၂၊ ပွဲစားတန်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ် ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးကြီးမြင့်ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆က ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအ၀ယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၃၂/စီက)၊ မြေကွက်အမှတ်၁/၁၅၊ မြေကွက်တည်နေရာအမှတ် ၂၂၁၊ မဇ္ဈူလမ်း၊ ဉာဏရပ်ကွက်ရှိ ဦးထွန်းငယ်(ခ)ယူဟုတ်ချွမ် ၁၂/မရက(နိုင်)၁၁၀၉၀၅ အမည်ပေါက်သော နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက်မှ အထူးကိုယ်စားလှယ်လွှဲစာ ၂၃-၁၂-၂၀၁၀ပေးထားသည်မှာ သက်တမ်းကျော်လွန်နေပါသဖြင့် special power ရရှိသူ ဦးထွန်း၀င်း ၁၃/လရန(နိုင်)၀၅၁၂၇၈က ပါ၀ါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအ၀ယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၇၀၄၊ မြေကွက်တည်နေရာအမှတ် ၇၀၄၊ မြရတနာ ၅လမ်း၊(၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆က တရား၀င်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအ၀ယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၈၁၂၊ မြေကွက်တည်နေရာအမှတ်၈၁၂၊ဇီဇ၀ါ၃လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆က တရား၀င်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအ၀ယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၇၉၈၊ မြေကွက်တည်နေရာအမှတ် ၇၉၈၊ မင်္ဂလာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆ကတရား၀င်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအ၀ယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ငမိုးရိပ်၊ မြေကွက်အမှတ် ၈၅၊မြေကွက်တည်နေရာအမှတ်၈၅၊ ငမိုးရိပ် ၉လမ်း၊ ငမိုးရိပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးမြအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးမြထံမှ အရပ်ကတိစာချုပ်ဖြင့် ၀ယ်ယူပိုင်ဆိုင်လာသူ ၁။ ဦး၀င်းမြင့် ၁၂/သဃက(နိုင်)၀၇၁၉၄၆၊ ၂။ ဒေါ်မြမြအေး ၁၂/သဃက(နိုင်)၁၀၀၆၁၈တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိ၀န်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်မာမာကြည်သည် ဦး၀ဏ္ဏထွန်းနှင့်စိတ်သဘောထားတိုက်ဆိုင်မှုမရှိသဖြင့် ၈-၄-၂၀၁၃ရက်တွင် တာမွေမြို့နယ်၊ တွံ့ဖက်မြို့နယ်တရားသူကြီး ဒေါ်ဥမ္မာ၀င်း၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ဦး၀ဏ္ဏထွန်းနှင့်ပတ်သက်သောကိစ္စများသည် ကျွန်မနှင့်လုံး၀ သက်ဆိုင်မှုမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်မာမာကြည်
၁၂/တမန(နိုင်)၀၅၂၀၈၅

၀မ်းနည်းကြေကွဲခြင်း

ဒေါ်၀န်ချင်လန့်
အသက်(၈၃)နှစ်

ဦးကျော်ဇင်ဦး (Project Director-Minn Anawrahta Group Co.,Ltd.)-ဒေါ်ဝေလန့်၏ ချစ်လှစွာသောမိခင် ဒေါ်၀န်ချင်လန့်သည် ၂၅-၄-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ၀မ်းနည်းကြေကွဲရပါသည်။ **B.O.D အဖွဲ့၀င်များနှင့်၀န်ထမ်းများ**

မင်းအနော်ရထာအုပ်စုကုမ္ပဏီလီမိတက်

၀မ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကိုထွန်းထွန်းဦး(M.Com)Auditofficer United Nation ၏မိခင် ဒေါ်မြရီ (ကျောက်ပန်းတောင်းမြို့) အသက်(၈၀)သည် ၂၄-၄-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ၀မ်းနည်းကြေကွဲရပါကြောင်း။

EMPA
10 th Batch မှ သူငယ်ချင်းများ

၀မ်းနည်းကြေကွဲခြင်း

ဦးကျုံစွမ်း(ခ)ဦးစွမ်း
အသက်(၇၉)နှစ်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးမှ ကထိက/ဌာနမှူးဒေါက်တာစိုးနိုင်၏ဖခင် ဦးကျုံစွမ်း(ခ)ဦးစွမ်း အသက်(၇၉)နှစ်သည် ၂၅-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ၀မ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ဆရာမများ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်

အထူး၀မ်းနည်းကြေကွဲခြင်း

ဦးစွမ်း(ခ)ဦးကျုံစွမ်း
အသက်(၇၉)နှစ်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးကလေးသွားကျန်းမာရေးပညာဌာန၊ အထိက၊ ဌာနမှူးဒေါက်တာစိုးနိုင်-ဒေါက်တာယဉ်ယဉ်ထိုက်တို့၏ဖခင်သည် ၂၅-၄-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ၀မ်းနည်းကြေကွဲရပါသည်။ **ကလေးသွားကျန်းမာရေးပညာဌာန မိသားစု**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး

အထူး၀မ်းနည်းကြေကွဲခြင်း

ဦးအောင်ဘစိန်
မူလတန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)
ကုမ္ပဏီဈေး၊ ကျောက်ဖြူမြို့
အသက်(၇၈)နှစ်

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (RDC) ဒါရိုက်တာအဖွဲ့၀င် ဦးထွန်းနိုင်၏ဖခင် ဦးအောင်ဘစိန် မူလတန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း) အသက်(၇၈)နှစ်သည် ၂၅-၄-၂၀၁၃ရက် ည ၁၀နာရီတွင် ကျောက်ဖြူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ၀မ်းနည်းကြေကွဲရပါကြောင်း။ **ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (RDC)**

အထူး၀မ်းနည်းကြေကွဲခြင်း

ဦးအောင်ဘစိန်
မူလတန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)
ကုမ္ပဏီဈေး၊ ကျောက်ဖြူမြို့
အသက်(၇၈)နှစ်

ရခိုင်သဟာယအသင်း(ရန်ကုန်) ဒုဥက္ကဋ္ဌ ဦးထွန်းနိုင်၏ဖခင် ဦးအောင်ဘစိန် မူလတန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)အသက်(၇၈)နှစ်သည် ၂၅-၄-၂၀၁၃ရက် ည၁၀နာရီတွင် ကျောက်ဖြူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ၀မ်းနည်းကြေကွဲရပါကြောင်း။ **ရခိုင်သဟာယအသင်း(ရန်ကုန်)**

အထူး၀မ်းနည်းကြေကွဲခြင်း

ဦးအောင်ဘစိန်
မူလတန်းကျောင်းအုပ်ဆရာကြီး (ငြိမ်း)
ကုမ္ပဏီဈေး၊ ကျောက်ဖြူမြို့
အသက် (၇၈)နှစ်

၂၀၁၀ရွေးကောက်ပွဲ ရမ်းဗြဲ-အမ်း မဲဆန္ဒနယ် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (RNDP) ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ဘစိန် အသက်(၇၈)နှစ်သည် ၂၅-၄-၂၀၁၃ရက် ည ၁၀နာရီတွင် ကျောက်ဖြူမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ၀မ်းနည်းကြေကွဲရပါကြောင်း။ **ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ

၀မ်းနည်းကြေကွဲခြင်း

ဦးစိန်ကြည် (မြိတ်)
အသက် (၇၆)နှစ်

အစ်ကိုရင်းသဖွယ် ခင်မင်ရပါသော မြိတ်မြို့နေ ဦးသန်းဌေးနှင့်ဇနီး ဒေါ်ခင်အေးမော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးစိန်ကြည်သည် ၁၉-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ၀မ်းနည်းကြေကွဲရပါသည်။

မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်
ဒေါက်တာသက်လွင်နှင့်ဇနီးမိသားစု

၀မ်းနည်းကြေကွဲခြင်း

ဦးလွန်းကြည် (ရေစကြိုမြို့)
ဦးစီးအရာရှိ (ဆည်မြောင်း၊ ငြိမ်း)
အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်းသွယ်(၃)၊ အမှတ်၅၁၉/က နေ ဒေါ်ခင်မြင့်မြင့်၏ခင်ပွန်း ဦးလွန်းကြည် ဦးစီးအရာရှိ (ဆည်မြောင်း၊ငြိမ်း)သည် ၂၃-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ၀မ်းနည်းကြေကွဲရပါကြောင်း။ **ညွှန်ကြားရေးမှူးနှင့် ၀န်ထမ်းများ၊ စက်မှုတိုင်း(၂)**

ဆည်မြောင်းဦးစီးဌာန၊ တောင်ငူမြို့

နှစ်ပေါင်း ၄၆ နှစ်အတွင်း ဆန်စပါးအထွက်တိုးသည့်အပြင် ဈေးကောင်း၍ တောင်သူများဝမ်းသာ

သတင်းနှင့် ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် မေ ၂၈

မဟာသင်္ကြန်ကာလအပြီး ပြည်တွင်းဆန်ဈေး အနည်းငယ်မြင့်လာသည့်အတွက် နွေစပါးစိုက်ပျိုးသည့် တောင်သူများ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀ ထိ ရရှိနေကြသည်။ နည်းမှန်စနစ်မှန် စိုက်ပျိုးမှုများကြောင့် ယခင်နှစ်ကထက် နွေစပါး တစ်ဧကလျှင် တင်း ၂၀ မှ တင်း ၃၀ အထိ ပိုမိုထွက်ရှိသဖြင့် စပါးစိုက်တောင်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း (ကုန်စည်ဒိုင်)မှ သိရှိရသည်။ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်အရ ကုန်စည်ဒိုင်အတွင်း ဝယ်သူ၊ ရောင်းသူတို့ တိုက်ရိုက်တွေ့ဆုံ ညှိနှိုင်းဝယ်ယူနေကြသည်မှာ ယခင်ထက်ပင် ပိုမိုစည်ကားနေသည်ကို မေ ၂၆ ရက်က တွေ့မြင်ရသည်။

ဆန်ဈေး အနည်းငယ်မြင့်တက်လာရခြင်းမှာ အကြောင်းအရင်း နှစ်ချက်ရှိကြောင်း၊ တစ်ချက်မှာ ယခုအခါ အမေရိကန်ဒေါ်လာဈေးနှုန်း လည်းမြင့်တက်လာခြင်းဖြစ်ပြီး မေလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ငါးသောင်းကျော်တင်ပို့ရန်ရှိခြင်း၊ နောက်တစ်ချက်မှာ သင်္ကြန်ကာလပိတ်ရက်များရှိ၍ ပြန်အဖွင့်တွင် ရန်ကုန်နှင့်နယ်၊ လက်လီဈေးကွက်၌ ဆန်ဝယ်လိုမှုမြင့်မားလာခြင်းတို့ကြောင့် သင်္ကြန်မတိုင်မီကထက် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင် ဈေးမြင့်မားလာခြင်းပင်ဖြစ်ကြောင်း၊ ဆန်အဝင်နည်း၍ မဟုတ်ကြောင်း၊ ကုန်စည်ဒိုင်သို့ ဆန်စပါး နေ့စဉ်ဝင်ရောက်မှုမှာ ပျမ်းမျှဖြင့်တွက်လျှင် ပုံမှန်အနေအထားပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးခြင်း၊ အရည်အသွေးမြင့်စပါးမျိုးများ ရွေးချယ်သုံးစွဲလာခြင်း၊ စက်မှုလယ်ယာစနစ်သို့ စတင်ကူးပြောင်းလာခြင်းနှင့် သွင်းအားစုများပိုမိုသုံးစွဲလာခြင်းတို့ကြောင့် ယခုနှစ် ပြည်ပနိုင်ငံများသို့ ဆန်စပါး တင်ပို့မှုမှာ နှစ်ပေါင်း ၄၆ နှစ်အတွင်း တန်ချိန် ၁ ဒသမ ၄ သန်းအထိ စံချိန်တင်ကာ တင်ပို့ပေးနိုင်ခဲ့ကြောင်းဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

နှစ်ပေါင်း(၄၆)နှစ်အတွင်း ဆန်တင်ပို့မှုစံချိန်တင်နိုင်ခဲ့ပါတယ်။
ဦးအောင်သန်းဦး (ဥက္ကဋ္ဌ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)

ဧရာဝတီတိုင်းဒေသကြီး (၈) မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းငါးခုတို့မှသင်္ဘော၊ မော်တော်၊ လှေသမ္ဗန်များဖြင့် ဆန်အိတ်မျိုးစုံ ဝင်ရောက်ခဲ့ရာ (မြန်မာနှစ်ဆန်းနှစ်ရက်) မေ ၁၈ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း ဆန်အိတ်ရေ ၁၆၇၁၉၇ အိတ် ဝင်ရောက်ခဲ့သည်။ မေ ၂၆ ရက်က လပွတ္တာမြို့နယ်မှ ဗလကျော်သူ မော်တော်ဖြင့် ရောက်ရှိလာသော ပေါ်ဆန်းဆန်အိတ်ရေ ၁၅၀၀ ကို ကိုင်းတန်းဆိပ်ကမ်း(၂) တံတားမှတစ်ဆင့် တိုက်ရိုက်ကားများပေါ်သို့ လုပ်သားများနှင့်သယ်ချနေသည်ကို တွေ့ရသည်။ အလားတူ ကျုံမငေးမြို့နယ်မှ ရွှေလပြည့် မော်တော်ဖြင့် ဧည့်မထ ဆန်အိတ်ရေ ၇၀၀၀ ကျော် ကိုင်းတန်းဆိပ်ကမ်းသို့ ရောက်ရှိလာရာ မူဆယ်မြို့သို့ တင်ပို့ရန် ၂၂ ဘီးကား ပေါ်တင်နေသည်ကိုလည်း တွေ့မြင်ရသည်။ မေ ၂၆ ရက်က ကုန်စည်ဒိုင် ဈေးကွက်တွင် ၁၀၈ပေါင်ဝင် တစ်တင်းခွဲဆန်အိတ် လက်ကားဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းသစ် ငွေကျပ် ၂၉၅၀၀ မှ ငွေကျပ် ၃၁၅၀၀၊ ဒေးဒရဲပေါ်ဆန်း ငွေကျပ် ၂၀၀၀၀မှ ငွေကျပ် ၂၆၅၀၀၊ ပုသိမ်မြောင်းမြ ပေါ်ဆန်း ငွေကျပ် ၂၂၅၀၀မှ ငွေကျပ် ၂၈၀၀၀၊ ပေါ်ဆန်းနယ်စုံ ငွေကျပ် ၁၈၀၀၀ မှ ငွေကျပ် ၂၃၀၀၀၊ ဧည့်မထဆန် ငွေကျပ် ၁၃၈၀၀မှ ၁၇၅၀၀၊ နွေစပါး(ရှယ်)ဧည့်မထဆန် ငွေကျပ် ၁၆၀၀၀၊ ငစိန်ဆန် ငွေကျပ် ၁၃၂၀၀ မှ ငွေကျပ် ၁၄၈၀၀ တို့ဖြစ်ကြောင်း သိရှိရသည်။

မေ ၂၆ ရက်က လပွတ္တာမြို့နယ်မှ ဗလကျော်သူ မော်တော်ဖြင့် ရောက်ရှိလာသော ပေါ်ဆန်း ဆန်အိတ်များကို ကိုင်းတန်းဆိပ်ကမ်း(၂)ဖောတံတားမှ ပွဲရုံကားပေါ်သို့ တိုက်ရိုက်သယ်ချနေစဉ်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆရာတော်ဂုဏ်ပြုပူဇော်ပွဲနှင့် သိမ်ရေစက်ချပွဲ ဟိုပန်မြို့၌ ကျင်းပ

ဟိုပန် မေ ၂၈

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲနှင့် ကံထပ်ပူဇော်ပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက မြသိန်းတန်စာသင်တိုက် ပရမတ္ထ ဒီပနီသုဓမ္မာစာရီ ဓမ္မာရုံ၌ ပင့်ဖိတ်ဆရာတော် သံဃာတော် ၃၅ ပါးနှင့် အလှူရှင် ပရိသတ်များဖြင့် ခမ်းနားစွာ ကျင်းပသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ယင်းစာသင်တိုက်ပရဝဏ်၌ ဆရာတော် ဦးစီးတည်ဆောက်ပြီးစီးသည့် မြသိန်းတန်သာသနာ့ ဝိသောဓနီသိမ်တော် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပရာ သိမ်တော်တည်ဆောက်ခြင်းနှင့် လှူဒါန်းမှုအစုစုတန်ဖိုးငွေကျပ် သိန်း ၂၀၀ ကျော်ကို စုပေါင်းရေစက်ချလှူဒါန်းခဲ့သည်။

ဆရာတော်သည် ဟိုပန်မြို့ မြသိန်းတန်ပရိယတ္တိ စာသင်တိုက်နှင့် ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ၁၉၉၂ ခုနှစ်က ကြွရောက်သီတင်းသုံးတော်မူရာ ယနေ့အထိ ဒေသခံတိုင်းရင်းသား ၃၅၀ အား ဗုဒ္ဓဘာသာသို့ ကူးပြောင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူ ၂၇၀၅ ဦးကို ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်သင်ကြားနိုင်ခဲ့ကြောင်းနှင့် ဆင်းရဲနွမ်းပါး မိဘမဲ့ ဒေသခံတိုင်းရင်းသား ၂၈၀၄ ဦးကို သူငယ်တန်းမှ စတုတ္ထတန်းအထိ အခြေခံပညာနှင့် ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

စိုင်းဆာထွန်း(IPRD)

ညောင်လေးပင်၌ ပေါ့ဆမီးလောင်ကျွမ်း

ညောင်လေးပင် မေ ၂၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကြိုးကြာကွင်းကျေးရွာတွင် မေ ၂၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မီးဖိုချောင်မီးကွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ကြိုးကြာကွင်းကျေးရွာနေ ရဲသွေး အသက် (၂၈ နှစ်) နေအိမ်တွင် မီးဖိုချောင်မှ မီးဖိုအသုံးပြုပြီး မီးကွင်းမီးကျန်မှနေ၍ ကပ်လျက်ရှိသော ထရံကိုမီးစွဲကာ သုံးပင်ပတ်လည်ရှိ အလျား ပေ ၂၀၊ အနံ ၅ ပေရှိသော ဝါး၊ ထရံကာ၊ သက်ကယ်မိုးနေအိမ် မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ဆုံးရှုံးမှုကြောင့် ကာလတန်ဖိုးငွေကျပ် တစ်သိန်းခန့်ရှိကြောင်း သိရသည်။

မီးလောင်ရာ နေရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိကာ အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးကို ပေါ့ဆစွာ အသုံးပြုသော ရဲသွေးအား မြို့နယ်ရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

ခင်အောင်လှိုင်

မီးကွင်းမီးကျန် မထားရန် ကျင့်ကြံသတိအမြဲရှိ

ပထမအကြိမ် ကျေးဇူးဆပ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ်၊ အောင်မင်္ဂလာ စာသင်တိုက်ကြီး၏ ဂုဏ်ကျေးဇူးတော်များ၊ စာသင်-စာချပေးတော်မူခဲ့ကြသော ဆရာတော်အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို အထူးရည်မျှော်လျက် ပထမအကြိမ်ကျေးဇူးဆပ် အာစရိယပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရဟန်း၊ ရှင်၊ လူ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုပူဇော်ကြပါရန် လေးမြတ်စွာ နိုးဆော်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	-	၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်၊ ၂၆-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
ကျင်းပမည့်နေရာ	-	ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ်၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ (ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။)
ဖုန်း	-	၀၁-၂၂၀၈၀၉(အောင်မင်္ဂလာ)
	-	၀၁-၈၅၀၀၃၄၅၊ ၀၉-၅၀၇၇၃၂၈(ရွှေမြင့်မိုရ်ဆရာတော်)
	-	၀၁-၆၅၁၉၅၇၊ ၀၉-၄၉၃၁၃၆၃၀(ပျော်ဘွယ်ဆရာတော်)

❖ **သံဃာတော်အရှင်မြတ်တို့ဘုရား....**

၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် (၁)ရက်၊ ၂၅-၅-၂၀၁၃ရက် ကျိန်းစက်အမီ ကြွရောက်တော်မူပါရန်။

(၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)မှကြီးမှူး၍ မြို့ပေါ်ထက်/လယ်(၄)ကျောင်းမှ သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာ ဆရာမ (၁၀၄)ဦးတို့အား ၅-၅-၂၀၁၃ရက်တွင် ဝါးခယ်မမြို့၌ ပူဇော်ကန်တော့မည်ဖြစ်ပါ၍ တပည့်ဟောင်းများတက်ရောက်ကြပါရန်နှင့် ပူဇော်ကန်တော့ငွေများ ထည့်ဝင်ကြပါရန် နိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့
ဝါးခယ်မမြို့နယ်အသင်းရုံးခွဲ

အမည်ပြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့ အမှတ်(၁) ရပ်ကွက်ခုံခမ်းရပ်နေ ဦးအောင်နိုင်လင်း၏သား အထက(၂)ပထမတန်းမှ မောင်ဖြိုးငွေအောင်အား မောင်ဖြိုးငွေကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဖြိုးငွေကျော်**

အမည်ပြောင်း

ဟသ်ာတမြို့နယ်၊ အထက ယုန်သလင်း တက္ကသိုလ်ဝင်တန်းမှ ဦးဆန်းမင်း၏သား မောင်ရှုနိုင်းအား မောင်ရဲရင့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲရင့်နိုင်**

တစ်ဦးတည်းဖြစ်ပါကြောင်း

ယင်းမာပင်မြို့နယ်၊ ကုန်းရွာနေ မယဉ်မာမွန်၏ဖခင် ဦးစန်းရွှေနှင့်ဦးသန်းရွှေ ၅/ယမပ(နိုင်)၀၄၅၄၇၂သည် တစ်ဦးတည်းဖြစ်ပါသည်။

ဦးစန်းရွှေ(ခ)ဦးသန်းရွှေ

ပျောက်ဆုံးကြောင်း

ဦးစိုင်းရွှက်ခမ်း(ခ)စိုင်းတီ ၁၃/ကတန(နိုင်)၀၈၈၀၁၆၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၈၅၅၂၁

ပျောက်ဆုံးခြင်း

ကျွန်တော် နေမျိုးအောင်၏ ပတ်စ်ပို့ A-235207 ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၃၇၃၂၆၉**

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ ပထမထပ် ဗဟိုလမ်း၊ အမှတ် ၉၆/၉၈စီနေ ဦးထွန်းဝင်းအောင် ၁၂/စခန(နိုင်)၀၀၃၀၂၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၃၄/အေရှိ နှစ်ထပ်အဆောက်အအုံအား ပိုင်ဆိုင်သူ မိခင်ဒေါ်ဂျက်နက်ဒူလာရီက အပြီးအပိုင်ရောင်းချပြီး ရရှိသောငွေများကို သားသမီးများဖြစ်သော (၁) ဒေါ်သိန်းသိန်း ၁၂/စခန(နိုင်)၀၂၉၀၃၀၊ (၂) ဒေါ်အေးအေးခိုင် ၁၂/စခန(နိုင်)၀၂၉၀၂၈၊ (၃) ဒေါ်သွယ်သွယ် ၁၂/စခန(နိုင်)၀၀၂၉၀၃၊ (၄) ဦးညီညီအောင် ၁၂/စခန(နိုင်)၀၂၉၀၂၉ အား ကျွန်တော် ဦးထွန်းဝင်းအောင် ၁၂/စခန(နိုင်)၀၀၃၀၂၅ က မိခင်၏ကိုယ်စား မောင်နှမလေးဦးအား ခွဲဝေပေးအပ်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းဝင်းအောင် ၁၂/စခန(နိုင်)၀၀၃၀၂၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသန့်(ခ)ဦးမောင်ကြီး
LL.B အထက်တန်းရှေ့နေ (စဉ်-၃၂၄၃)
PIONEER LAW FIRM
အမှတ် ၁၃၂/အေ (ဒုတိယထပ်)၊ ၃၃လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၉၂၄၈၃၄၀၊ ၀၉-၇၃၂၃၂၅၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၇၁၅၁၆၊ ဟွန်ဒါဝေ့(ဖ်)100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်မော်ဆန်း ၁၀/မလမ(နိုင်)၀၂၆၀၃၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မအိခိုင်ဇာလွင် ၁၂/ဥကတ(နိုင်)၀၇၂၅၉၈ သည် မိဘများ၏ ခွင့်မလွှတ်နိုင်သည့် လုပ်ရပ်ကို လုပ်ဆောင်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိဘများ-ဦးငွေလွင်
ဒေါ်ခင်စန်း

ကွာရှင်းပြတ်စဲပြီးကြောင်းကြေညာခြင်း

ကျွန်တော် ဦးတင်ထွန်း ၁၀/မလမ(နိုင်)၁၁၁၇၁၀ နှင့် ဒေါ်မြင့်မြင့်မော် ၁၀/မလမ(နိုင်)၁၃၇၃၇၁ တို့သည် ၈-၆-၂၀၀၉ ရက်တွင် မွန်ပြည်နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါသဖြင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်ထွန်း ၁၀/မလမ(နိုင်)၁၁၁၇၁၀

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

B.Sc. (Chem.), R.L.

[illegible]

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာချက်

[illegible]

ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နေ ကျွန်တော် ဦးလှိုင်မျိုးဆွေ ၁၄/ကကန(နိုင်)၀၆၃၁၅၁သည် ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းမြ ၁၄/ကကန(နိုင်)၀၀၂၃၃၈နှင့် စိတ်သဘောထားမတိုက်ဆိုင်ပါသဖြင့် ၉-၁၀-၂၀၁၁ရက်တွင် အသိသက်သေများ၏ရှေ့မှောက်၌ ဇနီးအဖြစ်မှ စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ကျွန်တော်နှင့်တကွ မိသားစုဂုဏ်သိက္ခာကျဆင်းစေမည့် ပြုမူလုပ်ဆောင်ခြင်းများပြုလုပ်လာပါက တရားဥပဒေအရ ဖြေရှင်းမည်ဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စများကိုမျှ (လုံး၀)တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးလှိုင်မျိုးဆွေ ၁၄/ကကန(နိုင်)၀၆၃၁၅၁၊ ကျောင်းကုန်းမြို့**

ပြည်တွင်းသတင်း

သိမ်ဆိပ်၌ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်

သိမ်ဆိပ် မေ ၂၈

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ အထက (သိမ်ဆိပ်) စွယ်တော်၌မေတ္တာရောင်စဉ် ပရဟိတ လူငယ်များအဖွဲ့က ဦးစီး၍ သိမ်ဆိပ် ကျေးရွာသူ ကျေးရွာသားများ၏ ပထမအကြိမ် မျိုးဆက်သစ်နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မေ ၂၅ ရက်က ကျင်းပရာ သာသနာ့ တက္ကသိုလ်(ရန်ကုန်) ဟိတဓရသံဃာ တော်များ သိမ်ဆိပ်ကျိုက္ကော်ကျေးရွာမှ အလှူရှင် ဒါယကာ ဒါယိကာမများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူ ၅၂၈ ဦးတို့ တက်ရောက်ကြသည်။

သင်တန်းကို နေ့စဉ်နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ဒေသခံ ဆရာ ဆရာမများ၏ လုပ်အားဒါနဖြင့် သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသား ကျောင်းသား ကျောင်းသူ ၅၂၈ ဦးတို့အား မေတ္တာရောင်စဉ် ပရဟိတလူငယ်အဖွဲ့က ဗလာစာအုပ်၊ ဘောပင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ သင်တန်းကာလမှာ မေ ၂၅ ရက်မှ မေ ၉ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ယုအောင်(သိမ်ဆိပ်)

တောင်ငူမြို့၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

တောင်ငူ မေ ၂၈

တောင်ငူမြို့ (၁၈)ရပ်ကွက် ပရဟိတလူငယ်များအသင်းကကြီးမှူး၍ ပထမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၂၀ ရက် ညနေ ၆ နာရီခန့်က (၁၈)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဘေး၌ကျင်းပရာ ပြည်သူများ၊ အလှူရှင်များနှင့် ရပ်မိရပ်ဖများ၊ ကန်တော့ခံအဘိုးအဘွား ၂၈ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကျင်းပရသည့်အကြောင်းအရင်းကို အသင်းသားတစ်ဦးက ရှင်းလင်းပြောကြားပြီး အဘိုးအဘွား ၂၈ ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့သည်။ ထို့နောက် ကန်တော့ခံအဘိုးတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **သူရ(တောင်ငူ)**

အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

မြစ်ကြီးနား မေ ၂၈

မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်တွင်းမှု အသက်မွေးပညာဖြင့် ဝင်ငွေရရှိရေး ရည်ရွယ်ချက်ဖြင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်းကို မေ ၂၆ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ အမျိုးသမီးရေးရာရုံး၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာနာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဝင်များ၊ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ရပ်ကွက်/ကျေးရွာများမှ သင်တန်းသူ ၃၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ပြောင်းဖူးပြုတ်စားရာမှ လူနေအိမ် ၃၂ လုံး မီးလောင်ကျွမ်း

ချောင်းဦး မေ ၂၈

အသက် ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦး ပြောင်းဖူးပြုတ်စားရာမှ အနီးရှိ ကာထားသောထန်းရွက်ကို မီးကူးစက်လောင်ကျွမ်းပြီး ပတ်ဝန်းကျင်ရှိ လူနေအိမ် ၃၂ လုံး မီးလောင်ဆုံးရှုံးခဲ့သော ဖြစ်ရပ်တစ်ခု မေ ၂၆ ရက် ညနေပိုင်းက မုံရွာခရိုင် ချောင်းဦးမြို့နယ် ရွှေကူကျေးရွာ အကွက်အမှတ် ၇ တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုသည် အကွက်အမှတ်(၇)နေ ဦးဇော်မင်းဦး၏ သမီးဖြစ်သူ မမိုးမိုးဝင်းက ပြောင်းဖူးပြုတ်စားရာမှ လောင်ကျွမ်းခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ၏ စစ်ဆေးချက်အရသိရပြီး အိမ်ထောင်စု ၃၂ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ မုံရွာမီးသတ်ယာဉ်များ ချောင်းဦးမြို့နှင့် ခင်မွန်ရွာတို့မှ မီးသတ်ယာဉ်များ သွားရောက်ငြှိမ်းသတ်ခဲ့ပြီး ဝက်သုံးကောင် မီးလောင်ကျွမ်းပြီး လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။ ယင်းမီးလောင်မှုကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **အံ့ကြီးမောင်**

ကျောက်မဲ၌ သောက်သုံးရေပေးဝေ

ကျောက်မဲ မေ ၂၈

ယခုနှစ်နွေရာသီတွင် ရေတွင်းများတွင် ရေများလျော့နည်းခန်းခြောက်သွားသဖြင့် သောက်သုံးရေ အခက်အခဲကြုံတွေ့နေကြရသော ကျောက်မဲမြို့ပေါ်ရှိ အမှတ်(၇)ရပ်ကွက် မြောက်ကုန်းရပ်နှင့် အမှတ်(၈)ရပ်ကွက် ထုံးဖိုရပ်ကွက်တို့ရှိ ပြည်သူများအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဝင်းဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကိုကိုကြီးဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များသည် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအတွင်းရှိ လေးလက်မစက်ရေတွင်းမှ ရေများကို ရေသယ်ယာဉ်များဖြင့် သယ်ယူကြပြီး မေ ၂၆ ရက် နံနက်ပိုင်းက လိုက်လံရေပေးဝေကူညီပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ဇဇဝ)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

နွေရာသီ အင်္ဂလိပ်စာသင်တန်း အခမဲ့ ဖွင့်လှစ်

ရေး မေ ၂၈

မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်ရှိ အထက(၁) ကျောင်း၌ နွေရာသီအင်္ဂလိပ်စာ အခမဲ့သင်တန်းကို မြို့နယ်ရှိ အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်သူ စေတနာရှင်များက စုစည်း၍ဖွင့်လှစ်ရာ ရေးမြို့နယ်အတွင်းရှိ ဆဋ္ဌမတန်းအောင်မှ အဋ္ဌမတန်းအောင် ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ယူကြပြီး သင်တန်းကို မေ ၂၅ ရက်မှ မေ ၂၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းသား ၂၂၃ ဦးတက်ရောက်ပြီး သင်တန်းချိန် နံနက် ၈ နာရီမှ ၁၁ နာရီအထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

Career Opportunity
(For Local Service Only)

AA Medical

We are one of the leading Marketing & Distribution companies of pharmaceutical & medical products and are looking for highly motivated, dynamic and result oriented individuals for the following positions.

1) Assistant General Manager **M/F (3) Posts**

- Graduate with MBA preferred.
- Under (50) years old.
- Must have at least 15 years of experiences in senior management level.
- To develop, review and implement continuous improvement plans for management and operation processes & procedures. Have in-depth knowledge of Distribution & Logistic Business. Sales & Marketing knowledge will be added advantage.
- Be a flexible, proactive, trust worthy and calm person under pressure.
- Have an excellent command of English and be a computer literate.
- Must have good interpersonal skills with excellent people management skills.

Interested applicants are requested to send Curriculum Vitae(CV), two (2) passport size recent photos and photocopies of the Graduation Certificates, National Identification card, Labour Registration card, Police Clearance, Household Census Lists to
AA Medical Products Ltd.
No.408/410, Mahabandoola Street, 4th Floor, Kyauktada Township, Yangon.
latest by 20th May, 2013.

BASIC SPOKEN ENGLISH COURSE

EDUMAP Language Centre
0973041493
095191046
505965

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ တိုက်(၃) အခန်းအမှတ်(၂၀၁)အားပိုင်ဆိုင်သူ ဒေါ်တင်မီသွင် ၁၂/ရကန(နိုင်) ဝ၅၅ဝဝ၅ထံမှ ကျွန်မကဝယ်ယူမည်ဖြစ်ပါသဖြင့် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်မာဝေ(ခ)ဒေါ်မာဂရက်ချစ်ခင်
၁၂/ရကန(နိုင်)ဝ၅၄၈၈၂
(၅၀)မာလာမြိုင်လမ်း၊ ပြည်သာယာရိပ်သာ(၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ဒိုလံပစ်တာဝါအိမ်ရာရှိ တိုက်အမှတ်(-)အခန်းအမှတ်(၁၃၀၂)ကိုအမည်ပေါက်ပိုင်ဆိုင်သူဦးယာကွတ်(ခ)ဦးစိုးမိုးနိုင်ထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဦးကျော်ဝင်းလွင်၊ မိမိမြတ် ၁၂/ဗတထ (နိုင်)ဝ၂၆၇၅၂ ၊၁၂/ကတတ(နိုင်)ဝ၂၅ဝ၇၁က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၉၃၄၊ မြေကွက်တည်နေရာအမှတ်၉၃၄၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ခင်ငွေအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ငွေထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစိန်မြင့် ၁၂/လကန(နိုင်) ဝ၁၂ဝ၁ဝက ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကျမ်းကျိန်လွှာများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပညာမြင်းမိုရ်၏ စည်းကမ်း၊ပညာ၊အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက-၁၃/၀၉/၀၁၆

ပညာမြင့်မိုရ် ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ကျောင်းသား/သူသီးသန့်အဆောင်မြင့်ဘော်ဒါ

၅-တန်းမှ ၁၀-တန်းအထိ

❖ ကျောင်းကြီးတက်ရန်မလို၊ကျူရှင်တက်ရန်မလိုတစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း
❖ နေ့တက်သင်တန်းဘော်ဒါကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
❖ နေ့တက်သင်တန်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
❖ လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မယ်။

❖ ပုဂ္ဂလိကအထက်တန်းကျောင်း - အမှတ်(၃၈/၄၀)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
❖ ပညာမြင့်မိုရ်ကျောင်းသားဆောင် - ၂၉၇၊ ဂန္ဓာရီလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
❖ ပညာမြင့်မိုရ်ကျောင်းသူဆောင် - ၃၁၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph : 09 73004720, 09 5001158, 09 5002947, 01-562830

တန်းခွဲသစ် မေလဆန်းစမည်။

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၀၄)ဘဏ်မြောက်

ပြင်ဦးလွင်ဘဏ်ခွဲ (၂) ကို

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ တွင်

၂၉.၄.၂၀၁၃ (တနင်္လာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

ပြင်ဦးလွင်ဘဏ်ခွဲ (၂)

အမှတ်(၆၅/၆၆)၊ မန္တလေး–လားရှိုးလမ်း၊ ရပ်ကွက်ကြီး(၃)

ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း – (၀၈၅) ၂၈၄၃၅၊ ၂၈၄၃၆၊ ၂၈၄၃၇

ဖက်စ် – (၀၈၅) ၂၈၄၃၈၊ ၂၈၄၃၉

www.kbzbank.com

ကြော်ငြာ

" စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း "

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မြေအမှတ်(စီ)နေ
ဗိုလ်ချုပ်ကြီးလှငွေ့ဝင်း၊ ညွှန်ကြားရေးမှူး(ကြည်းရေလေ)+ဒေါ်မာမာဝေ
တို့၏သား

ဒေါက်တာနေဝင်းခင်

M.B.,B.S(YGN),PART-1 MBA (University of Northampton, UK)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊
အောက်မင်္ဂလာဒုံလမ်း၊ မြေအမှတ်(၁၀၁)နေ
ဒေါက်တာခင်မောင်သန်း(Senior Medical Officer, University of Malaya Medical Centre, KL,Malaysia)+ဒေါ်ခင်ကြူကြူ
တို့၏သမီး

ဒေါက်တာနိုင်စံပယ်သန်း

M.B.,B.S(YGN)

တို့သည် (၂၈-၄-၂၀၁၃)ရက်နေ့ Sedona Hotel တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်၌စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်မောင်နေဝင်းခင် + မနိုင်စံပယ်သန်း

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
ဖုန်း- ၀၉၄၂၀၁၀၇၀၂၀
၀၉၄၄၈၀၂၅၇၄၂
၀၉၇၃၂၃၄၆၅၆
၀၉၇၃၂၉၉၆၅

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဗိုလ်မှူးကြီးခင်မောင်ငွေးနှင့် ချစ်မေမေ ဒေါ်ဥမ္မာကြည် တို့၏ ၁-၅-၂၀၁၃ရက်တွင်ကျရောက်သော (၂၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှ နောင်နှစ်ပေါင်းများစွာ ချစ်သမီးများနှင့်အတူ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုတောင်းလျက်။

ချစ်သမီးကြီး ဒေါက်တာဆုယမင်း
ချစ်သမီးငယ် မေပြည့်ထွန်း B.A (Korea) Y.U.F.L

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၃၀နေ တရားလွှတ်တော်ရှေ့နေ ဦးရဲမြင့်-ဒေါ်ခင်စောဖြူတို့၏သား ဒေါက်တာရီနွယ်ချို (လက်ထောက်ဆရာဝန်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ ခုတင်-၁၀၀၀)၏ အစ်ကို

မောင်ဇင်မောင်မောင် B.Sc. Engg (FT), Dip. in IT

ဦးစီးအရာရှိ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ပင်းတယမြို့

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၃၄ရပ်ကွက်၊ သရဖီ-၆လမ်း၊ အမှတ် ၄၄၆နေ ဦးမာဃ(ခ)ဦးမောင်သောင်း-(ဒေါ်ခင်စိန်-ကျောက်မျက်)တို့၏သမီးငယ်

မသင်းနွယ်အေး B.A (Eco), DA (LCCI) UK
Accountant, Partner Associates Int'l Co.,Ltd

တို့သည် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့)၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇင်မောင်မောင်-မသင်းနွယ်အေး

FAME **JavaHerb®**
Anti-diabetic
သကြားမကိုင်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
1112 YR 008205

FAME **GynuHerb®**
Natural medicine for diabetes
ပျားမြီးရွက်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009054 (0814)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်သူရလှိုင် ၁၂/ဗဟန(နိုင်)၀၁၀၅၁၄၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၈၁၄၀၆

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၈၅၂၊ မြေကွက်တည်နေရာအမှတ် ၈၅၂၊ အနော်မာ ၁၀လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာ ဒေါ်စိန်စိန်ကြည်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်စိန်ကြည် (အမျိုးကြီး၁၀) မောင်များဖြစ်သူ ဦးခင်မောင်လှ၊ ဦးပြည်အောင်၊ ဦးသန်းညွန့်၊ ဦးခင်ဖေ၊ ဦးသန်းထွန်းတို့ အသီးသီးကွယ်လွန်သဖြင့် ဦးတင်ရွှေ ၁၂/ဥကတ(နိုင်)၀၆၀၈၉၇၊ ဦးလှကြည် ၁၂/ဥကတ(နိုင်)၀၆၀၈၁၉၊ ဒေါ်သန်းသန်း ၁၂/ဥကတ(နိုင်)၀၅၉၉၉၀၊ဒေါ်ချိုချို ၁၂/ဥကတ(နိုင်)၀၆၁၁၀၄၊ ဒေါ်ကြည်ကြည်ဝင်း ၁၂/ဥကတ(နိုင်)၀၆၇၄၂၀ တို့က မောင်၊ ညီမနှင့် ယောင်းမတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေ ဦးကျော်စိန် ၇/ကပက(နိုင်)၀၉၉၆၀၈ က ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၄/၃၈၁၁ဖြင့် ၉-၄-၂၀၁၃ရက်တွင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမည်ဖြင့် အမျိုးသမီးဝတ်အင်္ကျီ၊ ဘောင်းဘီ၊ စကပ်၊ ဂါဝန်၊ ဘော်လီ၊ ဘရာစီယာ၊ လက်ကိုင်အိတ်စသည့် ပစ္စည်းအမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

CC&DD (၄/၃၈၁၁)

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်နှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်းမပြုရန်နှင့် တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	**ဦးထိန်လင်းသန်း**
LL.B, D.B.L, D.I.L, Dip.CA, WIPO	LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm
အမှတ် ၁၀၅၊ ၁၀၇၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၆၁၄၆၊ ၀၉-၄၅၀၀၁၇၁၃၆

ဗိုလ်သင်တန်း အမှတ်စဉ်(၆၆) မှ သူငယ်ချင်းများအား ဖိတ်ကြားခြင်း

သူငယ်ချင်းတို့ - ကိုယ်တို့အပါတ်စဉ်က ကျဆုံး၊ သေဆုံး သူငယ်ချင်းများအတွက် ဒီနှစ်မှာ အမှူးပေးဝေ ဆွမ်းကပ်လှူခြင်း၊ နည်းပြဆရာများအား ကန်တော့ခြင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခြင်း၊ ညစာစားပွဲကျင်းပခြင်း တို့အတွက် ရန်ကုန်မြို့မှာ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမှာဖြစ်လို့ သူငယ်ချင်းများနဲ့ မိသားစုဝင်များ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါတယ်-

ဆွမ်းကပ်လှူခြင်း နှင့် ဆရာကန်တော့ခြင်း	- ၅ - ၅ - ၂၀၁၃(တနင်္ဂနွေနေ့)၊ နံနက် (၉း၀၀) နာရီ - ဝိဇ္ဇာဓါရဓမ္မသင်တိုက်၊ မြစ်ပါယ်လမ်း၊ ပါရမီ။
ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပခြင်း	- ၁၁. ၅. ၂၀၁၃ (စနေနေ့)၊ နံနက် (၆း၀၀) နာရီ - တပ်မတော်ဂေါက်ကွင်း။
ညစာစားပွဲကျင်းပခြင်း	- ၁၁. ၅. ၂၀၁၃ (စနေနေ့)၊ ညနေ (၆း၀၀) နာရီ - အမှတ်(၆၁)၊ (၆)လမ်း၊ ဈေးရပ်ကွက်၊ မင်္ဂလာဒုံ။ (သူငယ်ချင်း ညွန့်ဆွေ၏ နေအိမ်ဝေဟာ)
ဆက်သွယ်ရန်	- ဝင်းနိုင် (၀၉-၄၂၀၀၉၈၅၃၄)၊ ညီညီလင်း (၀၉-၅၁၉၀၆၀၂)၊ မြင့်ထူး (၀၉-၅၀၁၃၀၈၃)၊ သန့်ဇင် (၀၉-၇၃၀၇၈၈၄၀)။

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)

FINANCIAL SERVICES နှင့် BUSINESS MANAGEMNT

အမှတ်စဉ် (၃) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Education တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ သင်တန်းအမှတ်စဉ် (၃)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင် ပြီးသူများနှင့် တက္ကသိုလ်မှတဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။

၂။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှ တစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration/ Finance and Banking (BBA) ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ BBA ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။

၃။ Business Management သည် စီးပွားရေးစီမံခန့်ခွဲမှု၏ အခြေခံဘာသာရပ်များဖြစ်သည့် စီမံခန့်ခွဲမှု၊ ပြောဆိုဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ်ခန့်ခွဲမှု၊ ဈေးကွက်ထိုးဖောက်ခြင်း၊ စာရင်းကိုင်ပညာနှင့် IT ပညာတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မန်နေဂျာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၄။ Financial Services သည် စီးပွားရေးအဖွဲ့အစည်းများနှင့်ဘဏ်များ၏အခြေခံသဘောတရားများ၊ဘဏ်များနှင့်ငွေကြေးအရင်းအနှီးဈေးကွက်တည်ဆောက်ပုံတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါကဘဏ်များနှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏မန်နေဂျာ၊ ငွေကြေးဆိုင်ရာ စီမံရေးဆွဲရေးအရာရှိများနှင့်စတော့ဈေးကွက်တည်ဆောက်သူအရာရှိများ၊ စတော့ရောင်းဝယ်သူအရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၅။ သင်တန်းကာလ(၆)လဖြစ်ပြီး ၂၀၁၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

၆။ ပညာအရည်အချင်း အထောက်အထား (မူရင်းနှင့် မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့် မိတ္တူ)၊ လိုင်စင်ဓါတ်ပုံ (၃)ပုံတင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက - အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊(STI Education)
တွန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်
ဖုန်း - ၀၉၄၂၀၀၈၃၁၅၅၊ ၃၇၇၉၈၈၊ ၀၉၄၂၀၁၃၁၇၃၀၊ ၅၀၇၀၄၈၊ ၀၉၄၂၀၂၅၄၈၇၂

အေးရတနာမိုး CAR RENTAL

မြို့တွင်း၊ မြို့ပြင်၊ နှစ်ချုပ်၊ လချုပ်၊ ရက်ပိုင်း ငှားရန် Probox, AD Van များကို ဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျငှားရမ်းပေးနေပါသည်။

အမှတ်-၁၂၅၊ ၂၁လမ်း၊ လသာမြို့နယ်။ဖုန်း-၀၉၇၃၀၃၈၁၂၀။

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်စိန် (ငြိမ်း)

လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

အသက်(၉၀)

ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပုံချီ ဦးဌေးဦး-ဒေါ်နီနီဝင်း(နာယက၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၇-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဒေါ်မြင့်ကြည်နှင့်ဒေါ်မြမြ

ဝမ်းနည်းကြေကွဲခြင်း

ဦးဌေးအောင် (စား/ထွေ၊ ငြိမ်း)

အသက်(၈၀)

ဦးကြည်ဝင်း(Park Royal Hotel)-ဒေါက်တာချိုချိုဌေးအောင်(ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ဖခင်သည် ၂၆-၄-၂၀၁၃ရက် နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခဌာနမှူးနှင့် ဆရာ ဆရာမများ
ပဲခူးတက္ကသိုလ်၊ ရူပဗေဒဌာန

ကျေးဇူးတင်ရှိခြင်း

၂၀-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးလှိုင်ထွန်း ဆေးကုသမှုခံယူစဉ်နှင့် နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော MPPE မှ အရာရှိများနှင့်ဝန်ထမ်းများ၊ ထူးကြီးအသင်းမှ မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်မှ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ အားပေးနှစ်သိမ့်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အခြားသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သီတာလွင် (ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ဝန်ထမ်းဟောင်း)

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပတ္တမြားလမ်း၊ အမှတ် ၁၁၈နေ ဦးစိုးလွင်-(ဒေါ်မြင့်တင်)တို့၏သမီး၊ မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ကံမမြို့နေ (ဦးတင်လှ)-ဒေါ်ကြည်ညွန့်တို့၏သမီးချွေးမ၊ ဦးဌေးဝင်း (ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)-ဒေါ်နီလာလွင်(ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ငြိမ်း)တို့၏ညီမ၊ ဦးမောင်ဆန်း-ဒေါ်နှင်းယုလွင်၊ ဦးမျိုးလွင်-ဒေါ်ခင်မော်တို့၏အစ်မ၊ တိုက် ၁၀(လေးလွှာ)၊ ကွမ်းခြံ ၄လမ်း၊ လှည်းတန်း(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးစိန်ဝင်းလှိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)၏ဇနီး၊ မောင်မြင့်ကျော်စိုး(ပထမနှစ်၊ မြန်မာစာ၊ ဒဂုံတက္ကသိုလ်)၏မိခင်သည် ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၇း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အိပပထွေး B.A(Eco), B.Ed, Global English

(မူ/ပြ)၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း

အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဇမ္ဗူလလမ်း၊ အမှတ် ၃၄၀နေ(ဦးကျော်လွင်)-ဒေါ်တင်မြင့်တို့၏သမီးထွေး၊ (ဦးဇော်မင်းအောင်)၊ ဦးကျော်မင်းအောင်-ဒေါ်မန္တျူ၊ ဦးထွန်းလင်း-ဒေါ်နီလာနွယ်၊ (ဦးမျိုးမင်းအောင်)၊ ဦးကျော်ဦး-ဒေါ်လှိုင်နွယ်ထွေး၊ မညိမ်းအိအိထွေးတို့၏ညီမ၊ တူ၊တူမ ငါးယောက်တို့၏အဒေါ်သည် ၂၇-၄-၂၀၁၃ရက် (စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သင်းမြတ်(ဆားမလောက်)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် ၁၇နေ (ဦးမောင်ဝင်း-ဒေါ်စောတင်)တို့၏သမီး၊ကိုကြင်အေး-မလှတင်၊ ကိုကြင်ရှိန်-မလေးငြိမ်း၊ (မောင်မြစိန်)၊ (မကြင်တိုး)၊ မကြင်လွှမ်း၊ ကိုခင်မောင်ညွန့်(မြန်မာ့ရေနံ)-မကြင်မိုး၊ မသီတာအေး၊ကိုဝင်းစိုးခိုင်-မမိုးမြင့်မေ၊ကိုကျော်စွာ-မမော်၊ (မောင်ဇော်မိုးဝင်း)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၇-၄-၂၀၁၃ရက် (စနေနေ့)ည ၁၁း၅၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ကြည် (တောင်ငူ)

စက်ရုံမှူး(ငြိမ်း)၊ ရိုးမရေခဲစက်

အသက်(၇၂)နှစ်

တောင်ငူမြို့၊(၆)ရပ်ကွက်၊ ၁လမ်းနေ (ဦးသိန်းမောင်-ဒေါ်စိန်ဝင်း)တို့၏ သား၊ ဒေါ်ညွန့်ရီ၏ခင်ပွန်း၊ ကိုဇော်မင်းလွင်-မအေးအေးသင်း၊ ကိုသန်းထွဋ်အောင်-မနန်းရွှေရည်သိမ့်၊ ကိုပြည့်စုံဝင်းတို့၏ဖခင်၊ မထက်ထက်လွင်၊ မောင်သုတဉာဏ်၊မသစ်လင်းထက်တို့၏အဘိုးသည် ၂၈-၄-၂၀၁၃ရက် နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၃ရက် နံနက် ၁၀နာရီတွင် တောင်ငူမြို့၊အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နာရိန်း(ခ)ဒေါ်ရီ

(မတူပီ)

အသက်(၅၇)နှစ်

မတူပီမြို့နယ်၊ ငလိုင်ကျေးရွာနေ (Pa Reng Loem-Nu Pa Naw)တို့၏သမီး၊(Pa An Chang)-Nu Ai Khoem၊ Pa Ti Dawl-Nu Mary၊ (Nu Yung Tip)-Pa Thang Sai-Nu Rai Sueng-(Pa Ka Thui)၊ (Pa Ba Hoe)-Nu Yil Muem Nu Nu Cuai-Pa Va Sum၊ (Nu Nu Huai)၊ Pa Pa Awi တို့၏ညီမ၊ မန်းကျော်နိုင်ဦး၊ ခင်လေးရီး (လူမှု-၃၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း)၊ ခင်မာရီ(ဌာနစိတ်မှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နေပြည်တော်)၊ မန်းကျော်နိုင်ထွေးတို့၏မိခင်၊(ဦးပါမန်း)၏ဇနီးသည် ၂၇-၄-၂၀၁၃ရက် နံနက် ၈း၂၀နာရီတွင် နေအိမ်အခန်း ၁၁၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ မရမ်းကုန်းမြို့နယ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁-၅-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(သမိုင်းလမ်းဆုံနှင့် နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ချောယုံ

အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် I-3A၊ သဇင်လမ်းနေ(ဦးရန်ရှင်း-ဒေါ်ချောရင်)တို့၏သမီး၊ (ဦးလှ)ဟင်္သာတ၏ဇနီး၊ ဦးသန်းစိန်-ဒေါ်ရန်တို့၏မိခင်၊ ကိုသန်းထွန်း-မညိုညိုဌေး၊ ကိုဝင်းသိန်း-မအေးအေးခိုင်၊ ကိုထွန်းထွန်းကျော်-မကြည်ကြည်လှိုင်၊ ကိုဇော်သန်းဦး-မကြင်ကြင်၊ ကိုဇော်ဝင်းရှိန်-မရွှေယင်းမာ၊ ကိုလှမောင်-မအိမွန်ထွေးတို့၏အဘွား၊ မြစ် ၁၀ယောက်တို့၏ အဘွားသည် ၂၇-၄-၂၀၁၃ရက် (စနေနေ့) ည ၈း၂၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမ ဟာဂျရာဘီဘီ(ခ)ဒေါ်ခင်ထွေး

(စိန်ကဖီး/ခင်ဖိနပ်ဆိုင်၊ အင်းစိန်)

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ပိန္နဲကုန်းရပ်ကွက်၊ကြေးတိုင်စု(၁)လမ်း၊ အမှတ် ၈၇နေ (ဦးမူတူး-ဒေါ်ဖွားရင်)တို့၏သမီး၊ [ဦးစူလ်တန်း(ခ)ဦးဘမောင်]၏ဇနီး၊ (ဦးမောင်မောင်)-ဒေါ်ဌေးဌေး၊ AI Haj ဦးခင်မောင်လေး(Sein Drilling & Engineering Services)-AI Haj ဒေါ်ခင်မမ(ခင်ဖိနပ်ဆိုင်၊ အင်းစိန်)၊ ဒေါ်ခင်ခင်အုန်း(MPE၊ ငြိမ်း)တို့၏မိခင်၊ Haji ဦးဘသိန်း-ဒေါ်နန်းမွမ်းခမ်း၊ဦးဘဟိန်း-ဒေါ်တင်စန္ဒာဝင်း(ခေတ္တ-USA)၊ဦးဖေယျာအောင်(အဏုမြူစွမ်းအင်ဦးစီးဌာန)-ဒေါ်စန်းသော်တာခင်၊ ဦးမောင်မောင်ညွန့်-ဒေါ်မြမန္တျူခင်(ခေတ္တ-Singapore)၊ မစန္ဒာမောင်၊ မပိုးအိမောင်(ACE Data Systems)တို့၏အဘွား၊ မောင်မိုးမြင့်ဘမောင်၊ မောင်အာကာဘသော်၊ မသက်စုအောင်(MLA)တို့၏အဘွားသည် ၂၇-၄-၂၀၁၃ ရက်(စနေနေ့) ညနေ ၃း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၈-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၃၀နာရီတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဦး(ကျောင်းဆရာမ၊ငြိမ်း)

(ကျောက္ကာ၊ တောင်သာ)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ရေကူးရွာမတောင်ပိုင်းလမ်း၊ ကမ္ဘာအေး၊ အမှတ် ၆၁-Aနေ(ဦးစံဦး-ဒေါ်ပန်းခင်)တို့၏သမီး၊ (ဦးသူတော်-ဒေါ်ငွေသိုက်)တို့၏သမီးချွေးမ၊ ဦးကျော်စန်းဦး (Chief Officer, G-Ocean, Singapore) - ဒေါက်တာလှယဉ်နု (ကထိက၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဗိုလ်မှူးချုပ်ကျော်စန်းလင်း(ကျောင်းအုပ်ကြီး၊ တတက-၁၃)-ဒေါ်သီဂီခိုင်(အလပြ၊ ငြိမ်း)၊ ဒေါ်မိုးမိုးစန်း(ဦးစီးအရာရှိ၊ပြည်ပဌာနခွဲ၊ သာ-ထွန်း-ပြန့်)၊ ဒေါက်တာစိုးစိုးစန်း (လ/ထကထိက၊ မြန်မာစာဌာန၊ အနောက်ပိုင်းတက္ကသိုလ်)၊ ဒေါက်တာမြသီတာ(လ/ထကထိက၊ ဇီဝနည်းပညာဌာန၊ နည်းပညာတက္ကသိုလ်၊ ကျောက်ဆည်)တို့၏မိခင်၊ မမေကောင်းဆုသွယ်(စ-နှစ်၊ စိုက်ပျိုးရေးတက္ကသိုလ်)၊ မမေသက်ဆုလင်း(ပ-နှစ်၊ ဓာတု၊ ရတနာပုံတက္ကသိုလ်)၊မခွန်းဆင့်မေ(ဒု-နှစ်၊ ပထဝီဝင်၊ ဒဂုံတက္ကသိုလ်)၊ မောင်နေလင်းအောင်သူ (Grade-9၊ သူရိန်နန်း)၊ မောင်ဉာဏ်လင်းထက်သူ(Grade-3၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၊ကမာရွတ်)တို့၏အဘွား၊ ဦးစန်းမောင်(လ/ထ ညွှန်မှူး၊ စက်မှု-၁၊ ငြိမ်း)၏ဇနီးသည် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌၂၈-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၈း၄၀နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၃ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဦး(ကျောင်းဆရာမ၊ငြိမ်း)

(ကျောက္ကာ၊ တောင်သာ)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ရေကူးရွာမတောင်ပိုင်းလမ်း၊ ကမ္ဘာအေး၊ အမှတ် ၆၁-Aနေ(ဦးစံဦး-ဒေါ်ပန်းခင်)တို့၏သမီး၊ (ဦးသူတော်-ဒေါ်ငွေသိုက်)တို့၏သမီးချွေးမ၊ (ဦးမင်းဆောင်)-ဒေါ်ဒေါင်းတင်(ဒေါင်းမင်းသစ်စက်)တို့၏ညီမ၊ (ဗိုလ်ကြီးထွန်းမောင်)-ဒေါ်ခင်လတ်၊ ဦးသောင်းညွန့်(အလုပ်ရုံမှူး၊စက်မှုအထက်တန်းကျောင်း၊ငြိမ်း)-ဒေါ်ခင်စု၊ ဦးတင်မောင်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) - ဒေါ်ခင်မြမြ (သူရိန်နန်း ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဒုတိယဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) - ဒေါက်တာကြူကြူဝင်း၊ ဦးကျော်ကျော်(အုပ်ချုပ်ရေးမှူး၊ သူရိန်နန်း)-ဒေါ်ခင်ဝင်းတင့်၊ ဦးနေလင်း(စိုက်/သု၊ ငြိမ်း) - ဒေါ်စန်းဝင်းကြည်(ဦးစီးအရာရှိ၊ မျိုးစေ့ဌာနခွဲ၊ ရုံးချုပ်)၊ (ဦးမင်းအောင်-ဒေါ်ဖြူ)၊ ဦးမင်းနေ(DGM, UNOG-Diesel)-ဒေါ်မြမြဆွေ(အလပြ၊ ငြိမ်း)တို့၏အစ်မ၊ တူ၊တူမ ၂၈ယောက်တို့၏အဒေါ်၊ ဦးစန်းမောင်(လ/ထ ညွှန်မှူး၊ စက်မှု-၁၊ ငြိမ်း)၏ဇနီးသည် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြင့်

သားရေပစ္စည်းစက်ရုံ

စက်မှု(၁)(ငြိမ်း)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၇၆နေ [ဦးထွန်းလွင်(ခ)ဦးနော်တင်-ဒေါ်သိန်းတင်]တို့၏သမီး၊ (ဦးစိုးလှိုင်-ဒေါ်သောင်းကြည်)တို့၏သမီးချွေးမ၊ ဦးစိန်ဝင်း(မြဝတီဘဏ်)၏ဇနီး၊ ဦးဝင်းရွှေ၏ညီမ၊ ဒေါ်မြင့်မြင့်အေး (ကစစ-၁၁၊ စက်မှုဝန်ကြီးဌာန)၊ ဦးမြင့်သိန်း(မီတာအလုပ်ရုံ၊ စက်မှု-၂၊ ငြိမ်း)၏အစ်မ၊ မအေးမြတ်မွန်(မြဝတီဘဏ်၊ ဂန္ဓမာ)၏မိခင်သည် ၂၇-၄-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ၁၂း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နာရိန်း(ခ)ဒေါ်ရီ(မတူပီ)

အသက်(၅၇)နှစ်

မတူပီမြို့နယ်၊ ငလိုင်ကျေးရွာနေ (Pa Reng Loem-Nu Pa Naw)တို့၏သမီး၊ (Pa An Cang)-Nu Ai Khoem, Pa Ti DawL- Nu Mary, (Nu Yung Tip)-Pa Thang Sai-Nu Rai Sueng-(Pa Ka Thui)၊ (Pa Ba Hoe)-Nu Yil Muem Nu Nu Cuai-Pa Va Sum, (Nu Nu Huai), Pa Pa Awi တို့၏ညီမ၊ မန်းကျော်နိုင်ဦး၊ ခင်လေးရီး(လူမှု-၃၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း)၊ ခင်မာရီ(ဌာနစိတ်မှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နေပြည်တော်)၊ မန်းကျော်နိုင်ထွေးတို့၏မိခင်၊ (ဦးပါမန်း)၏ဇနီးသည် ၂၇-၄-၂၀၁၃ရက် နံနက် ၈း၂၀နာရီတွင် အခန်း ၁၁၊လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်း၊ မရမ်းကုန်းမြို့နယ်နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံအသိပေးအကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစံလှဘော်

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် ၃၁နေ (ဦးဘခင်-ဒေါ်အေးမှင်)တို့၏သား၊ ဒေါ်ခင်ချို၏ခင်ပွန်း၊ ဦးစိန်ဝင်း၊ ဦးဝင်းမောင်-ဒေါ်မြတ်သူ၊ ဒေါ်မြင့်မြင့်သန်း၊ ဦးဉာဏ်လင်း-ဒေါ်ထင်မင်းထွေး၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်မေခင်၊ ဦးစိုင်းထင်ကျော် - ဒေါ်ဖြူဖြူသင်းတို့၏ဖခင်ကြီး၊ ဒေါ်ခင်ဆွေဦး၏ဘကြီး၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၇-၄-၂၀၁၃ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်အိပ်ပျော်ခြင်း

ဒေါ်လီယိုနီလီဂျိုက်(စ်)(ခ) မစ္စစ်အောင်မြင့်

အသက်(၉၁)နှစ်

[ဦးဗရန့်ခ်ဘင်ဂျီမင်လီဂျိုက်(စ်)-ဒေါ်မာဂရက်လူစီလီဂျိုက်(စ်)]တို့၏ သမီး၊ (ဦးစံဝင်း - ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ တိုက် B-၁၁၊ အခန်း ၃၀၁၊ ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာ၊ မင်းဓမ္မလမ်းနေ (ဗိုလ်မှူးအောင်မြင့်-ရေ)၏ဇနီး၊ ဦးဝင်းအောင်၊ ဦးအောင်မင်း၊ ဦးအောင်ဝင်း-ဒေါ်သီတာခင်၊ ဦးတက်မြင့်-ဒေါ်စပယ်မြင့်၊ (ဦးဝင်းကို)-ဒေါ်စန္ဒာမြင့်(ခ)ဘေဘီတို့၏မိခင်၊ ဦးသီရိန်မင်း-ဒေါ်အေးသန္တာထွန်း၊ ဦးဇာဏီမင်း-ဒေါ်သီတာအေး၊ ဦးအောင်မြင်သူ-ဒေါ်ချမ်းငြိမ်းကို၊ မောင်ရန်နိုင်မင်း၊ မရတနာမြင့်၊ မောင်ဖြိုးသက်ကို၊ မအင်ကြင်းလှိုင်၊ မောင်ကျော်ဝင်းတက်၊ မောင်ရန်မျိုးအောင်၊မခန့်ရူပါ၊ဦးလှမိုးအောင်၊မနီလာအောင်၊ မောင်အောင်ဇော်လတ်တို့၏အဘွား၊ မချစ်မြတ်နိုး၊ မောင်နေရာဇဦး၊ မောင်လတေဇမင်း၊ မသာယာမင်းတို့၏ ဘွားဘွားကြီးသည် ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၅း၄၈နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့)နံနက်၉နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ သီတဂူရေအလှူတော် ဒါယိကာမကြီး

ဒေါ်လှသန်း

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ဗညားဒလလမ်း၊ အမှတ် ၁၁၉နေ (ဦးသိမ်းထွန်း-ဒေါ်ကြိုင်)တို့၏တစ်ဦးတည်းသောသမီး၊ (ဦးစံထွား - ဒေါ်တင်)တို့၏သမီးချွေးမ၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း ၃၀၊ အမှတ် ၅၆၀နေ ဦးကြည်(တပ်မတော်-လေ၊ငြိမ်း)၏ဇနီး၊ ဦးသိဒ္ဓိ(ခ)ဦးသိန်းအောင်-ဒေါ်ခိုင်ခိုင်စိုး၊ ဦးလှဖုန်း - ဒေါ်ခင်ဌေးကြွယ်(ဆွေဟန်ကြိုင်-ရော်ဘာဆိုးပြားနှင့် ဖိနပ်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း ရောင်းဝယ်ရေး)၊ (ဦးထွန်းကြိုင်)တို့၏မိခင်၊ မောင်ရန်ပိုင်ဦး၊ မောင်ရန်ပိုင်အောင် (O.I.A.C, Grade-11)၊မဆုရတနာထက်(အထက-၂၊ တ/ဥ၊ Grade-8)၊ မောင်ဇင်မင်းထက်ပိုင်(အမက-၃၊ တ/ဥ၊ Grade-2)တို့၏အဘွားသည် ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၅း၁၀နာရီတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၃ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ် ၅၆၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးပညာ(ခ)ဦးချစ်ဖေ (MOGE၊ ငြိမ်း)

သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၁)ဝါ

ရန်ကုန်မြို့နေ (ဦးစံငွေ-ဒေါ်လှမြိုင်)တို့၏သား၊ (ဦးကျော်လှ)-ဒေါ်သန်းရွှေတို့၏ညီ၊ ဦးခင်လတ်-(ဒေါ်အေးမိ)၊ ဦးမောင်သောင်း-ဒေါ်ဌေးရီ၊ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးအောင်သိမ်း-ဒေါ်ထွေးရီ၊ (ဦးကောသလ္လ)တို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ကံသာလမ်း၊ အမှတ် ၈၀၃နေ ရဟန်းဒါယိကာမကြီးဒေါ်လှညွန့်၏ခင်ပွန်း၊ ဒေါ်ညွန့်ညွန့်ဝေ (မန်နေဂျာစီမံကိန်းဌာန၊ MEC)၊ ဦးနေဝင်း (ရေနံချက်စက်ရုံ၊ သန်လျင်)-ဒေါ်ယုယုနိုင်၊ ဦးကျော်ဇေလင်း(ပြည်တော်စိုးကုမ္ပဏီ)၊ ဒေါ်စမ်းမြင့်သင်း(လ/ထကထိက၊ မြန်မာစာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဦးကုသလတို့၏ဖခမည်းတော်၊ မအေးထက်ထက်ကျော်(ခ)ချစ်စု၏အဘိုးသည် ၂၇-၄-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် အင်းလျားရွာသစ်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၂၉-၄-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကမာရွတ်မြို့နယ်၊ အင်းလျားရွာသစ်ကျောင်းတိုက်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးသောင်းကြည်

ဒု-ဦးစီးမှူး(ငြိမ်း)၊ စက်မှု(၂)ဆည်မြောင်း၊ မိတ္ထီလာ

အသက်(၇၂)နှစ်

လယ်ဝေးမြို့၊ ကံလှရွာနေ (ဦးရွှေဒွန်း-ဒေါ်ခင်တုတ်)တို့၏သား၊ [ဒေါ်မြင့်(ခ)ဒေါ်တုတ်တုတ်]၏ခင်ပွန်း၊ မိတ္ထီလာမြို့၊ ဝန်ဇင်း(၂)ရပ်ကွက်နေ ဦးအောင်စိုးမိုး-ဒေါ်သန်းသန်းအေး၊ မကွေးမြို့၊ အမှတ်(၉၆၇)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ဆွယ်မှ အရာခံဗိုလ်သက်ခိုင်မိုး-ဒေါ်ရီရီချို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ Top Two ဓာတ်ပုံဆိုင်၊ ဦးမြတ်နိုင်မိုး-ဒေါ်အေးအေးမာတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၄၆နာရီတွင် မကွေးမြို့၊ အောင်စေတနာ(ခ)ရပ်ကွက်၊(၁)လမ်း၊ အမှတ် ၆၉၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင် မကွေးမြို့နေအိမ်မှ မကွေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်မောင်ညို

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ် ၄၃(ပထမထပ်)နေ (ဒေါ်သိန်းသိန်း)၏ခင်ပွန်း၊ ဦးမောင်မောင်ဇော် - ဒေါ်ဥမ္မာညို၊ ဦးကျော်စွာစိုးဝင်း - ဒေါ်ယင်းမာညို၊ ဒေါ်လဲ့မာညို၊ (ဗိုလ်ကြီးစိုင်းဖေယျာညို)တို့၏ဖခင်၊ မအိအိကျော်၊ မသိမ့်သဉ္ဇာ၊ မဝတ်ရည်ဇော်တို့၏အဘိုးသည် ၂၇-၄-၂၀၁၃ရက် (စနေနေ့) ည ၇း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၃ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးကျော်အုန်းမြင့်(ခ)

Michael Ohn Myint
(NEW YORK)

အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (အထောက်တော်ဦးအုန်းမြင့် - ယုဝတီဒေါ်စောလှမြင့် [အထက(၁)ဒဂုံ၊ငြိမ်း]တို့၏သား၊အမှတ် ၂၁၉၊ အောင်သုခလမ်း၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးညွန့်မောင်-ဒေါ်ရီရီမြင့်)တို့၏ သားသမက်၊ NEW YORK မြို့နေ ဒေါ်မူမူအေး၏ခင်ပွန်း၊ အမှတ် ၉/ဃ၊ နဝရတ်လမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးလွှမ်းမိုးမြင့်(ခ)သားချော-ဒေါ်ရင်မင်းတင်(ခ)ထရေစီ၊ နောင်လတ်မြင့်(ခ)သားလှ၊ [ဇင်သူမြင့်(ခ)သားလိမ္မာ]တို့၏ဖခင်၊ Adino၊ Shawn၊ Yuki တို့၏အဘိုးသည် NEW YORK မြို့ CALVARY Hospital ၌၂၆-၄-၂၀၁၃ရက် (သောကြာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း။

အောက်မေ့ဖွယ်ရာ ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်အား အမှတ်၉(ဃ)၊နဝရတ်လမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်နေအိမ်၌ ၄-၅-၂၀၁၃ရက် နံနက် ၉နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစုများ

ဒေါ်ခင်မာအေး

(LL.B)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊တိုက် ၈၊အခန်း ၂နှင့်ဒဂုံမြို့နယ်၊ ပန်တျာလမ်း၊တိုက်အမှတ်၄၂(A)၊အခန်းအမှတ် ၅(B)နေ ဦးထင်အောင်၏ဇနီး၊ (ဗိုလ်မှူးဘအေး၊ ငြိမ်း)-ဒေါ်အေးကြည်တို့၏သမီး၊ (ဦးကိုကိုကြီး-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ မောင်သုတအောင်(Enterprise Solutions Software & Service)၊ မခိုင်သဉ္ဇာအောင်တို့၏မိခင်၊ ဦးခင်မောင်အေး(C/E:Mariner Shipping)-ဒေါ်လဲ့လဲ့ဝင်းတို့၏ညီမ၊ ဦးခင်မောင်ဌေး (နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ဝေဝေမြ၊ ဒေါ်ခင်မာဌေး (S.A.T၊ အထက-၁၊ ဒဂုံ)၊ ဒေါ်ခင်မာလေး-ဦးဌေးဝင်း(ခေတ္တ-ဩစတြေးလျ)၊ဦးခင်မောင်လေးတို့၏အစ်မသည် ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဆန်းဆန်းထွေး

(B.Sc, M.Sc, B.Ed)

ယခင်အထက(၄)မော်လမြိုင်(SAT)

အထက(၄)ရွှေပြည်သာ(ငြိမ်း)

အသက်(၅၃)နှစ်

မော်လမြိုင်မြို့၊ထားဝယ်စု၊သိပ္ပံလမ်း၊ ဇမ္ဗူလစက်ဝင်း၊ အမှတ် ၂ (က)နေ (ဦးအောင်သန်း)-ဒေါ်ရင်စိန်တို့၏ သမီးထွေး၊ ရွှေပြည်သာမြို့နယ်၊ ၅/၅/၁၀၅(ခ)၊ ဗိုလ်ချုပ်လမ်း၊ ထန်းခြောက်ပင်နေ ဦးစောမောင်(အောင် TV)-ဒေါ်လှသင်တို့၏သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်၊ ၅/၆/၅၅(ခ)၊ စပယ် ၂လမ်းနေ ဦးဝင်းမောင်(အောင်TV)၏ဇနီး၊မော်လမြိုင်မြို့နေ ဦးသန့်ဇင်-ဒေါ်အေးသန်း၊ (ဦးအေးမင်း)-ဒေါ်အေးအေးဆန်း၊ ဦးညွန့်သိန်း-(ဒေါ်ဆန်းဆန်းနွယ်)၊ တောင်ငူမြို့နေ ဦးကျော်မြင့် - ဒေါ်ဆန်းဆန်းဝေတို့၏ညီမ၊ ကိုကျော်ကျော်၏အစ်မ၊ ဦးဝင်းဌေး-ဒေါ်မြတ်မြတ်မော်၊ ဦးအောင်နိုင်-ဒေါ်လဲ့လဲ့မော်၊ ဦးထွန်းထွန်းဝင်း-ဒေါ်တင်တင်မာစန်း၊ မဇင်မာလင်း၊ မဇင်မာသင်းတို့၏အစ်မကြီးသည်၂၇-၄-၂၀၁၃ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

အိမ်မဲ-ရန်ကုန်(လှိုင်သာယာ)လမ်းပိုင်း အမြန်ဆုံးပြီးစီးရေးဆောင်ရွက်သွားရန်လို

နေပြည်တော် ဧပြီ ၂၈

ရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် ၉၈ မိုင်ရှည်လျားပြီး ၂၀၁၁ ခုနှစ် မတ် ၂၀ ရက်တွင် ပုသိမ်(ဘဲဂရက်)-အိမ်မဲ လမ်းပိုင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ကာ ကျန်ရှိသည့်အိမ်မဲ-ရန်ကုန် (လှိုင်သာယာ) လမ်းပိုင်းကို အမြန်ဆုံးပြီးစီးရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ အဆိုပါဒေသရှိ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများကိုလည်း စရိတ်စကသက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အလေအလွင့်မရှိစေရန်၊ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ပုသိမ်-ရန်ကုန် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းအား ကြည့်ရှုစစ်ဆေးပြီး မှာကြားခဲ့သည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်မဲ-စကြော့-ညောင်တုန်း လမ်းပိုင်းရှိ စကြော့-ညောင်တုန်းကြားနှင့် စကြော့နှင့်ပန်းတနော်ကြား မြေသားတာပေါင်များခိုင်ခံ့စေရန်နှင့် မြေနိမ့်ကျွံမှုမရှိစေရန် (Sand Pile) ကျောက်နှင့် သဲများထည့်၍ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ညောင်တုန်း-ရန်ကုန်လမ်းပိုင်းရှိ ထန်းတပင်မြို့နယ် ပန်တိုင်ရွာအနီး မြေနိမ့်ကျွံမှုမရှိစေရေး မြေသားတာပေါင်များ ခိုင်ခံ့မာကျောမှုရှိစေရန်အတွက် ထုံး၊ သဲ၊ မြေကြီးရောစပ်၍ စက်ယန္တရားဖြင့် ပြုလုပ်နေမှု၊ လှိုင်သာယာဘူတာနှင့် ဘူတာယာဒ်ဝင်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြင်သစ်က မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမည်

အာကာဟိန်း-ရေးသည်

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတကာနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံနေသော မြန်မာနိုင်ငံအား နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများက လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိရာ ပြင်သစ်နိုင်ငံကလည်း မွေးမြူရေး လုပ်ငန်းများ၌ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အစီအစဉ်များ ရှိကြောင်း သိရသည်။

ပြင်သစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ မွေးမြူရေး လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာများပံ့ပိုးကူညီပေးရန်လည်း အစီအစဉ်ရှိသည်။

ဆွေးနွေး

ပြင်သစ်နိုင်ငံမှ စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဆာရာလူဘတ်သည် ရန်ကုန်မြို့၌ ဧပြီ ၂၂ ရက်က မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့ပြီး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့နိုင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ပြင်သစ်နိုင်ငံမှ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာ တာဝန်ရှိသူများသည် ယခုနှစ် လာမည့် နိုဝင်ဘာလ၌ မြန်မာနိုင်ငံသို့ လာရောက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်ရှိသည်။

မြန်မာနှင့် ပြင်သစ်နှစ်နိုင်ငံတို့၏ ၂၀၁၂ ခုနှစ် ကုန်သွယ်မှုအနေအထားမှာ ပြင်သစ်မှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၄၈ သန်း ရှိခဲ့သည်။ ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအထိ အမေရိကန်ဒေါ်လာ ၄၆၉ သန်းခန့်ရှိသည်။

(ဆင်ဟွာ)

မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ပြေးဆွဲလျက်ရှိသော ကူးတို့လမ်း ငွေကျပ် ၁၀၀ နှုန်းပြောင်းလဲကောက်ခံ

သတင်းနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ပြေးဆွဲလျက်ရှိသော ကူးတို့လမ်းအသီးသီး၏ ခရီးသည်ခနှုန်းထားများကို ဧပြီ ၂၈ ရက်မှစ၍ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၅၀ မှ ၁၀၀ နှုန်းသို့ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးသည်က ကောက်ခံပြောင်းလဲမှုနှင့်ပတ်သက်၍ မြန်မာ့အလင်းသတင်းအဖွဲ့ ပန်းဆိုးတန်းဆိပ်ကမ်းမှ တာဝန်ရှိသူတစ်ဦးကို တွေ့ဆုံမေးမြန်းရာ "ယခင်ကတည်းက ခရီးသည်တစ်ဦးကို ငွေကျပ် ၁၀၀ နှုန်း ကောက်ခံသွားမယ်ဆိုတာ ကြေညာထားပါတယ်။ ယခုဧပြီ ၂၈ ရက် နံနက်ကစ၍ ခရီးသည်တစ်ဦးကို ငွေကျပ် ၁၀၀ ကောက်ခံသွားပြီး နိုင်ငံခြားသားတစ်ဦးကို အသွား နှစ်ဒေါ်လာ၊ အပြန်နှစ်ဒေါ်လာ ကောက်ခံသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ရုံးပိတ်ရက်ဖြစ်တော့ ခရီးသည်သွားလာမှု နည်းပါးတာ တွေ့ရပါတယ်။ ရုံးဖွင့်ရက်ဆိုရင်တော့ ခရီးသည်သွားလာမှုကို ကြည့်နေရမှာပါ။ ကျွန်တော်တို့ နေ့စဉ် ၄၆ ခေါက်ပြေးဆွဲပြီး ပန်းဆိုးတန်းဆိပ်ကမ်းမှ နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲ၊ ဒလဆိပ်ကမ်းမှ နံနက် ၅ နာရီခွဲမှ

စာမျက်နှာ ၇ ကော်လံ ၄ ❐

ပန်းဆိုးတန်း-ဒလပြေးဆွဲလျက်ရှိသော ခရီးသည်ရေယာဉ်ကို တွေ့ရစဉ်။

ယနေ့ မာတိကာ

စူးအက်ဇ်တူးမြောင်းအနီး စီးပွားရေးဇုန်တရုတ် တည်ဆောက်မည် စာ - ၄

အလှအတွက် ခွဲစိတ်မှု တစ်နှစ်အတွင်း ဦးရေ ၁၅ သန်းခန့်ရှိ စာ - ၅

အပျော်လွန်သကြံန်မပေါ်ရုံတမယ်
ယဉ်ကျေးမှုနှင့်အမျိုးသားဂုဏ်သိက္ခာ
ဆောင်းပါး စာ - ၆

၂၀၁၃ ခုနှစ် မေလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက် စာ - ၁၀

စပါးနည်းပြ ရီးရဲ မက်ဒရစ်၏ ကမ်းလှမ်းမှုကို ငြင်းဆို စာ - ၁၄

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။